# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 3 February 2022 ၁၀၆၃၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် အမှာစကား ပြောကြားစဉ်။

# ပြည်ပနိုင်ငံများသို့ ပို့ကုန်များ ယခုထက်ပိုမိုတင်ပို့နိုင်ရန်လိုအပ်ပြီး သယံဇာတပစ္စည်းများ တင်ပို့ရောင်းချခြင်းထက် စိုက်ပျိုး မွေးမြူရေးထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရေး အားပေးဆောင်ရွက်

## အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများ တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် ပြည်ပဝင်ငွေ များစွာရရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၂)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကိုဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

**ယနေ့** ဖတ်စရာ



ပုံဖော်ကြည့်မိ၊ တွေးမိ အနာဂတ် ဒီမိုကရေစီ

စာမျက်နှာ » ၈

တစ်အူထုံ့ဆင်း စိတ်ရင်းပင်လုံ လွှမ်းခြုံထားနိုင်ပါမှ

စာမျက်နှာ » ၁၂

ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် ၁၄၃ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၅၃ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၂၂

ကြေးမုံ

# စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

ကိုလိုနီခေတ်၌လည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၌ လည်းကောင်း၊ လွတ်လပ်ရေးရပြီးကာလ၌ လည်းကောင်း၊ မျက်မှောက်ကာလ၌ လည်းကောင်း စည်းလုံးညီညွတ်မှုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆင်ခြင် ထောက်ရှုကြည့်လျှင် မြန်မာတို့စိတ်ထားနှင့် လုပ်ကိုင်ဆောင်ရွက်မှုများမှာ အဓိက ကျနေသည်ကို တွေ့ရသည်။

စိတ်ပိုင်းဆိုင်ရာတွင် ငါတို့သည် လူမျိုးအရဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုအရ ဖြစ်စေ၊ အတွေးအခေါ်အယူအဆ ခံယူချက်အရဖြစ်စေ မည်သို့ပင်မတူကွဲပြားခြားနား ကြသော်ငြားလည်း ငါ့နိုင်ငံတော်၊ ငါ့လူမျိုးအတွက်ဆိုလျှင် တစ်စိတ်တစ်ဝမ်းတည်း ဆောင်ရွက်မည်ဟူသောစိတ်ထား အားနည်းနေသည်။ သမိုင်းသင်ခန်းစာကိုယူ၍ ပိုမိုကောင်းမွန်သော အလေ့အထကောင်းများကို လက်ဆင့်ကမ်းမျှဝေဆောင်ရွက် ခြင်းတို့၌ အားနည်းနေသည်။ မြန်မာတို့အနေဖြင့် အားသာချက်များရှိသလို အားနည်း ချက်များရှိသည့်အနက် အဓိကမှာ စည်းလုံးညီညွတ်မှုပင်ဖြစ်သည်။

မိမိနိုင်ငံအတွက် စည်းလုံးကြမည်။ ညီညွတ်ကြမည်ဟူသော စိတ်ဓာတ်နှင့် ခံယူချက်သည် ကမ္ဘာကိုပင် ကိုင်လှုပ်နိုင်သည့် စွမ်းအားပမာဏရှိခဲ့ကြောင်းကို ကမ္ဘာ့ နိုင်ငံများသမိုင်းတွင် လေ့လာနိုင်ပါသည်။ နိုင်ငံပမာဏငယ်သော်လည်း ဒုတိယ ကမ္ဘာစစ်နှင့်နောက်ပိုင်းကာလတွင် အင်အားကြီးနိုင်ငံဖြစ်ခဲ့သည့် ဗြိတိန်နှင့် ဂျပန် နိုင်ငံတို့၏ နိုင်ငံသားများစိတ်ဓာတ်ကိုကြည့်လျှင် သိမြင်နိုင်မည်ဖြစ်သည်။

ဗြိတိန်နှင့် ဂျပန်နိုင်ငံအကျယ်အဝန်းမှာ မြန်မာနိုင်ငံ၏ တစ်ဝက်ကျော်မျှသာ ရှိသော်လည်း လူဦးရေမှာ မြန်မာနိုင်ငံထက် အဆပေါင်းများစွာရှိပေသည်။ မြန်မာ နိုင်ငံသည် လူဦးရေနှင့်လိုက်လျောညီထွေရှိ၍ ချောင်ချောင်လည်လည်ရှိပြီး လူဦးရေ ပြဿနာ၊ စားဝတ်နေရေးပြဿနာမရှိခြင်းသည် ကောင်းသည့်အချက်များဖြစ်သော် လည်း ညီညွတ်ရေးတွင် အားနည်းသည်။ ဗြိတိန်နှင့်ဂျပန်နိုင်ငံကဲ့သို့ လူဦးရေနှင့်မမျှ ကျဉ်းမြောင်းသည့်တိုင်းပြည်၌ မိမိနိုင်ငံတိုးတက်ရေး၊ မိမိလူမျိုးကောင်းစားရေး အတွက် တစည်းတလုံးတည်း ပြင်းထန်စွာကြိုးပမ်းအားထုတ်ကြရာ ကမ္ဘာကိုပင် ကိုင်လှုပ်ခဲ့သောနိုင်ငံများဖြစ်ခဲ့သည်။

အာရှတိုက်ရှိ နိုင်ငံများတွင် မြန်မာနိုင်ငံသည် ဗြိတိသျှအင်ပါယာအတွင်းသို့ နောက်ဆုံးသွတ်သွင်းခြင်းခံရသည့် နိုင်ငံဖြစ်ခဲ့သော်လည်း အမျိုးသားခေါင်းဆောင် ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အမျိုးသားခေါင်းဆောင်များ၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသူများက အသက်သွေးချွေးပေးဆပ်၍ အပြင်းအထန်ကြိုးပမ်း အားထုတ် နိုင်သောကြောင့် ဗြိတိသျှအင်ပါယာအတွင်းမှ ပထမဆုံးထွက်ခွာခွင့်ရသည့် နိုင်ငံ ဖြစ်လာခဲ့သည်။ ဤသည်မှာ စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံ့လွတ်လပ်ရေးရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု၏ နောက်ဆုံးအဆင့်ဖြစ်သည့် ၁၉၄၅ – ၁၉၄၈ ကာလများသည် မြန်မာနိုင်ငံတော်အတွက် အရေးကြီးဆုံးကာလများဖြစ်သည်။ ယင်းကာလများအတွင်း ပြည်သူတို့၏ ထောက်ခံအားပေးမှုများကိုရယူ၍ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ်က ပရိယာယ်ကြွယ်ဝလှသည့် ဗြိတိသျှတို့အပေါ် ငြိမ်းချမ်းသောနည်းဖြင့် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူး နိုင်ခဲ့သည့် နှလုံးရည်တိုက်ပွဲ ဆင်နွှဲနိုင်မှုများကို ယနေ့မျက်မှောက်ပြည်သူများ တန်ဖိုးထားရမည့် အားမာန်များဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံမြေတွင် နိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် တောင်ပေါ်မြေပြန့် မကွဲပြားဘဲ စည်းလုံးညီညွတ်မှု သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သောကြောင့် ယနေ့ထက် တိုင်လွတ်လပ်ပြီး အချုပ် အခြာအာဏာပိုင်သည့်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်လျက်ရှိနေပေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံမြေတွင် စိုက်ထူခဲ့ သည့် စည်းလုံးညီညွတ်မှုအခြေခံအုတ်မြစ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက် ရမည့် တွန်းအားများဖြစ်ပေသည်။

ပင်လုံမြေတွင် စည်းလုံးညီညွတ်မှု အခြေခံအုတ်မြစ်ကို အခိုင်အမာစိုက်ထူပြီး နိုင်ငံလွတ်လပ်ပြီဆိုရုံမျှဖြင့် ကျေနပ်မနေသင့်ပေ။ ပေ့ါပေ့ါတန်တန်မနေသင့်ပေ။ လွတ်လပ်သော နိုင်ငံတော်ကြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင်၊ သူတစ်ပါးနိုင်ငံ နောက်မကျန်ရစ်စေဘဲ တန်းတူဖွံ့ဖြိုးတိုးတက်နိုင်အောင် တိုင်းရင်းသားပြည်သူ အားလုံး အချင်းချင်းသွေးမကွဲဘဲ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုး တိုးတက်လာအောင်၊ မိမိလူမျိုးနိုင်ငံတိုးတက်ကြီးပွားအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နှစ်ပေါင်း ၇၅ နှစ် စိန်ရတုကာလသို့ ရောက်ရှိလာပြီဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်စွာဖြင့် လက်တွဲကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## ရေဦးမြို့၌ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် အသိပညာပေး သင်တန်းဖွင့်လှစ်

ရေဦး ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကောင်းမွန်သော ငါးမွေးမြူခြင်းဆိုင်ရာ နည်းပညာများ ပြန့်ပွားလာစေရန် ရည်ရွယ်၍ ဇန်နဝါရီ ၃၀ ရက်တွင် ရေဦးမြို့နယ် အောင်သာကျေးရွာရှိ ငါးမွေးမြူသူနေအိမ်၌ အောင်သာကျေးရွာရှိ ငါးမွေးမြူသူများနှင့် ရေလုပ်သားများပါဝင်သည့် ကျေးရွာသူ ကျေးရွာသား ၂၅ ဦးအား “ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် အသိပညာပေးသင်တန်း” ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။



အဆိုပါသင်တန်း၌ ရေဦးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်နိုင်က ပညာပေးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းခြင်းနှင့် လက်ထောက်ဦးစီးမှူး ဦးချမ်းအေးသူက ငါးမွေးမြူရာ၌ ကောင်းမွန်သောမွေးမြူရေးနည်းစနစ်များ သိရှိနားလည်လာစေရေး အသိပညာပေးရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြပြီး တက်ရောက်လာကြသည့် သင်တန်းသားများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂ - ၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၁၆၆ | ၁,၃၂၈,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၂,၈၃၉ | ၈,၃၇၅,၀၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၈၀ | ၂၀၈,၀၀၀ |
| EFR | ၂,၈၀၀ | ၂,၈၀၀ | ၄၅ | ၁၂၆,၀၀၀ |
| AMATA | ၅,၄၀၀ | ၅,၄၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၀၇.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၅၆၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၈၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၂၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၇.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၈.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၂.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၈၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်း၌ ချည်ချောများအဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းမှုများ လျော့ကျသွားမည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်နှင့် ပြည်တွင်း အထည်ချုပ်လုပ်ငန်းကို များစွာအထောက်အကူပြုမည်

❒ ရွှေဖုံးမှ

ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာ ဒေါ်သက်သက်ခိုင်၊ ဒေါက်တာငွေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြသည်။

**အထိုက်အလျောက်သာ တိုးတက်မှုရရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာ၌ ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မိမိတို့အစိုးရတာဝန်ယူ ဆောင်ရွက်မှုမှာ ၈ လတာကာလရှိခဲ့ပြီး ယခင်အစိုးရမှ တာဝန်ယူဆောင်ရွက်မှု ၄ လတာကာလ ရှိခဲ့ကြောင်း၊ မိမိတို့ တာဝန်ယူပြီးချိန်နောက်ပိုင်း နိုင်ငံရေးအခြေအနေများကြောင့် နိုင်ငံ၏စီးပွားရေး၊ လုံခြုံရေးအခြေအနေများတွင် အထိုက်အလျောက်သာ တိုးတက်မှုရရှိခဲ့ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ သယ်ယူပို့ဆောင်ရေး၊ ထုတ်လုပ်မှုအတွက် လိုအပ်သည့် ကုန်ကြမ်းရရှိရေး၊ သွင်းအားစုများရရှိရေး လိုအပ်ပြီး အပြည့်အဝဆောင်ရွက်နိုင်မှု အားနည်းခဲ့သကဲ့သို့ နိုင်ငံရေးအရ ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်သမားများမှ အကြမ်းဖက်လုယက်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များအထိ အဆင့်ဆင့်လုပ်ဆောင်လာခဲ့သဖြင့် လုံခြုံရေးအဖွဲ့အစည်းများက ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်၍လည်း တပ်မတော်အနေဖြင့် ထိရောက်စွာ ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းများ ရှိကြောင်း၊ အဆိုပါထိန်းသိမ်းဆောင်ရွက်သည့် ဖြစ်စဉ်များအတွင်း အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံတော်လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ ထိခိုက်သေကျေ ဒဏ်ရာရရှိခဲ့ရမှုများအတွက်လည်း မိမိအနေဖြင့် စိတ်မကောင်းဖြစ်ရပါကြောင်း၊ အဆိုပါဖြစ်စဉ်များကြောင့် နိုင်ငံ၏စီးပွားရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှု အားနည်းခဲ့ပါကြောင်း။

တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း ဝေဖန်တိုက်ခိုက်မှုများ၊ ဆူပူမှုများကြားမှ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်တိုဘာလအထိ ယာယီစာရင်းအရ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၆၇၇ သန်းရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုလာမည့် ဘဏ္ဍာရေးနှစ်အတွင်းတွင်လည်း ကုန်သွယ်မှုပိုငွေများ ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံ၏ကုန်သွယ်မှုပိုငွေများ အတိုင်းအတာတစ်ခုအထိ တိုးတက်လာသဖြင့် အောင်မြင်မှုတစ်ခုဖြစ်ပြီး ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများသို့ ပို့ကုန်များ ယခုထက်ပိုမိုတင်ပို့နိုင်ရန် လိုအပ်ပြီး သယံဇာတပစ္စည်းများ တင်ပို့ရောင်းချခြင်းထက် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရာတွင် လူအင်အားကို အသုံးချဆောင်ရွက်ရခြင်းဖြစ်သဖြင့်

> ❍ **ဆန်၊ ပဲ၊ ပြောင်းနှင့် မွေးမြူရေးထုတ်ကုန်များသည် မိမိတို့ပြည်သူများ၏ ၇၀ ရာခိုင်နှုန်းခန့်မှ ဆောင်ရွက်နေသည့် အဓိကစီးပွားရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပင်ဖြစ်**
>
> ❍ **ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ အဓိကကျသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများကို တန်ဖိုးမြင့် ထုတ်ကုန်၊ အရည်အသွေးမြင့် ထုတ်ကုန်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လို**
>
> ❍ **မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ် အကျပ်အတည်းကာလအတွင်း၌ပင် တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခြေအနေ တည်ငြိမ်ကောင်းမွန်သည့် အချိန်ကာလတွင် ပို့ကုန်များကို ပိုမိုတင်ပို့နိုင်မည်ဟု ယုံကြည်**

နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ယခုထက် ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

**ထုတ်ကုန်များစွာတင်ပို့နိုင်**

ပြည်ပပို့ကုန်များနှင့်ပတ်သက်၍ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို များစွာတင်ပို့နိုင်ကြောင်း၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများ တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် ပြည်ပဝင်ငွေများစွာရရှိမည်ဖြစ်ကြောင်း၊ ဆန်၊ ပဲ၊ ပြောင်းနှင့် မွေးမြူရေးထုတ်ကုန်များသည် မိမိတို့ပြည်သူများ၏ ၇၀ ရာခိုင်နှုန်းခန့်မှ ဆောင်ရွက်နေသည့် အဓိကစီးပွားရေး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ အဓိကကျသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများကို တန်ဖိုးမြင့် ထုတ်ကုန်၊ အရည်အသွေးမြင့်ထုတ်ကုန်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ် အကျပ်အတည်းကာလအတွင်း၌ပင် တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခြေအနေ တည်ငြိမ်ကောင်းမွန်သည့် အချိန်ကာလတွင် ပို့ကုန်များကို ပိုမိုတင်ပို့နိုင်မည်ဟု ယုံကြည်ကြောင်း။

ပြည်ပပို့ကုန်များတွင် ပါဝင်သည့် ဝါဂွမ်းစိုက်ပျိုးရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ တွက်ချက်မှုအရ မိမိတို့နိုင်ငံ၏ ဝါဂွမ်းစိုက်ပျိုးမှုသည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်မှုရှိသည်ဟု သိရှိရကြောင်း၊ သို့ရာတွင် ၂၀၂၁ ခုနှစ်အတွင်း ချည်ထည်နှင့် ဆက်စပ်ပစ္စည်းမျိုးစုံ ပြည်ပမှ အမေရိကန်ဒေါ်လာ ၁၂၈၀ ဒသမ ၁၅၂ သန်းဖိုး တင်သွင်းခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဝါဂွမ်းများ တင်ပို့ရာတွင် ထိုက်သင့်သည့်အခွန်အခများ ပေးရသကဲ့သို့ မိမိတို့နိုင်ငံရှိ အထည်ချုပ်စက်ရုံများအတွက် လိုအပ်သည့် ချည်ထည်များ တင်သွင်းရာတွင်လည်း ဈေးနှုန်းကြီးမြင့်စွာပေး၍ ဝယ်ယူနေရကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်း၌ ချည်ချောများအဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းမှုများ လျော့ကျသွားမည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်နှင့် ပြည်တွင်း အထည်ချုပ်လုပ်ငန်းကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပထမဦးစားပေးအနေဖြင့် ပြည်တွင်းအဝတ်အထည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး ဆက်လက်၍ အထည်ချုပ်လုပ်ငန်းများမှ ပြည်ပနိုင်ငံများသို့ ပို့ကုန်များ တင်ပို့နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ပြည်တွင်းရက်ကန်းလုပ်ငန်းများကို အဆင့်မြှင့်တင်ပြီး အရည်သွေးပြည့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါ နှစ်မျိုး စိုက်ပျိုးပြီး အများအားဖြင့် ချည်မျှင်ရှည်ဝါကို စိုက်ပျိုးကြကြောင်း၊ ဝါနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် အီဂျစ်၊ တူရကီ၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှာ ထင်ရှားသည့် နိုင်ငံများဖြစ်ပြီး ဗဟိုအာရှနိုင်ငံများတွင်လည်း ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ အောင်မြင်သည့် နိုင်ငံများလည်းရှိကြောင်း၊ ဝါမျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် ချည်မျှင်ရှည်ဝါထုတ်လုပ်ရေးလုပ်ငန်းများအတွက် အဆိုပါနိုင်ငံများရှိ ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှုအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

**ထိရောက်စွာအသုံးချ**

ရေသုံးစွဲမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ရေကို စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် လူများသုံးစွဲမှုဟူ၍ သုံးမျိုးရှိကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း ရာသီဥတုကောင်းမွန်ပြီး မိုးကောင်းစွာရွာသွန်းခဲ့မှုကြောင့် နိုင်ငံတစ်ဝန်းရှိ ဆည်များအတွင်း ရေဝင်ရောက်မှုကောင်းမွန်၍ ရေလုံလောက်စွာ ရရှိခဲ့ကြောင်း၊ သို့သော် အဆိုပါဆည်များမှ ရေများကို ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများရှိကြောင်း၊ ဆည်များရှိရေများအား ရေအားလျှပ်စစ်ဓာတ်အား သုံးစွဲမှုတစ်ခုတည်းကိုသာမက စိုက်ပျိုးရေးလုပ်ငန်းများတွင်ပါ ထိရောက်စွာ အသုံးချရန် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့်ပတ်သက်၍ LNG ဈေးနှုန်းများ အဆမတန်ကြီးမြင့်ခြင်းနှင့် သဘာဝဓာတ်ငွေ့များ လုံလောက်စွာ ရရှိမှုမရှိခြင်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်များ ပြုပြင်ရခြင်းများကြောင့် လျှပ်စစ်ထုတ်လုပ်ရေးအတွက် အခက်အခဲများ ဖြစ်ပေါ်ခဲ့သကဲ့သို့ မဟာလျှပ်စစ်ဓာတ်အားလိုင်းများကို အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးခြင်းများရှိခဲ့ကြောင်း၊ ထို့ကြောင့် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးအတွက် ဆည်များအတွင်း သိုလှောင်ထားသည့် ရေများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ရခြင်းများရှိကြောင်း၊ အဓိကအားဖြင့် ရေကို စနစ်တကျဖြင့် အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုရာတွင်လည်း အဟောသိကံ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ရေသုံးစွဲမှုကိုစနစ်တကျဖြင့် ထိရောက်စွာအသုံးချရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မြစ်ရေတင်နှင့် ဆည်ရေသောက်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသည့် လယ်ယာမြေများစွာရှိပြီး အဆိုပါလယ်ယာမြေများတွင် ရေစနစ်တကျသုံးစွဲရေးအတွက် ပညာပေးခြင်းများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခုအခါ ကမ္ဘာပေါ်တွင် ရေချို့ရှားပါးလျက်ရှိသည့် နိုင်ငံများစွာရှိကြောင်း၊ ရေဝတီမြစ်ရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည့် ပင်လယ်အတွင်းသို့ ရောက်ရှိသွားပြီး ၂၀ ရာခိုင်နှုန်းကိုသာ အကျိုးရှိစွာ အသုံးချနိုင်သည်ကို ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ချက်အရ လေ့လာသိရှိရကြောင်း၊ အစ္စရေးနိုင်ငံသည် ရေချို့ရှားပါးသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု၌ ကမ္ဘာပေါ်တွင် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှုနှုန်း အမြင့်ဆုံးနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝရေအရင်းအမြစ်များ ပေါများစွာရှိသဖြင့် အဆိုပါရေအရင်းမြစ်များအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး တာဝန်ရှိသည့် ဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း။

**စာမျက်နှာ ၄ သို့** ❒

> ❍ **ပထမ ဦးစားပေးအနေဖြင့် ပြည်တွင်းအဝတ်အထည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး ဆက်လက်၍ အထည်ချုပ်လုပ်ငန်းများမှ ပြည်ပနိုင်ငံများသို့ ပို့ကုန်များ တင်ပို့နိုင်ရန်လို**
>
> ❍ **ထို့ကြောင့် ပြည်တွင်းရက်ကန်း လုပ်ငန်းများကို အဆင့်မြှင့်တင်ပြီး အရည်သွေးပြည့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်လို**
>
> ❍ **ဝါနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် အီဂျစ်၊ တူရကီ၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှာ ထင်ရှားသည့်နိုင်ငံများဖြစ်ပြီး ဗဟိုအာရှနိုင်ငံများတွင်လည်း ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ အောင်မြင်သည့် နိုင်ငံများလည်းရှိ**
>
> ❍ **ဝါမျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ချည်မျှင်ရှည်ဝါထုတ်လုပ်ရေး လုပ်ငန်းများအတွက် အဆိုပါနိုင်ငံများရှိ ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှုအတွက် များစွာအကျိုးရှိမည်**

- လက်ရှိအခြေအနေတွင် ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်မှု၊ ပို့ဆောင်ရေးစရိတ်ကြီးမြင့်မှုနှင့် ကုန်ကြမ်းဈေးနှုန်း မြင့်မားမှုတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိ
- ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန်လို
- ကုန်ဈေးနှုန်းကြီးမြင့်မှု၏ အဓိကအချက်အားဖြင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များပြားခြင်းကြောင့်ဖြစ်သဖြင့် အများပြည်သူ ပို့ဆောင်ရေးစနစ် ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်လို
- ယင်းစနစ် ကောင်းမွန်ရန် ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံခြားငွေဖြင့် ဝယ်ယူသုံးစွဲနေရသည့် စက်သုံးဆီသုံးစွဲမှုကို ထိထိရောက်ရောက် လျှော့ချနိုင်မည်
- ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် ကုန်ကြမ်းများ လုံလုံလောက်လောက် ရရှိနိုင်ရေးနှင့် ဈေးကွက်အတွင်း ဝယ်လိုအားကို ကာမိသည်အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရန်လို
- ပြည်တွင်းထုတ်လုပ်မှုကို အားပေးမှသာ ကုန်ဈေးနှုန်း ကျဆင်းလာမည်ဖြစ်ပြီး ငွေကြေးခိုင်မာမှု ရရှိလာမည်

❐ စာမျက်နှာ ၃ မှ

လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်အသုံးပြု၍ မြစ်ရေတင်စီမံကိန်းများ ဖော်ဆောင်ပေးရန်လိုကြောင်း၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများဖြင့်လည်း ဆောင်ရွက်၍ရကြောင်း၊ မြစ်ရေတင်စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက အညာဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပေးရန် လိုအပ်သဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်ရန်ရှိသည်များကို ရဲရဲတင်းတင်းဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်တင်ပို့ရောင်းချခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းပြီး ဈေးကွက်သို့ အဆက်မပြတ်တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်နေရန် လိုကြောင်း။

**ရေသုံးစွဲမှုနှင့်ပတ်သက်၍**

လူတစ်ဦးရေသုံးစွဲမှုအနေဖြင့် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ရေဂါလန် ၅၀ ခန့် သုံးစွဲသည်ကို တွေ့ရှိရကြောင်း၊ အချို့နိုင်ငံများတွင် ရေသုံးစွဲမှုနှင့်ပတ်သက်၍ ကန့်သတ်ထိန်းချုပ်ထားကြောင်း၊ ရေသုံးစွဲမှုနှင့်ပတ်သက်၍ ပြည်သူများကို အသိပညာပေးမှုများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ ဇီဝဖြစ်စဉ်အရ တိရစ္ဆာန်များအတွက်လည်း ရေများလိုအပ်သည့်အတွက် မွေးမြူရေးလုပ်ငန်းများတွင် ကောင်းမွန်သည့်ရေများ ရရှိရန်လိုကြောင်း၊ ရေကို အကျိုးရှိစွာဖြင့် စနစ်တကျဖြင့် အသုံးချရန် လိုကြောင်း။

လျှပ်စစ်မီးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ရရှိရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်နိုင်ရန် လိုအပ်သကဲ့သို့ ချွေတာသုံးစွဲရန်လည်း လိုအပ်ကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးသည် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းတွင်ပါဝင်ကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝ၊ စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ခြင်းနှင့် Public Transportation လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ လျှပ်စစ်မီးသုံးစွဲမှုနှင့် ရေသုံးစွဲမှုချွေတာနိုင်ရေးအတွက် ပြည်သူများကို အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကို ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း မှာကြားသည်။

**ရည်မှန်းချက် ၃ ခု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် “ဒီနှစ် ၂၀၂၂ ခုနှစ်ဟာ ကျွန်တော်တို့အတွက် စိန်ခေါ်တဲ့ နှစ်တစ်နှစ်လည်း ဖြစ်လာနေပြီ။ ဘာလို့ဆိုတော့ ဒီစီးပွားရေးကို ပြန်ပြီးတော့ မတ်လာအောင် လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့အပေါ်မှာ ပြည်သူက ယုံကြည်မှုရှိလာမယ်။ ကျွန်တော့်ရဲ့ ရည်မှန်းချက် ၃ ခုရှိပါတယ်။ တစ်အချက်ကတော့ တိုင်းပြည်စီးပွားရေးကို ကျွန်တော် ရအောင်ဆွဲတင်မယ် ပြောထားတယ်။ ပြီးခဲ့တဲ့နှစ် အတွေ့အကြုံအရ ကျွန်တော်တို့ မလုပ်နိုင်စရာ အကြောင်းမရှိဘူး။ ၂၀၂၂ ခုနှစ်မှာ စီးပွားရေး အားကောင်းအောင် ကျွန်တော်တို့ တိုးတက်အောင် လုပ်မယ်။ ပြီးရင် ဒုတိယကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံရေး၊ ရှေ့လုပ်ငန်းစဉ်မှာ ဖော်ပြထားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းရပ်တွေမှာ ကျွန်တော်တို့ရတဲ့ လမ်းကြောင်းတွေမှာ ကျွန်တော်တို့ အကုန်လုပ်မှာ။ အဲဒီနှစ်ခု နိုင်ငံရေးကလည်း ကောင်းနေတယ်၊ စီးပွားရေးကလည်း အားကောင်းလာပြီဆိုရင် ဒီဘက်က နိုင်ငံတော်ကာကွယ်ရေးအတွက်ကို အားလုံးပါဝင်တဲ့ ကာကွယ်ရေးစနစ်ကို နောင်ကျွန်တော်တို့ သွားရမယ်။ အားလုံးပါဝင်တဲ့။ ဥပမာ-ကျွန်တော်တို့ဆီမှာ အမျိုးသားစစ်မှုထမ်းဥပဒေ မကျင့်သုံးရသေးဘူး။ နိုင်ငံသားတိုင်းဟာ စစ်မှုထမ်းဖို့ တာဝန်ရှိတယ်။ အမျိုးသားစစ်မှုထမ်းဥပဒေ ကျွန်တော်တို့ မကျင့်သုံးရတာ ဘာဖြစ်လို့လဲဆိုတော့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေရှိလို့ ကျွန်တော်တို့ လုပ်လို့မရဘူး။ ခုနကပြောတဲ့ တစ်ရယ်၊ နှစ်ရယ် ကျွန်တော်တို့က ကောင်းကောင်းထိန်းနိုင်ပြီ၊ လုပ်နိုင်ပြီ၊ လက်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ရှိပြီဆိုလို့ရှိရင် တတိယဖြစ်တဲ့ ကာကွယ်ရေးစွမ်းပကားတွေကို ရအောင် ကျွန်တော်တို့က မြှင့်တင်ရမယ်။ အဲဒီမှာ အမျိုးသားစစ်မှုထမ်းဥပဒေအရ နိုင်ငံသားတွေ စစ်မှုထမ်းရမယ်။ ၂ နှစ်တန်သည်၊ ၃ နှစ်တန်သည်၊ ဒါသူ့ရဲ့ သတ်မှတ်ထားတဲ့ဟာအတိုင်း စစ်မှုထမ်းရမယ်။ တစ်နှစ်လည်း ဖြစ်ရင်ဖြစ်မယ်၊ တစ်နှစ်ခွဲလည်း ဖြစ်ရင်ဖြစ်မှာပေါ့။ အခြေအနေအပေါ် မူတည်ပြီးတော့၊ တိုင်းပြည်ရဲ့ အခြေအနေပေါ်မူတည်ပြီးတော့ လုပ်ရမှာ။ ဒါက လုပ်ရမှာ၊ မလုပ်လို့မရဘူး။ ကာကွယ်ရေးစွမ်းအားမကောင်းရင်တော့ ကျွန်တော်တို့ ခံသွားရမှာပေါ့။ သူများက ဖင်ပုတ်၊ ခေါင်းပုတ် လာလုပ်သွားမှာပေါ့။ စီးပွားရေး အားမကောင်းရင်လည်း ပိုက်ဆံမရှိတော့ မျက်နှာငယ်ရတယ်။ နိုင်ငံရေး အားမကောင်းတဲ့ အခါကျတော့ သူများတွေ ကျွန်တော်တို့ကို မျိုးစုံပြဿနာတွေရှာမှာ။ စစ်ရေးအရ ကာကွယ်ရေးစွမ်းအား မကောင်းတော့ ဖင်ပုတ်၊ ခေါင်းပုတ် လာလုပ်မယ်။ ကျွန်တော်တို့တွေ စော်ကားခံရလိမ့်မယ်။ ခြံစည်းရိုးတွေလုံမှာ မဟုတ်ဘူး။ ဒီ ၃ ခုက ကျွန်တော်တို့ မဖြစ်မနေလုပ်ရမယ့် ကိစ္စရပ်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က ဒီနှစ်မှာ တတ်နိုင်သလောက် ဆွဲတင်ပြီးတော့ ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်” ဟု ပြောကြားသည်။

**ဒီနှစ် ၂၀၂၂ ခုနှစ်ဟာ ကျွန်တော်တို့အတွက် စိန်ခေါ်တဲ့ နှစ်တစ်နှစ်လည်း ဖြစ်လာနေပြီ။ ဘာလို့ဆိုတော့ ဒီစီးပွားရေးကို ပြန်ပြီးတော့ မတ်လာအောင် လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့အပေါ်မှာ ပြည်သူက ယုံကြည်မှုရှိလာမယ်။ ကျွန်တော့်ရဲ့ ရည်မှန်းချက် ၃ ခုရှိပါတယ်။ တစ်အချက်ကတော့ တိုင်းပြည်စီးပွားရေးကို ကျွန်တော် ရအောင်ဆွဲတင်မယ် ပြောထားတယ်။ ပြီးခဲ့တဲ့နှစ် အတွေ့အကြုံအရ ကျွန်တော်တို့ မလုပ်နိုင်စရာ အကြောင်းမရှိဘူး။ ၂၀၂၂ ခုနှစ်မှာ စီးပွားရေး အားကောင်းအောင် ကျွန်တော်တို့ တိုးတက်အောင်လုပ်မယ်။ ပြီးရင် ဒုတိယကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံရေး၊ ရှေ့လုပ်ငန်းစဉ်မှာ ဖော်ပြထားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းရပ်တွေမှာ ကျွန်တော်တို့ ရတဲ့လမ်းကြောင်းတွေမှာ ကျွန်တော်တို့ အကုန်လုပ်မှာ။ အဲဒီနှစ်ခု နိုင်ငံရေးကလည်း ကောင်းနေတယ်၊ စီးပွားရေးကလည်း အားကောင်းလာပြီဆိုရင် ဒီဘက်က နိုင်ငံတော်ကာကွယ်ရေးအတွက်ကို အားလုံးပါဝင်တဲ့ ကာကွယ်ရေးစနစ်ကို နောင် ကျွန်တော်တို့ သွားရမယ်။**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

**နိုင်ငံခြားသုံးငွေကို ခြိုးခြံချွေတာ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နိုင်ငံခြားငွေသုံးစွဲမှုနှင့်စပ်လျဉ်း၍ ယခင်အစိုးရများလက်ထက်တွင် ကုန်သွယ်မှုလိုငွေများရှိခဲ့ပြီး ရေရှည်တွင် ကြွေးမြီပြဿနာများ ကြီးမားလာနိုင်ပါကြောင်း၊ ယင်းကို ကြိုတင်တွက်ဆ၍ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံခြားသုံးငွေကို ခြိုးခြံချွေတာပြီး မဖြစ်မနေသုံးစွဲရမည့် ကိစ္စများတွင်သာ သုံးစွဲကြစေလိုကြောင်း၊ ဖြစ်နိုင်ပါက ပြည်တွင်းငွေကြေးဖြင့်သာ သုံးစွဲကြစေလိုကြောင်းနှင့် ဝန်ကြီးဌာနများအနေဖြင့် မလိုအပ်သည့် ကိစ္စရပ်များတွင် သုံးစွဲခြင်းမပြုဘဲ အမှန်တကယ် လိုအပ်သည့် ရေရှည်တည်တံ့မည့် တည်ဆောက်ရေးလုပ်ငန်းများတွင်သာ သုံးစွဲကြရန်လိုကြောင်း။

နိုင်ငံတကာချေးငွေများနှင့်စပ်လျဉ်း၍ အကျိုးရှိစွာ သုံးစွဲကြရန်လိုအပ်ပြီး ဌာနအတွက် အမှန်တကယ် အကျိုးရှိသော ချေးငွေများဖြစ်ရန် လိုအပ်ကြောင်း၊ အခွန်အကောက်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအနေဖြင့် ရသင့်ရထိုက်သည့် အခွန်ငွေများ ရရှိရေးဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပုဂ္ဂလိက ထုတ်လုပ်မှုကဏ္ဍတိုးတက်မှသာ ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး ယင်းဝင်ငွေမှ နိုင်ငံတော်အတွက် အခွန်ငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အခွန်တိုးမြှင့်ကောက်ခံခြင်းထက် ရသင့်ရထိုက်သော အခွန်အခများ မှန်မှန်ကန်ကန်ရရှိနိုင်ရေး ဝန်ကြီးဌာနများအနေဖြင့် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဝန်ထမ်းများ ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ မလိုအပ်ဘဲ ဖွဲ့စည်းခန့်အပ်ခြင်းများ မပြုလုပ်ကြရန်နှင့် ခန့်အပ်ပြီး ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်စေရေးနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် အတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း။

**ကုန်ဈေးနှုန်းကြီးမြင့်မှု ထိန်းချုပ်နိုင်ရန်**

လက်ရှိအခြေအနေတွင် ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်မှု၊ ပို့ဆောင်ရေးစရိတ်ကြီးမြင့်မှုနှင့် ကုန်ကြမ်းဈေးနှုန်းမြင့်မားမှုတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၏ အဓိကအချက်အားဖြင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များပြားခြင်းကြောင့် ဖြစ်သဖြင့် အများပြည်သူ ပို့ဆောင်ရေးစနစ် ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ယင်းစနစ်ကောင်းမွန်ရန် ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံခြားငွေဖြင့် ဝယ်ယူသုံးစွဲနေရသည့် စက်သုံးဆီသုံးစွဲမှုကို ထိထိရောက်ရောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် ကုန်ကြမ်းများ လုံလုံလောက်လောက် ရရှိနိုင်ရေးနှင့် ဈေးကွက်အတွင်း ဝယ်လိုအားကို ကာမိသည်အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုကို အားပေးမှသာ ကုန်ဈေးနှုန်း ကျဆင်းလာမည်ဖြစ်ပြီး ငွေကြေးခိုင်မာမှု ရရှိလာမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ စီးပွားရေးကို အထောက်အကူဖြစ်စေပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရာရောက်သည့်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ကျန်ရှိသည့် ဘတ်ဂျက်ကာလအတွင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဖရူဆိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဖားဆောင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

◆ ကျောဖုံးမှ

လိုအပ်သလို ဖြေရှင်းပေးရန် ဥပဒေနှင့်အညီ တင်ပြခဲ့သော်လည်း တစ်စုံတစ်ရာ မဖြေရှင်းခဲ့သည့်အပြင် နိုင်ငံတော်အာဏာကို လွှတ်တော်အသစ်ခေါ်ယူခြင်းမှတစ်ဆင့် အဓမ္မရယူရန်ကြံရွယ်လာမှုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ ၄၁၇၊ ၄၁၈နှင့် ၄၁၉တို့နှင့်အညီ နိုင်ငံတော်၏ အာဏာ (၃)ရပ်ကို ထိန်းသိမ်းတာဝန်ယူ ဆောင်ရွက်နေသည်မှာ (၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခြင်းသာဖြစ်ပြီး အာဏာသိမ်းခြင်းမဟုတ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ဖျက်သိမ်းခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်တွင် လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲသည် အဓိကဖြစ်၍ တရားမျှတမှန်ကန်မှုမှာ အသက်တမျှ အရေးကြီးကြောင်း၊ သို့မှသာ မှန်မှန်ကန်ကန် ရွေးချယ်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ကိုယ်စားလှယ်များမှတစ်ဆင့် နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ မှန်ကန်သည့်လမ်းကြောင်းမဟုတ်ဘဲ နိုင်ငံတော်အာဏာ အဓမ္မရယူမှုကို မည်သည့်နိုင်ငံနှင့် နိုင်ငံသားများကမှ လက်ခံနိုင်မည်မဟုတ်ကြောင်း၊ ယနေ့တိုင် အချို့အဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ နိုင်ငံသားအချို့သည် တပ်မတော်မှ အာဏာထိန်းသိမ်းမှုအပေါ် အာဏာသိမ်းခြင်းသာဖြစ်သည်ဟု အယူအဆလွဲမှားနေပါကြောင်း။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့ချိန်အတွင်း ပါတီအတွင်း ကွဲပြားမှုများ၊ ခါးပိုက်ဆောင်တပ်များ၊ လက်သပ်မွေးမှုများ၊ ပြည်ပကျူးကျော်မှုများ၊ ဂိုဏ်းဂဏကွဲပြားမှုများ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်ငြိမ်မှုပျက်ပြားနိုင်သော အခြေအနေတို့ကြောင့် အိမ်စောင့်အစိုးရအဖြစ် ခေတ္တထိန်းသိမ်းခဲ့ပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကျင်းပ၍ အနိုင်ရသည့်ပါတီအား အာဏာပြန်လည်လွှဲအပ်ပေးခဲ့ကြောင်း၊ သို့သော် ၁၉၆၂ ခုနှစ်တွင် နိုင်ငံရေးအကျပ်အတည်းများနှင့် တည်ငြိမ်မှုယိုယွင်းလာမည့် အခြေအနေကြောင့် တော်လှန်ရေးကောင်စီမှ အာဏာသိမ်းခဲ့ရကြောင်း။

တော်လှန်ရေးကောင်စီအနေဖြင့် ပါလီမန်ဒီမိုကရေစီ၏ အားနည်းချက်များအား အဖြေရှာလျက် တစ်ပါတီစနစ်ဖြင့် ဆက်လက်လျှောက်လှမ်းရန် လိုအပ်ခြင်းရှိခဲ့၍ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖျက်သိမ်းလျက် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဖြင့် နိုင်ငံကို အုပ်ချုပ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် စီးပွားရေးအကျပ်အတည်းနှင့်အတူ အထွေထွေနိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်လာခဲ့၍ တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းခဲ့ရကြောင်း၊ တစ်ပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်ကိုသွားလိုသော ပြည်သူများ၏ ဆန္ဒအရ တပ်မတော်အနေဖြင့် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖျက်သိမ်း၍ လက်ရှိ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အချိန်ယူရေးဆွဲခဲ့ကြောင်း။

**လက်ခံထား**

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အာဏာထိန်းသိမ်းရာ၌ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်အတွက် ရည်မျှော်ရေးဆွဲထားပြီး ပြည်သူ ၉၂ ရာခိုင်နှုန်းကျော် ထောက်ခံအတည်ပြုထားသည့် ဥပဒေဖြစ်ကြောင်း၊ ပြည်သူများလိုလားသော ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်သားများအားလုံးမှာလည်း လက်ခံထားသဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခြင်းမရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလသတ်မှတ်ချက် ဥပဒေပုဒ်မ ၄၁၇၊ ၄၁၈နှင့် ၄၁၉ အတိုင်း မဲမသမာမှုများ စစ်ဆေးဖြေရှင်းမှုမှတစ်ဆင့် အရေးပေါ်ကာလ ဥပဒေအရပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များ ဆောင်ရွက်ပြီးပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များတွင် နောက်ဆုံးအချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ အနိုင်ရပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းနိုင်ရေး ဆောင်ရွက်ရမှာဖြစ်ကြောင်း။

လွတ်လပ်ပြီး တရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် နယ်မြေတည်ငြိမ်အေးချမ်းရန်နှင့် မဲပေးခွင့်ရှိသူအားလုံး မဲပေးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲမတိုင်မီအကြိုကာလ မဲဆွယ်စည်းရုံးမှု မလုပ်ဆောင်နိုင်ခြင်းနှင့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်တစ်ဦးချင်းစီက အေးချမ်းစွာ မဲမပေးနိုင်ပါက ကိုယ်စားလှယ်အမတ်များ ရွေးချယ်တင်မြှောက်နိုင်မည်မဟုတ်၍ ဒေသနှင့် ပြည်သူများအတွက် နစ်နာမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်၍ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအတွင်း၌သာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အမြဲတမ်း ထိန်းသိမ်းထား၍မရကြောင်း၊ နိုင်ငံစီးပွားပျက်စီးစေလိုသည့် ပြည်တွင်းပြည်ပ မလိုတမာသူများ၏ သွေးထိုးမှုများကို နားယောင်၍ နားလည်မှုလွဲမှားနေသူတချို့ရှိ၍ နားလည်မှုမလွဲမှားစေလိုကြောင်း၊ ကိုယ်ကျိုးစီးပွားအရ ပြည်ပနိုင်ငံကြီးအချို့သည် မိမိတို့နိုင်ငံရေးအကျပ်အတည်းကို အခွင့်ကောင်းယူ၍ စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်မှုသည် ပြည်သူလူထုကို များစွာထိခိုက်စေကြောင်း၊ ဘက်ပေါင်းစုံမှ ဖိနှိပ်မှုမှတစ်ဆင့် ရုပ်သေးအစိုးရဖြစ်စေရေး ကြံရွယ်ချက်များကိုလည်း လက်ခံဖွယ်ရာမရှိပါကြောင်း။

မိမိတို့နိုင်ငံသည် ဒေသတွင်း အင်အားကြီးနှစ်နိုင်ငံကြားတွင်ရှိပြီး နိုင်ငံတော်အနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးလျက်ရှိပြီး နိုင်ငံများအားလုံးနှင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည့် နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးမူများကို စောင့်ထိန်း၍ ဆက်လက်ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နှစ်အတွင်း ဘက်ပေါင်းစုံမှ ခက်ခဲသည့် အကျပ်အတည်းများစွာကို ရင်ဆိုင်ခဲ့ရကြောင်း၊ သို့သော် နိုင်ငံ့ဝန်ထမ်းကောင်းများအပါအဝင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင် ကျော်လွှားနိုင်ခဲ့ကြောင်း၊ တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရန်ဟူသည့် ခံယူချက်ဖြင့် တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၇ တွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ဒါကြောင့် နိုင်ငံတော်ကာကွယ်လိုသော ဆန္ဒ၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်သော တာဝန်များအရ မှန်မှန်ကန်ကန် ရပ်တည်၍ ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း။

**မှန်ကန်စွာသုံးသပ်**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့တို့၏ လူမှုကွန်ရက်များမှ မဟုတ်မမှန်ဝါဒဖြန့်မှုများကို စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် မှန်ကန်စွာ သုံးသပ်ရန်လိုကြောင်းနှင့် မိမိတို့ပတ်ဝန်းကျင်ကိုလည်း သတင်းမှန်များ ဖြန့်ဝေအသိပေးရန်လိုကြောင်း၊ တပ်မတော်၏ ကောင်းမွန်သော ဂုဏ်သိက္ခာနှင့် အစဉ်အလာကောင်းများကို ထိန်းသိမ်း၍ စွမ်းရည်များ ထက်မြက်နေရန် ဆောင်ရွက်သွားရန်လိုကြောင်း၊ တရားသောစစ်နှင့် မတရားသောစစ်ယှဉ်ပါက တရားသောစစ်သည် မုချအောင်မြင်မည်သာဖြစ်ကြောင်း၊ တပ်မတော်သည် တိုင်းရင်းသားအားလုံး ပါဝင်ဖွဲ့စည်းထားသော ခိုင်မာတောင့်တင်းသည့် အဖွဲ့အစည်းဖြစ်၍ စည်းလုံးညီညွတ်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်၍ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအတွင်း၌သာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အမြဲတမ်းထိန်းသိမ်းထား၍မရ**

❖ **နိုင်ငံစီးပွားပျက်စီးစေလိုသည့် ပြည်တွင်း ပြည်ပ မလိုတမာသူများ၏ သွေးထိုးမှုများကို နားယောင်၍ နားလည်မှုလွဲမှားနေသူတချို့ရှိ၍ နားလည်မှု မလွဲမှားစေလို**

❖ **ကိုယ်ကျိုးစီးပွားအရ ပြည်ပနိုင်ငံကြီးအချို့သည် မိမိတို့နိုင်ငံရေးအကျပ်အတည်းကို အခွင့်ကောင်းယူ၍ စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်မှုသည် ပြည်သူလူထုကို များစွာထိခိုက်စေကြောင်း၊ ဘက်ပေါင်းစုံမှ ဖိနှိပ်မှုမှတစ်ဆင့် ရုပ်သေးအစိုးရဖြစ်စေရေး ကြံရွယ်ချက်များကိုလည်း လက်ခံဖွယ်ရာမရှိ**

# အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပို့ကုန်များ စဉ်ဆက်မပြတ်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘောလခဲမြို့ရှိ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

- ပြည်တွင်း၊ ပြည်ပ ဖိအားမျိုးစုံကို ကြုံတွေ့ခဲ့ရသော်လည်း ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင် ဖြတ်သန်းခဲ့
- အစိုးရရပ်တည်မှု မရနိုင်ရန် ပြည်ပ သြဇာခံများက ပြည်ပနိုင်ငံကြီးအချို့နှင့် ပူးပေါင်းကာ ဘဏ်စနစ်ပြိုလဲပြီး စီးပွားရေးယိုင်လဲရန် ဆောင်ရွက်ခဲ့သော်လည်း ကြံ့ကြံ့ခံ၍ ဖြတ်ကျော်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် စောဒန်နီယယ်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ဘောလခဲမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား နယ်မြေခံတပ်ညွှန့်ရိပ်သာ၌ သွားရောက်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

**အခက်အခဲများစွာ ကျော်လွှား**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အရေးပေါ်ကာလ တစ်နှစ်ကို အခက်အခဲများစွာဖြင့် ကျော်လွှားခဲ့ရကြောင်း၊ အချို့သော ဝန်ထမ်းများသည် နိုင်ငံ၏မျက်နှာကိုမကြည့်ဘဲ CDM လုပ်ဆောင်ခဲ့၍ ဆူပူအကြမ်းဖက်မှုကိုမလိုလားသည့် ဝန်ထမ်းကောင်းများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ပြည်တွင်း၊ ပြည်ပ ဖိအားမျိုးစုံကို ကြုံတွေ့ခဲ့ရသော်လည်း ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင် ဖြတ်သန်းခဲ့ကြောင်း၊ ကြီးမားသော စိန်ခေါ်မှုအဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုပင်ဖြစ်ကြောင်း၊ နိုင်ငံအချို့နှင့် INGO အဖွဲ့အချို့အနေဖြင့် မိမိတို့နိုင်ငံအား ကိုဗစ်-၁၉ ရောဂါအပေါ် လက်မြောက်အရှုံးပေးရတော့မည်၊ ကျရှုံးသွားရတော့မည်ဟု ပြောဆိုမှုများရှိခဲ့ကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ကို သစ္စာရှိသည့် ကျန်းမာရေး ဝန်ထမ်းများအပါအဝင် သက်ဆိုင်ရာမှ ဌာနဆိုင်ရာများ၏ သစ္စာရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများ၏ ပါဝင်မှုတို့ဖြင့် ကိုဗစ်-၁၉ တတိယလှိုင်းကို အကောင်းဆုံး အချိန်တိုအတွင်း ကျော်ဖြတ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် တနင်္လာနေ့တိုင်းတွင်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုဥက္ကဋ္ဌဦးစီး၍ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်တုံ့ပြန်ရေးကော်မတီကလည်း နေ့စဉ်နီးပါး တိုင်းဒေသကြီးနှင့် ပြည်နယ် အရေးပေါ်ထိန်းချုပ်တုံ့ပြန်ရေးအဖွဲ့များဖြင့်လည်းကောင်း ဆွေးနွေးညှိနှိုင်းအဖြေရှာဖော်ထုတ်၍ ကြိုးပမ်းခဲ့ရကြောင်း။

ပထမလှိုင်းနှင့် ဒုတိယလှိုင်းတို့တွင် ကာကွယ်ဆေးထိုးမှုနှင့်ပတ်သက်သည့် စာရင်းဇယား အားနည်းမှုများရှိခဲ့သော်လည်း ယခုအခါ တစ်နိုင်ငံလုံးတွင် စနစ်တကျမှတ်တမ်းများထားရှိနိုင်၍ Webportal တွင် VMIS Program ကိုပင် တင်ထားနိုင်ပြီဖြစ်ကြောင်း၊ တတိယလှိုင်းကာလအတွင်း အောက်ဆီဂျင် လိုအပ်ချက် ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး မသမာသူ စီးပွားရေးသမားအချို့အနေဖြင့် မတော်လောဘဖြင့် အောက်ဆီဂျင် လိုအပ်ချက်အပေါ် ကိုယ်ကျိုးစီးပွားရှာခဲ့မှုတို့ကိုလည်း တွေ့ရကြောင်း၊ နိုင်ငံတော်အနေဖြင့် အောက်ဆီဂျင်အပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆေးပစ္စည်းများ၊ ကာကွယ်ဆေးများနှင့် ကုသဆေးများကို အချိန်မီရရှိအောင် ဆောင်ရွက်ခြင်းတို့ဖြင့် အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သဖြင့် နိုင်ငံတကာနှင့် INGO များကပင် အံ့သြမှင်တက်ကြရသည်အထိ ဖြစ်ခဲ့ရကြောင်း၊ ထို့ပြင် အစိုးရရပ်တည်မှု မရနိုင်ရန် ပြည်ပသြဇာခံများက ပြည်ပနိုင်ငံကြီးအချို့နှင့်ပူးပေါင်းကာ ဘဏ်စနစ်ပြိုလဲပြီး စီးပွားရေးယိုင်လဲရန် ဆောင်ရွက်ခဲ့သော်လည်း ကြံ့ကြံ့ခံ၍ ဖြတ်ကျော်နိုင်ခဲ့ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြည်တွင်းဖြစ်ကို အားပေးရန် မူဝါဒအရ ပြည်ပသွင်းကုန်အချို့အား ကန့်သတ်၍ ပြည်တွင်းထုတ်ကုန်လုပ်ငန်းများကို အားပေးခဲ့မှုကြောင့် ၂၀၂၁-၂၀၂၂ ပထမခြောက်လပတ် မီနီဘတ်ဂျက်တွင် ကုန်သွယ်ရေးပိုငွေပြမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပို့ကုန်များ စဉ်ဆက်မပြတ် တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံအပေါ်သစ္စာရှိစွာဖြင့် ဒေသတိုးတက်ရေးအတွက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# သတင်းအမှန်များ ပျံ့နှံ့အောင် မီဒီယာကဏ္ဍမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလို

# လက်ရှိအချိန်တွင် တစ်ဦးကိုတစ်ဦး အပြစ်ပြောနေမည့်အစား နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေးဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်



နေပြည်တော် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပုဂ္ဂလိကရုပ်မြင်သံကြားနှင့် FM အသံလွှင့်လုပ်ငန်းရှင်များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂ္ဂလိကရုပ်မြင်သံကြားနှင့် FM အသံလွှင့်လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူလူထုအား သတင်းအမှန်များ ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုကို မလိုလားသော ပြည်ဖျက်မီဒီယာများက ပြည်သူလူထုအား အစိုးရအပေါ် ဒေါသများ၊ အမုန်းတရားများ ဖြစ်ပေါ်အောင် သတင်းမှားများဖြင့် လှုံ့ဆော်လျက်ရှိသလို အကြမ်းဖက်သမားများကလည်း လူထုအားအကြောက်တရားဖြင့် ခြိမ်းခြောက်ဝါဒဖြန့်လျက်ရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က မီဒီယာကဏ္ဍ၏ အရေးကြီးမှုကို အသိအမှတ်ပြုကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထု၏အားသည်များစွာလိုအပ်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှသာ ပြည်သူများ စားဝတ်နေရေးအတွက် အလုပ်ကိုနောက်ဆံမတင်းဘဲ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သတင်းအမှန်များပျံ့နှံ့အောင် မီဒီယာကဏ္ဍမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ လက်ရှိအချိန်တွင် တစ်ဦးကိုတစ်ဦး အပြစ်ပြောနေမည့်အစား နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေးဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က မီဒီယာကဏ္ဍမှ ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပုဂ္ဂလိကရုပ်မြင်သံကြားနှင့် FM အသံလွှင့်လုပ်ငန်းများမှ တာဝန်ရှိသူများက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများ၊ အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ လက်ရှိထုတ်လွှင့်ပြသမှုများတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ





နေပြည်တော် ဖေဖော်ဝါရီ ၂

၂၀၂၂ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်းဘေးမဲ့တော ကြိုးကြာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပထဝီအနေအထားတည်ရှိမှုအရ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူး-စစ်တောင်းမြစ်ဝှမ်းဒေသ၊ မုတ္တမပင်လယ်ကွေ့ဒေသတို့၏ ရေဝေ၊ ရေလဲအစဖြစ်သည့် ပဲခူးရိုးမကြီး ဖြစ်တည်နေခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တာတမံများ ပေါများခြင်း စသောကုန်းတွင်းရေဝပ်ဒေသ ဂေဟစနစ်များ၊ ရေဝပ်ဒေသ ဂေဟစနစ်ကို အဓိကထားတွေ့မြင်ရခြင်း၊ ပိုင်ဆိုင်ခြင်းများက ပဲခူးတိုင်းဒေသကြီးကို စားနပ်ရိက္ခာ ဖူလုံစေရေးအတွက် အဓိကအရင်းအမြစ်ဒေသတစ်ခုအဖြစ် ထင်ရှားစေကြောင်း၊ ဆောင်းခိုရေပျော်ငှက်များ အစာပေါများစွာရရှိစေရန်နှင့် ဒေသခံများ၏ စားဝတ်နေရေး အထောက်အကူပြုစေရန် ရည်ရွယ်ပြီး ငါးသယံဇာတ ရေရှည်တည်တံ့စေရေးအတွက် တိုင်းရင်းငါးမျိုးစိတ် ကောင်ရေ ၆၅၀၀၀၀ ကို ပြီးခဲ့သောမိုးရာသီတွင် ထည့်သွင်းပြီးဖြစ်ကြောင်း၊ ကျူးကျော်အခြေချ ယာယီငါးရှာတဲများ ဖယ်ရှားခြင်းကိုလည်း လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆောင်းခိုငှက်များ ကျရောက်ချိန်တွင် ဖမ်းဆီးခြင်း၊ အဆိပ်ချခြင်းမရှိစေရန် ပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ဆောင်းခိုငှက်များ တွေ့ရှိဖမ်းဆီးရမိပြီး သတင်းပေးပို့ပါက ဆုငွေချီးမြှင့်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးက ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်ကစတင်ပြီး နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ယခု ၂၀၂၂ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့၏ ဆောင်ပုဒ်မှာ"Wetlands Action for People and Nature (လူသားနှင့် သဘာဝပတ်ဝန်းကျင်သာယာဝပြောရေး ရေဝပ်ဒေသများ ထိန်းသိမ်းပေး)" ဖြစ်ကြောင်း၊ ရေဝပ်ဒေသများ တည်တံ့မှုနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေး၊ လူသားများ၏ အသက်ရှင်ရပ်တည်မှုများသည် အပြန်အလှန်အမှီသဟဲပြုနေပြီး ရေဝပ်ဒေသများ စဉ်ဆက်မပြတ် မပျက်မစီးတည်ရှိနေမှသာ ရေဝပ်ဒေသဝန်းကျင် သဘာဝအနေအထားများ၊ ရေဝပ်ဒေသအပေါ် မှီခိုနေကြသော ဒေသခံပြည်သူများ၏ လူမှုစီးပွားအခြေအနေများ တိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း။

မိုးယွန်းကြီးအင်းသည် မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်များဖြစ်သည့် ကြိုးကြာ(Sarus Crane)၊ လင်းယုန် (Greater Spotted Eagle)၊ ဆောက်လိပ်(Myanmar Eyed Turtle)များ ရှိခြင်း၊ ရေပျော်ငှက်ကောင်ရေ ၂၀၀၀၀ နှင့် အထက် ကျက်စားခြင်း၊ ၂၀၂၁ ခုနှစ်အထိ ငှက်ကောင်ရေ ၂၀၀၀၀ မှ ၃၅၀၀၀ အထိ ကျရောက်ခြင်းနှင့် ဆောင်းခိုငှက်တစ်မျိုးဖြစ်သည့် ဘဲရစ် (Northern Paintail)ကောင်ရေ တစ်ကမ္ဘာလုံး၏ (၁ ရာခိုင်နှုန်း) ကျရောက်ကျက်စားနိုင်ရန် ထောက်ပံ့ပေးနေသည့် ရေဝပ်ဒေသတစ်ခုဖြစ်ကြောင်း။

ထို့အပြင် မိုးယွန်းကြီးအင်းအနေဖြင့် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း (East-Asian Australasian Flyway Network) နှင့် ဗဟိုအာရှဒေသ ငှက်ပျံသန်းရာလမ်းကြောင်း (Central Asia Flyway)တွင် ကျရောက်ပြီး နှစ်စဉ် အောက်တိုဘာလမှ ဧပြီလအထိ ဆောင်းခိုငှက်ကောင်ရေ ၃၂၀၀၀ ခန့် လာရောက်ကျက်စားလေ့ရှိကြောင်း။

မျက်မှောက်ကာလတွင် ကမ္ဘာနှင့်အဝန်းကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် ကပ်ဘေးကျရောက်မှုများ လျော့ပါးနိုင်စေရန်အတွက် ရေဝပ်ဒေသများကို ထိရောက်စွာ ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သလို နိုင်ငံဖွံ့ဖြိုးရေး၊ ဒေသခံများလူမှုစီးပွားတိုးတက်ရေးတို့အတွက်လည်း အကျိုးရှိရှိစီမံခန့်ခွဲအသုံးချသွားရမည်ဖြစ်ကြောင်း၊ အလွန်အရေးပါသည့် ရေဝပ်ဒေသများကို ထိန်းသိမ်းကာကွယ်ရာတွင် အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် တက်ရောက်လာသူများက အခမ်းအနားတွင် ပြသထားသော ပိုစတာများ၊ ဓာတ်ပုံများနှင့် ဆုရရှိသည့် စာစီစာကုံးများ ခင်းကျင်းပြသထားရှိမှုများကိုကြည့်ရှုကာ မိုးယွန်းကြီးအင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို ကျွန်းကုန်း-နေပူကုန်း ကွန်ကရစ်လမ်း ဖွင့်လှစ်

တောင်ငူ ဖေဖော်ဝါရီ ၂

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ငူမြို့နယ် ကျွန်းကုန်း-နေပူကုန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တောင်ငူလေတပ်စခန်းဌာနချုပ် တပ်နယ်မှူး ဗိုလ်မှူးကြီး ကျော်စိုးမိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးထက်တို့က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာနေပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဖွင့်ပွဲအား တောင်ငူလေတပ်စခန်းဌာနချုပ် တပ်နယ်မှူး ဗိုလ်မှူးကြီး ကျော်စိုးမိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးထက်နှင့် ခရိုင်ကျေးလက်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်အေးအေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းပိုင်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ လမ်းပခုံး တစ်ဖက်လျှင် အကျယ် သုံးပေ၊ ဒု နှစ်လက်မတို့ဖြင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း ၂၂၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာ ၁၇ ရွာကို အကျိုးပြုနိုင်သော လမ်းပိုင်းတစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ခရိုင်ကျေးလက်လမ်းဦးစီးဌာနမှ သိရသည်။ **ကိုလွင်(ဆွာ)**



# ပုံဖော်ကြည့်မိ၊ တွေးမိအနာဂတ်ဒီမိုကရေစီ

မြင့်မြတ်

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်း နိုင်ငံရေးဖြစ်စဉ်များနှင့်အတူ ယခုနောက်ပိုင်းဝင်လာသည့် အတွေးများက နိုင်ငံကို ဘယ်လိုဒီမိုကရေစီပုံစံမျိုးနဲ့ တည်ဆောက်မလဲ၊ မြန်မာနိုင်ငံနဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီကျင့်စဉ်က ဘယ်လိုကျင့်စဉ်မျိုးနှင့် သင့်တော်မလဲ ဆိုတာ ပြည်သူတစ်ယောက်အနေဖြင့် စဉ်းစားနေမိသည်။

ဒီမိုကရေစီဆိုသည်က အားလုံးအတွက် သည်းခြေကြိုက်စကားလုံး ဖြစ်နေသည်ကလွဲ၍ ပါးစပ်ဖျားတွင်သာ လမ်းဆုံးနေပြီး လက်တွေ့ကျင့်စဉ်က တခြားစီဖြစ်နေသည်။ ဆွေးနွေးပွဲများ၊ ဒီမိုကရေစီစာတမ်းဖတ်ပွဲများ တွင်တွင်ကျင်းပဖြစ်ခဲ့သော်လည်း လက်တွေ့နှင့် စပ်ဟပ်အောင် မကျင့်သုံးခဲ့ကြ၍ အသွင်ကူးပြောင်းစ ဒီမိုကရေစီ၏ တန်ဖိုးများ ယုတ်လျော့သွားခဲ့သည်။



အာဖဂန်တွင် အမေရိကန်ဒီမိုကရက်တို့ နှစ် ၂၀ ခန့် ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ခဲ့သော်လည်း နောက်ဆုံးတွင် အကြမ်းဖက်မှုများနှင့် ပျက်စီးဆုံးရှုံးမှုများသာ ကျန်ရစ်ခဲ့သည်။

## Quality of democracy နှင့် Democracy index

မြန်မာသာမက ကမ္ဘာမှာလည်း ထိုနည်းတူပင် ဖြစ်သည်။ ဒီမိုကရေစီက နောက်ပြန်ဆုတ်နေသည်။ ၂၀၂၀ ပြည့်နှစ် ကမ္ဘာတစ်ဝန်း ဒီမိုကရေစီ အရည်အသွေး Rank သတ်မှတ်ခြင်းဆိုင်ရာ အစီရင်ခံထုတ်ပြန်ချက်တစ်ခုတွင် နိုင်ငံ ၁၇၄ နိုင်ငံအနက် ၃၅ နိုင်ငံသာ အရည်အသွေးပြည့်မီသည့် Working democracy အခြေအနေတွင်ရှိနေသည်။ ဒိန်းမတ်၊ ဖင်လန်၊ ဆွီဒင်၊ နော်ဝေ စသည့်နိုင်ငံတို့ဖြစ်သည်။

အမေရိကန်သည်ပင် Deficient democracy ဟုခေါ်သည့် ဒီမိုကရေစီ အရည်အသွေးမပြည့်မီ ချို့တဲ့သည့်အုပ်စုတွင်ပါဝင်နေသည်ကို သတိထားမိသည်။ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံက နှစ်မျိုးစပ်ဒီမိုကရေစီ (Hybrid democracy) အုပ်စုတွင် ပါဝင်နေသည်။ ရွေးကောက်ပွဲ ပုံမှန် ကျင်းပပေးသော်လည်း နိုင်ငံရေးအရ ဖိနှိပ်ထားသည့် အသွင်ရှိသည့်နိုင်ငံများက ဤအုပ်စုတွင် ပါဝင်ကြသည်။ အဆိုးဆုံးက (Hard Autocracy) အာဏာရှင်ပုံစံ အုပ်ချုပ်သောနိုင်ငံများဖြစ်၍ ဒီမိုကရေစီ ချို့တဲ့အားအနည်းဆုံးသော အာဏာရှင်အဖြစ် သတ်မှတ်ခြင်းခံရသော နိုင်ငံများဖြစ်သည်။

ကမ္ဘာတွင် Democracy index ဟုခေါ်သည့် ဒီမိုကရေစီစံချိန်စံညွှန်းကို နှစ်စဉ်ထုတ်ပြန်လေ့ရှိသည်။ UK အခြေစိုက်ပုဂ္ဂလိက EIU အဖွဲ့က ထုတ်ပြန်ခြင်းဖြစ်ပြီး လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း ရှိ၊ မရှိ၊ နိုင်ငံရေးနှင့် နိုင်ငံ့အရေးအရာများတွင် ပြည်သူများပါဝင်နိုင်မှု၊ လူ့အခွင့်အရေး အခြေအနေနှင့် တရားဥပဒေစိုးမိုးနိုင်မှုဟူသည့် အချက်လေးချက်အပေါ်မူတည်၍ ထုတ်ပြန်ပေးနေခြင်းဖြစ်သည်။

ဒီမိုကရေစီစနစ်သည် ယခုနောက်ပိုင်းနှစ်များအတွင်း နောက်ပြန်သွားနေကြောင်း၊ ဆုတ်ယုတ်လာနေကြောင်း အချက်အလက်များက ဖော်ပြနေသည်။ ဒီမိုကရေစီနိုင်ငံများတွင်ပင် အမျိုးသားရေးအင်အားစုများ ကြီးထွားလာနေပြီး အာဏာရှင်ဘက် ယိမ်းယိုင်လာနေကြောင်း ပြဆိုနေသည်ကိုတွေ့ရသည်။

## အနာဂတ်ဒီမိုကရေစီအတွက် လမ်းပြမြေပုံ

ဆိုတော့.. မြန်မာနိုင်ငံ၏ အခြေအနေကို လေ့လာကြည့်သည့်အခါ ဒီမိုကရေစီသက်တမ်း နှစ်ဆက်လုံးတွင် အားရစရာမရှိသည့် အနေအထားများအဖြစ် ဖော်ပြခြင်းခံရသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံကို (Authoritarian democracy) အာဏာရှင် ဒီမိုကရေစီနိုင်ငံအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

**ဒီမိုကရေစီ အိုင်ကွန်တစ်ဦး ဦးဆောင်ခဲ့သော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံကို အာဏာရှင် ဒီမိုကရေစီအုပ်စုတွင် ထည့်သွင်းထားခြင်းသည် ဆီလျော်မှန်ကန်ခြင်း ရှိ၊ မရှိ ကို ယခင်သက်တမ်းအတွင်း ကျင့်သုံးခဲ့သည့် ဒီမိုကရေစီမဆန်သော အပြုအမူ၊ မှားယွင်းစွာအသုံးပြုခဲ့သည့် ကျင့်စဉ်များနှင့် အကဲဖြတ်မှတ်တမ်းတင်နိုင်ပါသည်။ ဒီမိုကရေစီစံနှုန်းများအတိုင်း ကျင့်သုံးခဲ့ပါသလား။**

အကြောင်းတရားပေါင်း များစွာကြောင့် တပ်မတော်က အာဏာထိန်းခဲ့ရခြင်းနှင့် နောက်ပိုင်း ဒီမိုကရေစီကို ကျောခိုင်းသော နိုင်ငံရေးဖြစ်စဉ်များ၊ အကြမ်းဖက် ဖြစ်စဉ်များအရလည်း ဆန်းစစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အာဏာအရပ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ္တထိန်းထားသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်၊ အနိုင်ရပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲပေးသွားမည်ဟု ကမ္ဘာသိ၊ မြန်မာသိ ကတိပေးထားချက်ကို အလေးအနက်ထား အသိအမှတ်ပြုရမည်ဖြစ်သည်။

## စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဟူသည်

ဤတွင် **“လွတ်လပ်ပြီး တရားမျှတခြင်း”၊ “ပါတီစုံရွေးကောက်ပွဲပြုလုပ်ခြင်း”၊ “ဒီမိုကရေစီစံနှုန်း”**ဟူသော စကားလုံးများသည် လွန်ခဲ့သောဆယ်စုနှစ်တစ်ခုအတွင်း နားရည်ဝပြီး ဖြစ်သည်။ သို့သော် **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော”** ဟူသည့် စကားစုက အနာဂတ်ဒီမိုကရေစီစနစ်အတွက် အားရစရာ အာမခံချက်တစ်ခုအဖြစ် တွေ့ရပြန်သည်။ မှန်ပါသည်၊ အနာဂတ်တွင် ကျင့်သုံးမည့် ဒီမိုကရေစီသည် စည်းကမ်းရှိရမည်။ စည်းကမ်းမရှိလျှင် စစ်မှန်မှုရှိမည်မဟုတ်၊ မစစ်မှန်လျှင် တရားမျှတမှုလည်းရှိမည်မဟုတ်၊ တရားမမျှတလျှင် ပွတ်တိုက်မှုများမည်၊ လူများစုဖြင့် အနိုင်ယူခံရသောကြောင့် လူနည်းစုအခွင့်အရေးများ ဆုံးရှုံးမည်၊ နိုင်ငံနှင့်တိုင်းရင်းသားများအတွက် အကျိုးမရှိ၊ ပျက်စီးခြင်းသာ အဖတ်တင်မည်ကို အတွေ့အကြုံအရ သင်ခန်းစာယူရမည်ဖြစ်ပါသည်။

ဒီမိုကရေစီဟူသည် ဆန့်ကျင်ဘက်အင်အားစုများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ပြီး ညီညွတ်မှုတည်ဆောက်၍ တိုးတက်အောင်မြင်မှုများ ရယူခြင်းပင်မဟုတ်ပါလား။ စစ်မှန်၍ စည်းကမ်းပြည့်ဝမည့် ဒီမိုကရေစီအတွက် ဤအခြေခံအချက်များကိုပင် မကျိုးပျက်အောင် သတိပြုရမည်ဖြစ်ပါသည်။

## မိမိနိုင်ငံနှင့်ကိုက်ညီနိုင်မည့် ပုံစံအမျိုးမျိုးနှင့် ဒီမိုကရေစီ

ကမ္ဘာပေါ်တွင် ဒီမိုကရေစီဆိုသော အသုံးအနှုန်းကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆို၍ ခံယူကျင့်သုံးနေကြသည်။ ကွန်မြူနစ်ပါတီဦးဆောင်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်လည်း ဆိုရှယ်လစ်ဒီမိုကရေစီ ခေါ် ပြည်သူ့ဒီမိုကရေစီကို ကျင့်သုံးနေပါသည်။ နိုင်ငံအားလုံး ဒီမိုကရေစီနှင့်မကင်းပါ။ တရုတ်နိုင်ငံ၏ ဥပမာက ပုံစံအမျိုးမျိုးနှင့် ရှိနေသော ဒီမိုကရေစီကို မိမိနိုင်ငံနှင့် ကိုက်ညီသော စံသတ်မှတ်ချက်အတိုင်းသာ ထားရှိ ကျင့်သုံးနေသည့်ပုံစံဖြစ်သည်။

နိုင်ငံတိုင်းတွင် ဒီမိုကရေစီကျင့်သုံးပုံက အမျိုးမျိုးဖြစ်သည်။ မိမိနိုင်ငံ၏ နောက်ခံသမိုင်းကြောင်း၊ ပထဝီဝင်ရေမြေအခြေအနေ၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် နေထိုင်သော လူမျိုးအရေအတွက်များ အပေါ်မူတည်၍ အသင့်တော်ဆုံးပုံစံကို ကျင့်သုံးကြသည်။ ပြည်သူတို့၏ ပညာဉာဏ် အမြော်အမြင်နှင့် နိုင်ငံရေးရေချိန်၊ ကျင့်ဝတ်နှင့် အခြေခံစံနှုန်းများကို လိုက်နာနိုင်သည့် အနေအထားများကို ထည့်တွက်ရသည်။ နိုင်ငံသားတို့၏ လူပုဂ္ဂိုလ်စွဲကြီးတတ်မှုနှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် အလွန်အမင်းယုံကြည်ကိုးစား အစွဲကြီးမှုကလည်း ကျင့်သုံးနေသည့် ဒီမိုကရေစီစံနှုန်းများအပေါ် သက်ရောက်နိုင်၍ အနုတ်လက္ခဏာဆောင်သွားနိုင်ပုံကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

## ဒီမိုကရေစီမအောင်မြင်သည့် နိုင်ငံတကာ ဥပမာများ

**ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေသော ဒီမိုကရေစီကျင့်စဉ်ကို မိမိနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ နိုင်ငံကြီးများအနေဖြင့် မိမိတင်ပို့လိုက်သော ဒီမိုကရေစီပုံစံသည် ထိုနိုင်ငံ၏ အခြေအနေမျိုးစုံနှင့် ကိုက်ညီသင့်တော်ရဲ့လား မစဉ်းစား၊**

စာမျက်နှာ ၉ သို့ ☆

**“ အီရတ်၊ လစ်ဗျား၊ ဆီးရီးယား၊ အာဖဂန်နစ္စတန် ပြဿနာများနှင့် ယခုနှစ်များအတွင်း အာဖရိကနိုင်ငံအချို့တွင် စစ်ဘက်အာဏာသိမ်းမှုများက ပြသနေပါသည်။ အနောက် လစ်ဘရယ်ဒီမိုကရေစီကို သွတ်သွင်းရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်သည်ကို တွေ့ရသည်။ တာလီဘန်များကို အကြမ်းဖက်အကြောင်းပြ တိုက်ထုတ်ခဲ့သော်လည်း အဆုံးတွင် တာလီဘန်တို့ထံသာ အာဏာပြန်လည်အပ်နှံရသည့်အဖြစ်မျိုး ရောက်ခဲ့ရသည်။ အာဖဂန်တွင် အမေရိကန်ဒီမိုကရက်တို့ နှစ် ၂၀ ခန့် ဒီမိုကရေစီစနစ်ဖြင့်အုပ်ချုပ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ အဓိကအကြောင်းရင်းသည် ကျင့်သုံးသောဒီမိုကရေစီစံချိန်စံညွှန်းများ မပြည့်မီသောကြောင့် ဖြစ်ရသည်။ ဒီမိုကရေစီကိုလက်မခံသော ရှေးရိုးစွဲခေါင်းဆောင်များကြောင့်လည်း အာဖဂန်တွင် ဒီမိုကရေစီကျဆုံးရသည်။ ဒီမိုကရေစီ ရင့်ကျက်ပါသည်ဆိုသော ထိုင်းနိုင်ငံတွင်ပင် နိုင်ငံရေးသမားများ ပဋိပက္ခပြင်းထန်သည့်အခါတိုင်း တပ်မတော်က အာဏာသိမ်းရသည့်ဖြစ်စဉ်များ မကြာခဏကြုံရသည်ကို သင်ခန်းစာယူနိုင် ”**

✯ စာမျက်နှာ ၈ မှ

မသုံးသပ်ဘဲ ကိုယ့်အတ္တအကျိုးစီးပွားကိုသာ အခြေခံသည့်အတွက် တင်ပို့သမျှ ဒီမိုကရေစီစနစ်များမှာ ကျဆုံးရသည်သာ များနေသည်ကို လေ့လာနိုင်ပါသည်။

အီရတ်၊ လစ်ဗျား၊ ဆီရီးယား၊ အာဖဂန်နစ္စတန်ပြဿနာများနှင့် ယခုနှစ်များအတွင်း အာဖရိကနိုင်ငံအချို့တွင် စစ်ဘက်အာဏာသိမ်းမှုများက ပြသနေပါသည်။ အနောက်လစ်ဘရယ်ဒီမိုကရေစီကို သွတ်သွင်းရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်သည်ကို တွေ့ရသည်။ တာလီဘန်များကို အကြမ်းဖက်အကြောင်းပြတိုက်ထုတ်ခဲ့သော်လည်း အဆုံးတွင် တာလီဘန်တို့ထံသာ အာဏာပြန်လည်အပ်နှံရသည့် အဖြစ်မျိုး ရောက်ခဲ့ရသည်။ အာဖဂန်တွင် အမေရိကန်ဒီမိုကရက်တို့ နှစ် ၂၀ ခန့် ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ အဓိကအကြောင်းရင်းသည် ကျင့်သုံးသော ဒီမိုကရေစီစံချိန်စံညွှန်းများ မပြည့်မီသောကြောင့်ဖြစ်ရသည်။ ဒီမိုကရေစီကို လက်မခံသော ရှေးရိုးစွဲခေါင်းဆောင်များကြောင့်လည်း အာဖဂန်တွင် ဒီမိုကရေစီကျဆုံးရသည်။ ဒီမိုကရေစီ ရင့်ကျက်ပါသည်ဆိုသော

> **တလွဲတာဝန်ခံမှုတွေ၊ အတ္တလိုအင်တွေနှင့်ပြည့်နေသော အရည်အချင်းမပြည့်ဝသည့် နိုင်ငံရေးသမားများလက်ထဲတွင် ဒီမိုကရေစီဖွံ့ဖြိုးမှု အဟန့်အတားဖြစ်နိုင်သည်ကို နောင်အနာဂတ်ဒီမိုကရေစီအတွက် သင်ခန်းစာယူရမည်ဖြစ်သည်။ ပြည်သူအားလုံးနှင့် လူနည်းစုတိုင်းရင်းသားတို့၏ လိုလားချက်များကို ဥပေက္ခာပြု၊ ပါတီနှင့်ပါတီခေါင်းဆောင်ကိုသာ ဦးစားပေးလွန်းပြီး အာဏာအလွဲသုံးစားလုပ်သလိုဖြစ်သွားသည့်အခါ ဒီမိုကရေစီအာဏာရှင်စနစ် (Authoritarian democracy) ဆီသို့ လမ်းချော်သွားတတ်သည်ကို သတိပြုရန်လို**

ထိုင်းနိုင်ငံတွင်ပင် နိုင်ငံရေးသမားများ ပဋိပက္ခပြင်းထန်သည့်အခါတိုင်း တပ်မတော်က အာဏာသိမ်းရသည့်ဖြစ်စဉ်များ မကြာခဏကြုံရသည်ကို သင်ခန်းစာယူနိုင်ပါသည်။

## ဒီမိုကရေစီကျင့်သုံးပုံများ

နိုင်ငံတိုင်းတွင် ဒီမိုကရေစီကို ကျင့်သုံးပုံများ မတူညီကြကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ မှတ်သားမိသမျှ ယေဘုယျအားဖြင့် ဒီမိုကရေစီပုံစံ လေးမျိုးကို မိမိနိုင်ငံ၏ အခြေအနေများနှင့်အညီ ကျင့်သုံး အကောင်အထည်ဖော်နေကြကြောင်း သိရှိရပါသည်။ Direct democracy (တိုက်ရိုက်ဒီမိုကရေစီ)၊ Representative democracy (ကိုယ်စားပြုဒီမိုကရေစီ)၊ Constitutional democracy (ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းကျင့်သုံးသော ဒီမိုကရေစီ) နှင့် Minority democracy ( အနည်းစုဦးစားပေးဒီမိုကရေစီ) ဟူ၍ မှတ်သားမိပါသည်။

တိုက်ရိုက်ဒီမိုကရေစီသည် နိုင်ငံရေးအသိဉာဏ်မြင့်မားသော လူထုက နိုင်ငံအကြီးအကဲကို တိုက်ရိုက်မဲပေးရွေးကောက်တင်မြှောက်သည့်နည်းဖြစ်သည်။ ကိုယ်စားပြုဒီမိုကရေစီတွင် လွှတ်တော်မဏ္ဍိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက အစိုးရနှင့်အစိုးရအကြီးအကဲထက် ပို၍အားကောင်းသည်ကိုပြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းကျင့်သုံးသော ဒီမိုကရေစီတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွှန်၍မရ၊ ဥပဒေ၏ ကန့်သတ်ချက်များအောက်တွင် အာဏာသုံးရပ်ပါဝါအညီအမျှအာဏာဖြင့် အပြန်အလှန် check and balance ပြုလုပ် ထိန်းကျောင်း၍ အုပ်ချုပ်သောစနစ်ဖြစ်သည်။ လက်ရှိ အမေရိကန်၊ ဂျပန်၊ အစ္စရေး စသည့်နိုင်ငံအတော်များများတွင် ကျင့်သုံးကြသည်။

အနည်းစုဦးစားပေး ဒီမိုကရေစီက လူနည်းစု တိုင်းရင်းသားလူမျိုးများကိုပို၍ ကိုယ်စားပြုသည့်ပုံစံဖြစ်သည်။ ဤသို့ပုံစံများကြားတွင် ရွေးကောက်ပွဲလည်းရှိပြီး တင်မြှောက်ခံရသော နိုင်ငံအကြီးအကဲ သို့မဟုတ် အစိုးရအကြီးအကဲက de facto တရားဝင်ပြဋ္ဌာန်းမထားသော်လည်း အမှန်ဖြစ်နေသည့်သဘောဖြင့် လက်တွေ့တွင် ပို၍အာဏာရှိသော၊ အာဏာကို ချုပ်ကိုင်ခွင့်ရရှိနေသော ဒီမိုကရေစီပုံစံတစ်မျိုးလည်း ရှိသေးသည်။ ၎င်းကို Guided democracy ဟုခေါ်သည်။ ယခင်က အင်ဒိုနီးရှား၊ ယခုရုရှား စသည့်နိုင်ငံများကျင့်သုံးနေသည့်ပုံစံဟုဆိုကြသည်။

## အားလုံးကို ကိုယ်စားပြုနိုင်မှ စစ်မှန်တရားမျှတမှုရှိပါမည်

**စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲပုံစံသည် အလွန်အရေးကြီးပါသည်။ ယှဉ်ပြိုင်သူ အားလုံးအတွက် တန်းတူညီမျှ ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲသည်သာ ဒီမိုကရေစီ၏ ပုံရိပ်ကို အသက်ဝင်စေပါသည်။** ထို့ကြောင့် အနာဂတ်ဒီမိုကရေစီနှင့်အတူ ယှဉ်တွဲလာမည့် ဖက်ဒရယ်အခြေခံ ပြည်ထောင်စုကြီးအတွက်ကောအများစုနည်းတူ အနည်းစုကိုယ်ပါ ကိုယ်စားပြုနိုင်ရန်အတွက်ပါ တိကျသေချာစေမည့် အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်ကို နောင်ရွေးကောက်ပွဲများတွင် မိတ်ဆက်ကျင့်သုံးတော့မည်ဖြစ်ပါသည်။

မဏ္ဍိုင်သုံးရပ်လုံးတွင် တိုင်းရင်းသားများ ပါဝင်လာနိုင်ခြေပိုများလာပြီး တစ်ပါတီတည်း ကြီးစိုးမှုကိုရပ်တန့်နိုင်မည်ဖြစ်ကာ ပါတီအားလုံးကို ကိုယ်စားပြုသည့် အာဏာခွဲဝေမှုများကိုလည်း မြင်တွေ့လာရတော့မည်ဖြစ်ပါသည်။ လူနည်းစု၏အမြင်များကိုပါ ထင်ဟပ်တော့မည် ဖြစ်ခြင်းကြောင့် ပွတ်တိုက်မှုများနှင့် ပဋိပက္ခများ လျော့နည်းလာနိုင်ပြီး နိုင်ငံသားအားလုံး၏အကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်တော့မည်ဟု သုံးသပ်ရပါသည်။ သို့သော်လည်း ရွေးကောက်ပွဲကျင်းပရုံဖြင့် ပြီးပြည့်စုံသော ဒီမိုကရေစီရရှိပြီဟု ဆိုလိုခြင်းမဟုတ်သလို အာဏာသုံးရပ်ခွဲခြားပြီးတိုင်းလည်း ဒီမိုကရေစီယဉ်ကျေးမှုမရှိက စစ်မှန်မှုမရှိနိုင်ကြောင်းကိုမူ သိနားလည်ထားရမည်ဖြစ်ပါသည်။

## ဒီမိုကရေစီအာဏာရှင်ပုံစံသို့ လမ်းချော်သွားနိုင်သည်ကို သတိပြုပါ

နောက်တစ်ချက်က ဒီမိုကရေစီတွင် တာဝန်ယူတာဝန်ခံမှု အရေးကြီးခြင်းနှင့်အတူ ကတိတည်ရန်လည်း လိုအပ်သည်။ အထူးသဖြင့် ရွေးကောက်ပွဲအနိုင်ရ လွှတ်တော် ကိုယ်စားလှယ်များနှင့် တက်လာသော အစိုးရတစ်ရပ်အတွက် ပိုအရေးကြီးသည်။ ပြည်သူကို ကိုယ်စားပြုပြီးတက်လာသော ကိုယ်စားလှယ်က ပြည်သူ့မျက်နှာမကြည့်ဘဲ ပါတီအကျိုးနှင့် ပါတီခေါင်းဆောင်၏ လိုအပ်ချက်များကိုသာ တာဝန်ခံနေရခြင်းကြောင့် ဒီမိုကရေစီကို အလွဲသုံးစားလုပ်သလိုဖြစ်ရသည်။

တလွဲတာဝန်ခံမှုတွေ၊ အတ္တလိုအင်တွေနှင့်ပြည့်နေသော အရည်အချင်းမပြည့်ဝသည့် နိုင်ငံရေးသမားများလက်ထဲတွင် ဒီမိုကရေစီဖွံ့ဖြိုးမှု အဟန့်အတားဖြစ်နိုင်သည်ကို နောင်အနာဂတ်ဒီမိုကရေစီအတွက် သင်ခန်းစာယူရမည်ဖြစ်သည်။ ပြည်သူအားလုံးနှင့် လူနည်းစုတိုင်းရင်းသားတို့၏ လိုလားချက်များကိုဥပေက္ခာပြု၊ ပါတီနှင့်ပါတီခေါင်းဆောင်ကိုသာ ဦးစားပေးလွန်းပြီး အာဏာအလွဲသုံးစားလုပ်သလိုဖြစ်သွားသည့်အခါ ဒီမိုကရေစီ အာဏာရှင်စနစ် (Authoritarian democracy) ဆီသို့ လမ်းချော်သွားတတ်သည်ကို သတိပြုရန်လိုပါသည်။

## ပညာရေးဖြင့် အခြေခံအုတ်မြစ်ချရမည့် ဒီမိုကရေစီယဉ်ကျေးမှု

**ဒီမိုကရေစီကို စည်းစနစ်တကျ မကျင့်သုံးနိုင်ခြင်းသည် ဒီမိုကရေစီယဉ်ကျေးမှုများကို မေ့လျော့နေခြင်းကြောင့်ဖြစ်သည်။ စည်းကမ်းရှိခြင်း၊ ဥပဒေကိုလိုက်နာခြင်းသည် အနိမ့်ဆုံးလိုအပ်ချက်တစ်ခုဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး တန်ဖိုးထားရမည်။** တန်းတူညီမျှ၊ တရားမျှတမှု ရှိကိုရှိရမည်ဖြစ်သည်။ လွတ်လပ်မှုကို စည်းကမ်းနှင့်တွဲ၍ ကျင့်သုံးနိုင်ရမည်။ ပရမ်းပတာ လွတ်လပ်မှုမျိုးမဟုတ်။ အမြင်မတူသူ အချင်းချင်းနားလည်မှု ပေးနိုင်စွမ်းရှိရမည်ဖြစ်ပြီး ညှိနှိုင်းနိုင်စွမ်းရှိရမည်။ မတူကွဲပြားသူများနှင့် အပေးအယူမျှမျှတတဖြင့် ယုံကြည်မှုတည်ဆောက်နိုင်ရမည်ဖြစ်ပြီး ပေါင်းစည်းလုပ်ဆောင်တတ်ရမည်။ ဒီမိုကရေစီအုတ်မြစ်ခိုင်မာရန် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းတွင် တာဝန်ရှိသလို သက်ဆိုင်ရာပါတီနှင့် ကိုယ်စားလှယ်ကို ရွေးချယ်ရမည့် ပြည်သူမှာလည်း တာဝန်ရှိသည်ဟု ခံယူနိုင်စွမ်းရှိရမည်ဖြစ်သည်။

အခြေခံအုတ်မြစ်ကောင်းဖို့အတွက် မရှိမဖြစ်မြှင့်တင်ရမည့် အရာသည် ပညာရေးဖြစ်သည်။ ကျွန်တော်တို့နိုင်ငံ အခြေအနေအရဆိုလျှင် ဒီမိုကရေစီအုတ်မြစ်အတွက် စာသင်ခန်းများသည်သာ အားကိုးရာဖြစ်တော့သည်။ အချိန်မီ မနှေးအမြန် ဆောင်ရွက်ရမည့်အရာဖြစ်သည်။ အရည်အသွေးမီ democracy resource ကို စာသင်ခန်းများတွင်ပင် ရယူစုဆောင်း၍ ဒီမိုကရေစီယဉ်ကျေးမှုကို အခြေခံပညာအဆင့်မှာပင် ပြုစုပျိုးထောင် လေ့ကျင့်ပေးရပါမည်။

ပညာကသာ ဆင်ခြင်တုံတရားကို မြှင့်ပေးနိုင်မည်ဖြစ်သည်။ ပညာအခြေခံကသာ Smart နိုင်ငံသားများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကာ ပါတီစွဲ ပုဂ္ဂိုလ်စွဲကင်းကင်းဖြင့် မဲဆွယ်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းကို မေးခွန်းများဖြင့်အကဲဖြတ်စောင့်ကြည့်လေ့လာနိုင်သော နိုင်ငံသားကောင်းများကို ပေါ်ထွက်စေပါသည်။ မဏ္ဍိုင်သုံးရပ်အပေါ်တွင် ပညာရည်ပြည့်ဝသော ပြည်သူများရှိသင့်သည်။

စာမျက်နှာ ၁၀ သို့ ✪

> **ဒီမိုကရေစီဗန်းပြ၊ အာဏာရှင်ဆန်ဆန် ယခုလို အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အသက်မွေးဝမ်းကျောင်း ရောင်းချခွင့်၊ ကိုးကွယ်ယုံကြည်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့် စသည့် လူ့အခြေခံအခွင့်အရေးများစွာ ပိတ်ပင်တားဆီး ဟန့်တားခံနေရသည်မဟုတ်ပါလား။ လွတ်လပ်မှုမရှိ၍ လူ့အဖွဲ့အစည်းများစွာမှာ အေးချမ်းသာယာမှု ကင်းမဲ့နေခြင်းကပင် အဖြေဖြစ်နေပါသည်။ ဒီမိုကရေစီကို တန်ဖိုးရှိရှိအသုံးချတတ်လျှင် စစ်မက်ကင်းပြီး အလွန်ငြိမ်းချမ်းပါသည်**





ဒီမိုကရေစီလိုလားပါသည်ဆိုသော CRPH၊ NUG၊ PDF အကြမ်းဖက်သမားများက ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ စာသင်ကျောင်းအား မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်လန်မြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ရန်ကင်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နှင့် တောင်သာမြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။


တောင်ကြီးမြို့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲပြုလုပ်စဉ်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG၊ CRPH၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG၊ CRPH၊ PDF အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုး ပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ တိုင်းပြည်ပြိုကွဲအောင် ကြံဆောင်သူမှန်သမျှ ဆန့်ကျင်ကြ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ တပ်မတော်နဲ့လက်တွဲစို့၊ တိုင်းပြည်သာယာအေးချမ်းရေး တပ်နဲ့ပြည်သူ လက်တွဲပေး၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှုအလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လုပ်ငန်းစဉ်(၅)ရပ်အား ထောက်ခံပါသည်၊ ပြည်ဖျက်သည့် CRPH၊ NUG လူသတ်သည့် PDF ဆန့်ကျင်ကြ၊ NUG၊ PDF အကြမ်းဖက်မှုအမြစ်ဖြတ်၊ NUG၊ PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်" စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်ကြွေးကြော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မအူပင်မြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းပေးအပ်ပွဲ ကျင်းပ

**မအူပင် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ရန်နှင့် အိမ်ထောင်စုစာရင်းများအား နိုင်ငံသားမိသားစုတိုင်း သတ်မှတ်စည်းကမ်းများနှင့်အညီ ကိုင်ဆောင်ထားရှိနိုင်ရန် ပန်းခင်းစီမံချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မအူပင်မြို့နယ်ဦးစီးမှူးရုံး ဦးစီးမှူး ဦးခင်မောင်အေးနှင့် ဝန်ထမ်းများက တလုတ်လပ်အရှေ့ကျေးရွာအုပ်စု ဇေယျာသိဒ္ဓိသိမ်ကျောင်း၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

### ပြောကြား

အဆိုပါပေးအပ်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသက်အပိုင်းအခြားအလိုက် ကိုင်ဆောင်နိုင်ခွင့်နှင့် နိုင်ငံသားကတ်၏တန်ဖိုးသက်ရောက်မှုများကို ပြောကြားခဲ့သည်။

### လက်ဝယ်ပေးအပ်

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နိုင် ၃(က) ၃၃ ဦး၊ အသက် ၁၈ နှစ်အထက် နိုင် ဖ(က) ၇၄ ဦး၊ အသစ်လဲလှယ် ၄၀၊ မိတ္တူ ၈၄ ဦး စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ် ၂၃၁ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၄၆ စုအား ပြည်သူများလက်ဝယ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ခိုင် (ပြန်/ဆက်)**



# ပြွန်တန်ဆာမြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ညောင်လေးပင် ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ကန်သာယာလမ်းတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဒေါ်ခင်အေးဝင်းက ၂၀၂၁-၂၀၂၂ ခြောက်လဘတ်ဂျက်တွင် ရန်ပုံငွေကျပ် ၁၅၈၁၀၀၀၀ အကုန်အကျခံ၍ အရှည် ၄၂၄ ပေ၊ အကျယ် ၁၀ ပေ၊ ဒ ရှစ်လက်မရှိသော ကွန်ကရစ်လမ်းသစ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လမ်းပြီးစီးသွားသည့်အတွက် ပြည်သူ ၂၂၀၀၀ ကျော်ကို အကျိုးပြုမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းယု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်အေးဝင်းတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့်အတူ လမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

❂ စာမျက်နှာ ၉ မှ

သို့သော်လည်း မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်၊ အမျိုးသားရေးနှင့် ဘာသာသာသနာ၊ အမျိုးသား အကျိုးစီးပွားကိုတော့ ဒီမိုကရေစီ၏ရှေ့မှာ ဦးစားပေးထားရမည်။ ပါတီအကျိုးထက် အမျိုးသားအကျိုး၊ ပါတီနိုင်ငံရေးထက် အမျိုးသားနိုင်ငံအရေးကို ပို၍ဦးထိပ်ထားရမည်။ ပါတီအလံသည် နိုင်ငံတော်အလံအောက်မှာသာ ရှိနေရမည်ဖြစ်သည်။

### ဒီမိုကရေစီ၏ဆန့်ကျင်ဘက်သည် အာဏာရှင်ဆန်ခြင်းဖြစ်သည်

ဒီမိုကရေစီက လူတိုင်းကိုတန်းတူညီမျှမှုနှင့် တန်းတူအခွင့်အရေးကိုဖြစ်စေသည်ဟု ဆိုထားသည်။ တန်းတူဖြစ်ဖို့ဆိုလျှင် တစ်ဦး၏တန်ဖိုးကို တစ်ဦးက တန်ဖိုးထားတတ်ဖို့လိုသည်။ ကျွန်တော်တို့ထံတွင် ဤသို့သော တန်ဖိုးထားမှုများ ရှိနေကြပြီလား။ အနာဂတ်ဒီမိုကရေစီအတွက် မေးခွန်းတစ်ခုဖြစ်ပါမည်။ မိမိကိုယ်တိုင်လွတ်လပ်စွာ ဖန်တီးနိုင်ခွင့်၊ ဆုံးဖြတ်နိုင်ခွင့်၊ ပြောခွင့်ဆိုခွင့်၊ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်၊ ပါဝင်ခွင့်များ ရှိရမည်ဟု ဒီမိုကရေစီစံနှုန်းများအရ ဆိုထားသည်။ ဤအတွက်ကောမိမိတို့၏ ဆင်ခြင်ပိုင်းခြားသုံးသပ်နိုင်စွမ်းရည်နှင့်အညီ "လွတ်လပ်စွာ" ဟူသော ဒီမိုကရေစီကျင့်စဉ်အတွက် အဆင်သင့်ဖြစ်ပါပြီလား၊ လိုအပ်ချက်များစွာဖြင့် ရင့်ကျက်မှုရှိရန်လိုအပ်နေဆဲဟုမြင်ပါသည်။

**ဒီမိုကရေစီဗန်းပြ၊ အာဏာရှင်ဆန်ဆန် ယခုလို အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အသက်မွေးဝမ်းကျောင်းရောင်းချခွင့်၊ ကိုးကွယ်ယုံကြည်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့်စသည့် လူ့အခြေခံအခွင့်အရေးများစွာ ပိတ်ပင်တားဆီးဟန့်တားခံနေရသည် မဟုတ်ပါလား။ လွတ်လပ်မှုမရှိ၍ လူ့အဖွဲ့အစည်းများစွာမှာ အေးချမ်းသာယာမှု ကင်းမဲ့နေခြင်းကပင် အဖြေဖြစ်နေပါသည်။ ဒီမိုကရေစီကို တန်ဖိုးရှိရှိ အသုံးချတတ်လျှင် စစ်မက်ကင်းပြီး အလွန်ငြိမ်းချမ်းပါသည်။**

အမှန်က ဒီမိုကရေစီသည် နိုင်ငံတစ်နိုင်ငံအတွက် မူပိုင်တံဆိပ်တစ်ခု မဟုတ်ပါ။ နိုင်ငံကြီးတစ်ခုက မူပိုင်ယူပြီး ရန်သူမိတ်ဆွေသတ်မှတ်ရမည့် လက်နက်ကိရိယာတစ်ခုအဖြစ်လည်း မသုံးသင့်ပါ။ တစ်ဖက်က ဘာလုပ်လုပ် ထကန့်ကွက်သည့် ဒီမိုကရေစီမျိုးလည်း မဖြစ်သင့်ပါ။ အပြန်အလှန် check and balance ထားရှိသော်လည်း ဘုံအကျိုးစီးပွားကို လျစ်လျူရှုမိသည့်အခါ ပွတ်တိုက်မှုများ၊ ပဋိပက္ခပြင်းထန်လာပြီး အကွဲအပြဲဖြစ်ကြရသည့် ဒီမိုကရေစီမျိုးလည်း မဖြစ်သင့်ပါ။ မဏ္ဍိုင်တစ်ခုခုက အခြားမဏ္ဍိုင်တစ်ခုခုအပေါ် လွှမ်းမိုးလွန်းသော အာဏာရှင်ဒီမိုကရေစီမျိုးလည်း မဖြစ်သင့်ပါ။ အများစုအားသာချက်ဖြင့် အနည်းစုအပေါ် အနိုင်ယူ အနိုင်ကျင့်သည့် ဒီမိုကရေစီလည်းမဖြစ်သင့်ပါ။ အပေးအယူလုပ်ပြီး ညှိနှိုင်းတတ်ရန်နှင့် win- win- win ကို တည်ဆောက်နိုင်ရန် လိုသည်။ ပြည်သူအားလုံး လူမှုစီးပွားဘဝများတည်ငြိမ်ပြီး ငြိမ်းချမ်းရေးကိုရှေးရှုသော ဒီမိုကရေစီမျိုးသာဖြစ်သင့်ပါသည်။ မည်သည့်ဒီမိုကရေစီပုံစံ ကျင့်သုံးသည်ဖြစ်စေ စည်းလုံးခိုင်မာသော စစ်ဘက် institution နှင့်အတူ စစ်ဘက်- အရပ်ဘက်ဆက်ဆံရေး ကောင်းမွန်အဆင်ပြေချောမွေ့စေရေးကိုမူ ဘယ်သောအခါမှ မမေ့အပ်ပေ။

အချုပ်အားဖြင့် ဒီမိုကရေစီဟူသည် ပညာ၊ ဝီရိယရှေ့ထား စိတ်ရှည်သည်းခံကာ နားလည်မှုပေးပြီး တစ်ဆင့်ပြီး တစ်ဆင့် တည်ဆောက်ယူရမည့် ရေရှည် Process တစ်ခုသာဖြစ်သည်။ အလောတကြီး လုပ်ယူရမည့်အရာ မဟုတ်ပါ။ အသွင်ကူးပြောင်းစ ဒီမိုကရေစီတိုင်းတွင် ခလုတ်ကန်သင်း အဟန့်အတားကင်းကင်းဖြင့် ချောမွေ့စွာ ဖြတ်သန်းခဲ့ရသည်ဟူ၍လည်း မရှိပါ။ အားလုံးသည် အခက်အခဲများစွာ ကျော်လွှားပြီးမှ အောင်မြင်ခဲ့ကြသည်ချည်းဖြစ်သည်။

ပြည်သူအပါအဝင် သက်ဆိုင်သူအားလုံးက တက်ညီလက်ညီ ကြိုးစားကြဖို့လိုပါမည်။ အထက်တွင် တင်ပြခဲ့သော ဒီမိုကရေစီစနစ်အမျိုးမျိုးမှ အားသာချက်များကိုယူ၍ အားနည်းချက်များကို ပြုပြင်ရပါမည်။ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရန် ပြင်သင့်ပြင်ထိုက်သော ဥပဒေများကို ပြင်ဆင်ခြင်းများ ရှိလာနိုင်ပါသည်။ မိမိနိုင်ငံ သမိုင်းနောက်ခံ အခြေအနေအလုံးစုံနှင့် ကိုက်ညီမည့် အမျိုးသားအကျိုးစီးပွားအခြေခံသည့် ဒီမိုကရေစီစနစ်မျိုးကိုသာ ပြောင်းလဲသင့်သည်များ ပြောင်းလဲ၍ မိမိနည်း မိမိဟန်ဖြင့် ရဲရဲဝံ့ဝံ့ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၆
အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ် လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ဗုဒ္ဓါနုဿတိပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ အောင်မြေသာစည် ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ လွတ်လပ်ရေးကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ စွမ်းအားပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၄) ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းတု၊ သတင်းအမှားများ ပပျောက်စေရေးကို ရည်ရွယ်၍ အချက်အလက်အခြေပြု သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၄)ဖွင့်ပွဲကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းကကျင်းပရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် ဒုတိယဥက္ကဋ္ဌများ၊ ကောင်စီဝင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

**ပြောကြား**

မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌက သင်တန်း အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကာလ သတင်းတု၊ သတင်းအမှားများကြောင့် ပြည်သူများအတွက် အကျိုးမဲ့ကိစ္စရပ်များစွာဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် မိမိတို့ သတင်းမီဒီယာသမားများအနေဖြင့် သတင်းအမှန်များကိုသာ ရေးသားဖြန့်ဝေနိုင်ရန် အားထုတ်ရမည်ဖြစ်ကြောင်း၊ မကြာသေးမီ ရက်အနည်းငယ်က အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံ၏ သတင်းမီဒီယာကောင်စီအဖွဲ့တစ်ဖွဲ့နှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးမှုပြုရာတွင် သတင်းအမှားများနှင့်ပတ်သက်၍ စိတ်ဝင်တစား ဆွေးနွေးမေးမြန်းမှုများရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက မည်သည့်သတင်းက အမှန်ဖြစ်၍ မည်သည့်သတင်းက အမှားဖြစ်သည်ကို ဖြစ်စဉ်ဖြစ်ရပ် အချက်အလက် အထောက်အထားများနှင့် တကွ ရှင်းလင်းပြခဲ့ရသည်များရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့ သတင်းမီဒီယာသမားများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ပုံရိပ်ကို ထိခိုက်စေသည့် သတင်းအမှားများ ပပျောက်ကျေပျက်အောင် ချေဖျက်ရင်း နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို ရှေးရှုဦးတည်ကာ စေတနာမှန်ဖြင့် သတင်းအမှန်များကို အမှန်အတိုင်း ရေးသားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အဆိုပါ လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်စွမ်းပေးလိုသဖြင့် ဤသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းမှူး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား ၂၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



## တနင်္သာရီတိုင်းဒေသကြီးအတွင်း စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ထောက်ပံ့လှူဒါန်းလျက်ရှိသည့်အပြင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ အင်အားဖြည့် အစားအစာများ၊ ဆေးဝါးများ၊ ရေသန့်များကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် စတိန်ကျေးရွာအုပ်စု ကရင်စုကျေးရွာရှိ နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဘုတ်ပြင်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးနေလင်းအောင်နှင့် တာဝန်ရှိသူများ သွားရောက် လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ၌ ရွာတွင်းကွန်ကရစ်လမ်းဖွင့်လှစ်

**မှော်ဘီ ဖေဖော်ဝါရီ ၂**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် အောက်ဝါးနက်ချောင်း(ရွာဟောင်း) ကျေးရွာတွင်း ကွန်ကရစ်လမ်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ဖွင့်လှစ်ကြကြောင်း သိရသည်။

**ဖွံ့ဖြိုးတိုးတက်လာမည်**

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် လမ်းအရှည် ပေ ၇၂၀ ၊ အကျယ် ၁၀ ပေ၊ ခြောက်လက်မ ဒုအား နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကွန်ကရစ်လမ်းဖွင့်လှစ် နိုင်ခဲ့သည့်အတွက်လည်း



ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သလို အလုပ်အကိုင်၊ အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တစ်အူထုံ့ဆင်း စိတ်ရင်းပင်လုံ လွှမ်းခြုံထားနိုင်ပါမှ

ဒေါက်တာမောင်သင်း

ပြည်ထောင်စုနေ့သည် စိန်ရတုပင်တိုင်ခဲ့ပါပြီ။

လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက သားချင်းမောင်နှမ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကိုလိုနီလက်အောက်ခံဘဝတွင် မနေလိုကြောင်း ကတိသစ္စာပြုပြီး မှတ်တမ်းတင်သည့်နေ့လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံ တည်စကတည်းက အေးအတူပူအမျှ ဥမကွဲသိုက်မပျက် မခွဲခဲ့ကြသည့် အစဉ်အလာကောင်း အစဉ်အလာမြတ်ကို "ငါတို့မြန်မာတိုင်းရင်းသား မောင်နှမသားချင်းတွေ ထာဝရထိန်းသိမ်းမည်" ဟု ဆက်လက်နယ်ချဲ့လိုသူတို့ကို ပြဆိုလိုက်ခြင်းပါ။

ဤသည်ကြောင့်ပင် မြန်မာပြည်တစ်လွှားမှ တောင်တန်းနေ တိုင်းရင်းသားများလည်း မကျန်ခဲ့၊ မြေပြန့်နေသွေးချင်းများလည်း ရှေ့က စောမရောက်နှင့်နေပေ။ တောင်ပေါ်မြေပြန့်အတူ ပြုံးပျော်လက်တွဲ၍ လွတ်လပ်ရေးပန်းတိုင်ဆီ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပန်းဝင်ခဲ့ကြသည်။ တစ်အူထုံ့ဆင်း သွေးချင်းမောင်နှမဟူသည့် **"သွေးသားရင်းဗီဇအခြေပြုသည့် ပင်လုံစိတ်ဓာတ် အမွန်အမြတ်"**သည် သွေးစည်းမှု၊ ညီညွတ်မှုနှင့်အတူ သားချင်းမောင်နှမ တိုင်းရင်းသားများအကြား ဖွံ့ဖွံ့ဖြိုးဖြိုးဖြင့် ဆက်လက်ရှင်သန်ဆဲပါ။

**ဝါဒမှိုင်းမှုန်ကြားက ပြတ်သားသည့်**
**သွေးသားရင်းချာစိတ်ထား**

ဘာလင်မြို့ကြီးသည် ဒုတိယကမ္ဘာစစ်ပြီးနောက် ကမ္ဘာပေါ်တွင် ထူးခြားသည့်မြို့တစ်မြို့ဖြစ်ခဲ့ပါသည်။ မြို့ကို သုံးမီတာမြင့်ပြီး ၄၃ ကီလိုမီတာရှည်သည့် အုတ်တံတိုင်းဖြင့် နှစ်ခြမ်းပိုင်းပြီး နှစ်နိုင်ငံက ပိုင်တာပါ။ တစ်ချိန်က တစ်မြို့တည်းပါ။ တစ်ခြမ်းက အရှေ့ဂျာမနီပိုင်၍ တစ်ခြမ်းက အနောက်ဂျာမနီပိုင်ပါသည်။ အနောက်ဂျာမနီပိုင်သည့် အခြမ်းကိုလည်း အရှေ့ဂျာမနီပိုင်နယ်မြေများက ပတ်လည်ဝိုင်းထားသဖြင့် သူများနိုင်ငံထဲက ကိုယ့်မြို့ဖြစ်နေသည်။ ၁၉၈၇ ခုနှစ်၌ စာရေးသူ ပညာတော်သင်ဘဝတွင် အနောက်ဂျာမနီပိုင် ဘာလင်မြို့အခြမ်းသို့ စာတမ်းဖတ်ရန်အသွား အရှေ့ဂျာမနီနယ်စပ်၌ အစစ်ဆေးခံပြီးနောက် အဝေးပြေးလမ်းအတိုင်း ဘာလင်မြို့သို့ အရောက်သွားရသည်။ ဘယ်လမ်းသွယ်ကိုမှ ဆင်းခွင့်မရှိပါ။ လမ်းရပ်နားစခန်း၌သာ ရပ်ခွင့်ရှိသည်။

ထူးခြားသည်က အဝေးပြေးလမ်းမကြီးသည် အလွန်ကောင်းသလောက် ဘေးကလမ်းသွယ်များက ပျက်စီးနေတာပါ။ အတူပါလာသည့် ဂျာမန်သူငယ်ချင်းကို အဝေးပြေးလမ်းမကြီးနှင့် လမ်းသွယ်တို့ နှစ်လမ်း ဘာလို့ဒီလောက်ကွာနေတာလဲဟု မေးတော့ အဝေးပြေးလမ်းမကြီးက အနောက်ဂျာမနီက ဖောက်ပေးထား၍ဖြစ်သည်တဲ့။ ဘာလို့ အနောက်ဂျာမနီက ဆောက်ပေးရတာလဲဆိုတော့ "နိုင်ငံရေး" ပေါ့ကွာတဲ့။ ကျွန်တော် ဘဝင်မကျပါ။ ဘာဖြစ်လို့ အရင်းရှင် အနောက်ဂျာမနီနိုင်ငံက အရှေ့ဂျာမနီ ကွန်မြူနစ်နိုင်ငံကို ကူရတာလဲဆိုသည့် မတူသည့် ဝါဒကို အစွဲပြုသည့် ကျွန်တော့်အမြင်ကြောင့် ဘဝင်မကျဖြစ်နေခြင်းပါ။



အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီတို့ကို ပိုင်းခြားထားသည့် ဘာလင်တံတိုင်းကြီး။

ဘာလင်မြို့မှပြန်လာတော့ အဆောင်တွင် အခန်းဘေးမှ နိုင်ငံရေးသိပ္ပံ မဟာဘွဲ့တက်နေသည့် သူငယ်ချင်းကို ထိုအကြောင်း မေးမိပါသည်။ သူက "မင်းတို့ဆီမှာ မိဘ၊ ဆွေမျိုးသဘောမကျပေမယ့် သူကြိုက်တဲ့သူနဲ့ အိမ်ထောင်ပြုတဲ့ မောင်နှမ၊ သားချင်း၊ ဦးလေး၊ အဒေါ်တွေရှိကြသလားတဲ့" ဟု ပြန်မေးပါသည်။ ကျွန်တော်က လူပဲ ရှိတာပေါ့လို့ ပြန်ဖြေပါသည်။ အဲဒီလို ကိုယ်မကြိုက်တဲ့သူနဲ့ ယူသွားလို့ မင်းနဲ့ အမျိုးမတော်တော့ဘူးလားတဲ့။ သူ့အမေးကို ကျွန်တော်ကတို့ဆီမှာ **"မခေါ်ချင်လို့ရတယ်၊ အမျိုးမတော်ချင်လို့မရ"** ဆိုတဲ့ ဆိုရိုးစကားရှိသည်ဟုပြောတော့ သူက "တို့ဂျာမန်တွေလည်း အတူတူပါပဲတဲ့။ ကွန်မြူနစ်တို့၊ အရင်းရှင်တို့ဆိုတာက သူကြိုက်ပြီး ကိုယ်မကြိုက်၊ ကိုယ်ကြိုက်ပြီး သူမကြိုက်တဲ့ ဝါဒတွေပါ။ တို့ဂျာမန်တွေ ပိုခံနေရတာက ခေတ်သစ်ကိုလိုနီဝါဒက သူတို့ဩဇာ လွှမ်းမိုးချင်တာကြောင့် နိုင်ငံနှစ်ခြမ်းခွဲခံရတာပါ အဆစ်ပါသေးတယ်။ ဒါပေမဲ့ အရှေ့ဂျာမနီကွန်မြူနစ်လည်း တို့အမျိုးဂျာမန်၊ အနောက်ဂျာမနီ အရင်းရှင်လည်း ဂျာမန်လူမျိုးလေကွာ၊ ဝါဒတွေမတူပေမယ့် တစ်အူထုံ့ဆင်း မောင်ရင်းနှမတွေ၊ သွေးသားအရင်းအချာတွေပါတဲ့။ အရှေ့က တို့အမျိုး၊ တို့သွေး၊ တို့သားဆင်းရဲတော့လည်း မနေနိုင်ပါ။ ကူရတာပေါ့။ **နိုင်ငံရေးမှာ ဝါဒတွေ ကျင့်စဉ်တွေထက် သွေးသားရင်းချာစိတ်ထားအမြင်က ပိုအရေးကြီးပါတယ်။ ပိုနိုင်မြဲပါတယ် သူငယ်ချင်း**"တဲ့။

သူ့အဖြေက ကျွန်တော့်ကို ဝါဒမှိုင်းမှုန်ကြားက သွေးရင်း၊ သားရင်း၊ မောင်ရင်း၊ နှမကို အလေးထားကြည့်နိုင်ရမည်ဆိုသည့် ဝါဒတွေထက် အရေးကြီးတဲ့ နိုင်ငံရေးအမြင်ကို သိမြင်စေခဲ့ပါသည်။

**တစ်အူထုံ့ဆင်း မောင်ရင်းနှမ**
**ပင်လုံစိတ်ထား**

များသောအားဖြင့် ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည်ကိုသာ အားလုံးသိကြသည်။ ဤသို့ဖြစ်လာရန် ဗိုလ်ချုပ်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ အတူကြိုးပမ်းခဲ့ကြရသည်။ ဗိုလ်ချုပ်အောင်ဆန်းဆိုလျှင် "ကျွန်တော် အင်္ဂလန်သွားပြီး ပြည်မရော တောင်တန်းဒေသတွေကိုပါ လွတ်လပ်ရေးအတွက် တောင်းဆိုချင်ပါတယ်" ဆိုတာမျိုးအစချီကာ ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်၊ ကော်သူလေး (ယနေ့ ကယားပြည်နယ်)၊ ကရင်ပြည်နယ် အသီးသီးသို့ သွားရောက်ခဲ့ကာ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့သည်။ ဆွေးနွေးရာတွင် ရင်တွင်းမှထွက်ပေါ်လာသည့်စကားသည် "တစ်အူထုံ့ဆင်း၊ မောင်ရင်းနှမစိတ်ထား" ကို အခြေခံတာမို့ အောင်မြင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့လေး၌ တိုင်းရင်းသားမောင်နှမများ၏ အေးအတူပူအမျှ လွတ်လွတ်လပ်လပ်နေလိုပါသည်၊ ကိုလိုနီလက်အောက်ခံတော့ ဆက်မနေလိုပါဆိုသည့် သွေးဗီဇအခြေပြု ကတိပြုစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ ပင်လုံစိတ်ထားဟု ခေတ်သစ်မြန်မာနိုင်ငံသမိုင်းတွင် ကင်ပွန်းတပ်ခဲ့သည်။ အလွယ်တကူမဟုတ်ခဲ့ပါ။ နယ်ချဲ့ကိုလိုနီ၏ နည်းမျိုးစုံမှိုင်းတိုက်သည့် သွေးခွဲဝါဒမျိုးစုံကြားက "သွေးချင်းမောင်နှမချစ်ကြည်မှုဗီဇ" ကို အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များ မြင်အောင်ကြည့်နိုင်ခဲ့ကြသည်။ ပြီးတော့ စည်းလုံးမှုကို ပြတ်သားစွာ ပြသခဲ့ကြသည်။

တကယ်တော့ ပင်လုံစိတ်ဓာတ် မတိုင်မီကတည်းကလည်း "တစ်အူထုံ့ဆင်း မောင်ရင်းနှမစိတ်ဓာတ်" ကို မြန်မာတိုင်းရင်းသားများ အောင်မြင်စွာပြသခဲ့ပြီးပါပြီ။ ဖက်ဆစ်တော်လှန်ရေးမှာပါ။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပူးပေါင်းပါဝင်ခဲ့ကြပါသည်။ ဂျပန်၏ ဖက်ဆစ်ဝါဒက အာရှတန်းတူညီမျှရေး ဝါဒမှိုင်းဖြင့် အင်္ဂလိပ်ပြီးနောက် ထပ်မံကျွန်ပြုခဲ့သည်။ အရောင်ပြ၊ ဟန်ပြ၊ ရွှေရည်စိမ်လွတ်လပ်ရေးဆိုသည်ကို သိလိုက်သည့်အခါတွင် နိုင်ငံသားအားလုံး ပေါင်းစည်းညီညာသည့် တော်လှန်ရေးအဖွဲ့၊ တစ်နည်းအားဖြင့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် မြန်မာတိုင်းရင်းသားအစုံအလင် လူတန်းစားမျိုးစုံ၊ ပါတီစုံ၊ ကွန်မြူနစ်ဝါဒ၊ အရင်းရှင်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ ယုံကြည်သူများ၏ ပါတီအဖွဲ့ဝင်များ ပါဝင်ခဲ့ပေသည်။

သို့သော်အမျိုးသားရေးဝါဒ၊ တစ်နည်းအားဖြင့် မြန်မာတိုင်းရင်းသားများဟူသည့် တစ်အူထုံ့ဆင်း မောင်ရင်းနှမစိတ်ထားက အားလုံး၏ ရင်ထဲ၊ အသည်းထဲ၊ ဦးနှောက်ထဲ ကိန်းအောင်းသည့်အတွက် စည်းလုံးခဲ့၊ ညီညွတ်ခဲ့၍ အင်္ဂလိပ်တို့နှင့် ပြန်ပေါင်းကာ ဂျပန်ကို ပြန်လည်မောင်းထုတ်နိုင်ခဲ့သည်။ ရောင်ပြ "အာရှတန်းတူဝါဒ" မှိုင်းကြားက မိမိတို့၏ အမျိုးမှန်၊ အဖိုးတန် အမျိုးသားညီညွတ်ရေးဝါဒကို မြင်အောင်ကြည့်နိုင်ခဲ့သည်။

**သွေးခွဲဝါဒကြားက**
**သွေးသားရင်းချာစိတ်ထား အလင်းတန်း**

အောင်မြင်ခြင်း၏သော့ချက်က ဘယ်ဟာအတု၊ ဘယ်ဟာအစစ် ခွဲခြားနိုင်မှုပညာတည်း။ ယင်းပညာသည် ဓမ္မနှင့် အဓမ္မကို ပိုင်းခြား၏။ ငြိမ်းချမ်းမှု၊ မငြိမ်းချမ်းမှုကိုသိ၏။ အဖျက်မှိုင်းကို ကွဲကွဲခံနိုင်၏။ သို့ပါ၍ တိုင်းရင်းသားများက ဘယ်ဟာ **"အနှစ်"၊ ဘယ်ဟာ "အကာ"** ကို ကွဲပြားအောင်ကြည့်နိုင်၏။ သို့သော် ဆက်လက်သွေးခွဲလိုကြသူ ဗြိတိသျှတို့က နည်းမျိုးစုံခွဲကြ၏။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံတွင် အုပ်ချုပ်မည့် "စက္ကူဖြူစီမံကိန်း" အရ "ကချင်ပြည်နယ်သည် မြန်မာနိုင်ငံထဲမပါဝင်ဘဲ တသီးတခြားနေလိုက နေနိုင်ကြောင်း၊ ကချင်အမျိုးသား အဆင့်အတန်းမီအောင်အတွက် မိမိတို့က ထောက်ပံ့ကူညီမည်" စသည်ဖြင့် မြစ်ကြီးနားမြို့တွင် ဘုရင်ခံဆာဒေါ်မန်စမစ်ကိုယ်တိုင်သွေးခွဲခဲ့သည်။

ထို့အတူ "ကရင်နီနယ် (ယနေ့ ကယားပြည်နယ်) ကို အင်ဒီပင်းဒင့်နယ်မြေဖြစ်သည်၊ ဗမာပြည်အဆင့်အတန်းထက်မြင့်သည်၊ ကိုယ့်ကောင်စီနှင့် ကိုယ်လုပ်နိုင်သည်၊ အင်္ဂလိပ်ထံ ငွေချေး၍ ပြန်လည်ထူထောင်နိုင်သည်" စသည်ဖြင့် တောင်တန်းဒေသဆိုင်ရာ မဟာမင်းကြီး စတီဗင်ဆင်က ခြေထိုး၏။ တချို့နားယောင်၏။ သို့သော် ကရင်နီလူထုကိုယ်စားလှယ်များ တတိယအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်တက်ရောက်လာခြင်းက ဗြိတိသျှတို့၏ ကရင်နီပြည်နယ်တွင် သွေးခွဲဇာတ်လမ်းကျဆုံးမှုဖြင့် အဆုံးသတ်စေခဲ့သည်။

သွေးခွဲမှု၏ အထင်ရှားဆုံးလုပ်ရပ်မှာ အင်္ဂလန်တွင် "တောင်တန်းများပါ ပြည်မနှင့်အတူ လွတ်လပ်ရေးရလိုကြောင်း တောင်းဆို" နေသည့် ဗိုလ်ချုပ်အောင်ဆန်းကို ဗြိတိသျှနန်းရင်းဝန် "အက်တလီ" က ကြေးနန်းစာတစ်စောင် ပေး၍ဖတ်လိုက်ရာ "ဗိုလ်ချုပ်အောင်ဆန်းဟာ ရှမ်းစော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်၊ တောင်တန်းနယ်ကိစ္စဆွေးနွေးရန် ရှမ်းစော်ဘွားများအား သီးခြားဖိတ်ခေါ်ပါ" တဲ့။ သို့သော် နောက်တစ်နေ့ တောင်ကြီး လူထုစည်းဝေးပွဲဆုံးဖြတ်ချက်ကို အင်္ဂလန်ရှိ ဗိုလ်ချုပ်အောင်ဆန်းထံ သံကြိုးစာ ရိုက်လိုက်လေသည်။ ထိုသံကြိုးစာတွင် "တောင်တန်းဒေသများသည် ပြည်မနှင့်ပူးပေါင်း၍ လွတ်လပ်ရေးရယူလိုကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းသားအားလုံးအတွက် ပြောပိုင်ခွင့်ရှိပြီး သူ၏လိုလားချက်၊ အဆိုပြုချက်များကို ထောက်ခံကြောင်း" ဟု ဖော်ပြထားသဖြင့် ဗြိတိသျှနန်းရင်းဝန်အား ပြသသည့်အခါ "တောင်တန်းကိစ္စကို ပင်လုံမြို့၌ ဖေဖော်ဝါရီလတွင် ဆွေးနွေးရန်ဖြစ်ပေါ်လာခဲ့သည်။ **စာမျက်နှာ ၁၃ သို့**✽

> **"၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့လေး၌ တိုင်းရင်းသားမောင်နှမများ၏ အေးအတူပူအမျှ လွတ်လွတ်လပ်လပ်နေလိုပါသည်၊ ကိုလိုနီလက်အောက်ခံတော့ ဆက်မနေလိုပါဆိုသည့် သွေးဗီဇအခြေပြု ကတိပြုစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ ပင်လုံစိတ်ထားဟု ခေတ်သစ်မြန်မာနိုင်ငံသမိုင်းတွင် ကင်ပွန်းတပ်ခဲ့သည်။ အလွယ်တကူမဟုတ်ခဲ့ပါ။ နယ်ချဲ့ကိုလိုနီ၏ နည်းမျိုးစုံမှိုင်းတိုက်သည့် သွေးခွဲဝါဒမျိုးစုံကြားက "သွေးချင်းမောင်နှမချစ်ကြည်မှုဗီဇ" ကို အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များ မြင်အောင်ကြည့်နိုင်ခဲ့ကြသည်။ ပြီးတော့စည်းလုံးမှုကို ပြတ်သားစွာ ပြသခဲ့ကြ"**

✻ စာမျက်နှာ ၁၂ မှ

သွေးခွဲဝါဒမှိုင်းကြားက ကျွန်ဘဝမှာ မပျော်ပိုက်ကြောင်း **“သွေးသားရင်းချာစိတ်ထား အလင်းတန်း”** ကို မြန်မာနိုင်ငံတွင် ကိုလိုနီဝါဒဆက်၍ သက်ဆိုးရှည်ရန် ကြိုးပမ်းနေသူများအား ထင်ထင်ရှားရှား ထိုးပြနိုင်ခဲ့ပါသည်။ ပင်လုံစိတ်ဓာတ်ဟု သမိုင်းတွင်ခဲ့သည်။

**ဝါဒအရိပ်ထက်သာသည့် ဆွေရိပ်၊ မျိုးရိပ်**


အနောက်ဂျာမနီကို ပညာသင်သွားစဉ်တွင် အရှေ့ဂျာမနီက ပင်စင်စား မူလတန်းပြဆရာမကြီးတစ်ဦးနှင့် ၁၉၈၇ ခုနှစ်တွင် ဆုံတွေ့ခဲ့ပုံလေးကို အမှတ်ရမိပါသေးသည်။ အရှေ့နှင့် အနောက်ဂျာမနီ နယ်စပ်က မြို့လေးတစ်မြို့တွင် ခရစ္စမတ်ကာလ သူငယ်ချင်းအိမ်အလည်သွားရင်း ဆုံတွေ့ခဲ့တာပါ။ သူငယ်ချင်းအဖေ၏ အစ်မပါ။ အရှေ့ဂျာမနီမှ ပင်စင်ယူပြီးသည့်သူများ ခရစ္စမတ်ကာလတွင် အနောက်ဂျာမနီမှ ဆွေရင်း၊ မျိုးရင်းများဆီ နှစ်ပတ်လာလည်ခွင့်ရှိပါသည်။ လာလည်ရင်း နေမကောင်းဖြစ်နေလျှင်လည်း ဆက်နေခွင့်ရှိပါသည်။ အရှေ့ဂျာမနီမှ သူငယ်ချင်း၏ အကြီးတော်စပ်သူ အငြိမ်းစား ဆရာမကြီးဆိုလျှင် သူ့မောင်၊ သူ့ယောင်းမ၊ တူ၊ တူမများဆီတွင် သုံးရက်နေပြီးလျှင် ဘယ်မြို့က မောင်နှမတစ်ဝမ်းကွဲများဆီ သွားလည်မည်ဆိုပြီး ပြုံးပျော်နေပါသည်။

**“လူ့ဘဝ တိုတိုမှာ ဟိုဝါဒ၊ ဒီဝါဒ အရိပ်တွေထက် ဆွေရိပ်၊ မျိုးရိပ်၊ သွေးသားရင်းချာ အရိပ်အောက်မှာသာ ပျော်ရွှင်ငြိမ်းချမ်းတဲ့ လူ့ဘဝတန်ဖိုးကို ရယူပေးစွမ်းနိုင်ကြောင်း”** ကို ထိုအချိန်က အရှေ့နှင့် အနောက်ဂျာမနီတွင် အရင်းရှင်ဝါဒနှင့် ကွန်မြူနစ်ဝါဒကို ဦးဆောင်နေကြသည့် နှစ်နိုင်ငံခေါင်းဆောင်များ သဘောပေါက်လက်ခံထားကြဟန်တူပါသည်။ မွန်မြတ်သည့် “သွေးသားရင်းချာစိတ်ထား” က ပေါက်ဖွားလာသည့် လူ့အခွင့်အရေးရလဒ်ဟု မြင်မိပါသည်။

**သွေးမြေမကျ၊ ကျည်ဆန်ဖောက်ရန် မလိုသည့် သွေးသားရင်းချာစိတ်ထား**

ဒုတိယကမ္ဘာစစ်အပြီးတွင် နိုင်ငံ နှစ်ပိုင်းကွဲသွားသည့် နိုင်ငံသုံးနိုင်ငံရှိခဲ့ပါသည်။ ဂျာမနီ၊ ဗီယက်နမ်နှင့် ကိုရီးယားတို့ပါ။ ပထမဦးဆုံး ပြန်ပေါင်းသည်က တောင်နှင့်မြောက် ဗီယက်နမ်ပါ။ ပြီးနောက် အရှေ့နှင့် အနောက်ဂျာမနီပါ။ ယနေ့ထိ မပေါင်းသေးသည်က တောင်နှင့်မြောက်ကိုရီးယားပါ။ အမေရိကန်ဦးဆောင်သည့် အရင်းရှင်အုပ်စုနှင့် ရုရှားအုပ်စု၏ ကွန်မြူနစ်နိုင်ငံများအဖြစ် ခွဲခြားခံရခြင်းပါ။ ဗီယက်နမ်နှစ်နိုင်ငံ ပြန်ပေါင်းရန်အတွက် နှစ်ဖက်ဆွေမျိုးများ သားချင်းများ တိုက်ကြ၊ ခိုက်ကြ၊ သေကြ၊ သွေးမြေကျခဲ့ရပါသည်။ ဂျာမနီနှစ်နိုင်ငံ ပြန်ပေါင်းကြသည့်အခါမှာတော့ စစ်ရေးဖြင့် မဖြေရှင်းပါ။ စစ်ရေးက ဘယ်ဘက်ကသေသေ နောက်ဆုံးတွင် သေဆုံးသူက ဂျာမန်ပါပဲ။ သွေးသားရင်းချာပါ။ အရှေ့ဂျာမနီဘက်က ပြန်လည်ပေါင်းစည်းရေးကိုဦးဆောင်ခဲ့သည့်ပညာရှင်များနှင့် နိုင်ငံရေးခေါင်းဆောင်များကို “ဘာဖြစ်လို့ ကွန်မြူနစ်ဝါဒကို စွန့်လွှတ်ပြီး အနောက်ဂျာမနီနဲ့ ပေါင်းရတာလဲ” ဆိုသည့်မေးခွန်းကို “ဆောင်ရွက်တုန်းကတော့ နိုင်ငံနဲ့ ပြည်သူတွေကောင်းစားမယ်ဆိုပြီး လုပ်ခဲ့တာပါ။ ဝါဒကို ဖက်တွယ်တာကြာတော့ အနောက်က အမျိုးတွေက ပိုချမ်းသာ၊ ပိုဖွံ့ဖြိုး၊ နိုင်ငံတကာမှာ ပိုဝင်ဆံ့၊ အရှေ့ဘက်က ပိုဆင်းရဲလာတာ တွေ့ရတော့ ဝါဒကို ဆက်ပြီးဖက်တွယ်မလား၊ ပြည်သူကောင်းစားရေးကို ရှေးရှုမလားဆိုတော့ ပြည်သူ့ဘက်က အားသာသွားတာပါပဲ” ဟုသတည်း။

အနောက်ဂျာမနီကမူ “အမျိုးဟာအမျိုးပဲ၊ အဖြူအနီဝါဒ၊ ကွန်မြူနစ်ဝါဒမလို၊ ဂျာမန်ဟာ သွေးရင်းသားရင်းမို့ ပေါင်းပါမယ်” ဆို၏။ ဒါပေမဲ့ အနောက်အုပ်စုအဖွဲ့က ကွန်မြူနစ်ဝါဒကို စွန့်မှတဲ့၊ ယင်းဖြင့် အရှေ့ဂျာမနီမှ ပြည်နယ်ငါးခုကို ကွန်မြူနစ်ဝါဒ



တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ခရီးထွက်လုံးပန်းရင်း ၁၉၄၆ ခုနှစ် ရှမ်းပြည်နယ် ခရီးစဉ်တွင် ညောင်ရွှေဟော်၌ ဗိုလ်ချုပ်အောင်ဆန်းအား စော်ဘွားများနှင့်အတူ တွေ့ရစဉ်။

စွန့်လွှတ်ရန်စည်းရုံးရာ အထက်မှာဖြေခဲ့သလို ပြည်သူအတွက်မို့ ဝါဒကို ဖက်တွယ်မထားတော့ပါဆို၏။ လွယ်လွယ်ကူကူတော့မဟုတ်ပါ။ နှစ်နိုင်ငံခေါင်းဆောင်များ၊ အရှေ့ အနောက်အုပ်စုနိုင်ငံများနှင့် ညှိနှိုင်းရ၊ ဆွေးနွေးရပါသည်။ အမျိုးများပြန်လည်ပေါင်းဆုံရေးအတွက် ပင်ပန်းရကျိုးနပ်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့မှာတော့ ကျည်မဖောက်၊ သွေးမြေမကျဘဲ နှစ်နိုင်ငံပြန်လည်ပေါင်းဆုံခဲ့ကြသည်။ ဘာလင်တံတိုင်းကြီးလည်း ပြိုပျက်ကာ တစ်မြို့တည်းနေပြီး မမြင်ရ မဆုံရသည့် ဆွေကွဲမျိုးကွဲဘဝဇာတ်ခုံကြီး ပျက်သုဉ်းခဲ့ပါသည်။

**ဝါဒတွေအပေါ်က အမျိုးသားရေးစိတ်ဓာတ်**

ဒုတိယကမ္ဘာစစ်ကို စတင်မီးမွေးခဲ့သည်က ဂျာမနီပါ။ ဒါနဲ့ “ဂျာမနီဘာလို့စစ်ရှုံးခဲ့တာလဲ” ဆိုတော့ နိုင်ငံရေးသိပ္ပံသင်ယူနေတဲ့ သူငယ်ချင်းက “တစ်ကမ္ဘာလုံးနဲ့ တစ်နိုင်ငံတိုက်တာ ရှုံးတာပေါ့” တဲ့။ မှန်ပါသည်။ အီတလီက မူဆိုလီနီ၏ အကူအညီလည်းမရ၊ အာရှကဂျပန်ကလည်း အာရှမှာ သူ့ဟာသူ တိုက်နေရတာ၊ ဥရောပနှင့် အာဖရိကကို ဂျာမန်တစ်ဦးတည်း တိုက်ခဲ့တာပါ။ ဒ့ါအပြင် ပထမကမ္ဘာစစ်မှာလည်း ဂျာမန်တွေပဲ။ ဒါနဲ့ဘာလို့ ဂျာမနီနိုင်ငံ နှစ်ခြမ်းခွဲခဲ့တာလဲဆိုတော့ “အင်အားပြန်ကြီးလာပြီး ဦးမော့လာမှာကြောက်လို့တဲ့။ ဒါကြောင့် ခွဲခဲ့တာ။ တကယ်တော့ နယ်မြေတစ်မြေကို စိုးမိုးချင်ရင် စည်းလုံးမှုအားနည်းသွားအောင် သွေးခွဲတာအရင်လုပ်ကြတယ်။ ဒ့ါကြောင့် သွေးခွဲဝါဒ၊ ခေတ်သစ်ဩဇာလွှမ်းမိုးရေးကိုလိုနီဝါဒပေါ့ကွာ”တဲ့။

ဂျာမနီမှာ အမေရိကန်စစ်စခန်းများချထားသလို အရှေ့ဂျာမနီမှာလည်း ဆိုဗီယက်တပ်များ ချထားပြီး နှစ်နိုင်ငံကို ခွဲခဲ့ကြသည်။ “တို့ ဂျာမန်နှစ်နိုင်ငံက မင်းမြင်သလို အရင်းရှင်ဝါဒ၊ ကွန်မြူနစ်ဝါဒတို့ဒဏ်ကိုသာ ခံရတာမဟုတ်ဘူး၊ သွေးခွဲဝါဒနဲ့ ဗိုလ်ကျစိုးမိုးရေးဝါဒတို့ပါ ခံနေရတာ စုစုပေါင်း လေးဝါဒပေါ့။ အဲဒီ လေးဝါဒလှိုင်းတံပိုးအောက်က တို့ဂျာမန်တွေ လွတ်မြောက်ချင်ရင် ဝါဒတွေထက်မြင့်တဲ့ “အမျိုးသားရေးစိတ်ဓာတ်” (National Spirit) (သို့မဟုတ်) “တစ်အူထုံ့ဆင်း ညီရင်းမောင်နှမစိတ်ထား” မဖြစ်မနေရှိရမယ်လို့ ငါတို့ ဂျာမန်တွေ ခံယူထားတယ်။ အရှေ့ဂျာမနီကို တို့အနောက်က အဝေးပြေးလမ်းဖောက်ပြီးကူညီတာ အသေးအဖွဲလေးပါကွာ။ အဲဒါထက်အရေးကြီးတာက ဒီအမျိုးသားရေးစိတ်ဓာတ်ကြောင့် တို့တစ်ချိန်ချိန် ပြန်ပေါင်းနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ စောင့်ကြည့်ပေါ့ကွာ။ ကြာလိမ့်မယ်မထင်ဘူး” ဟုဆို၏။

ဂျာမန်သူငယ်ချင်းနှင့် ကျွန်တော်တို့ “ဂျာမန်တို့ရဲ့ သွေးရင်းစိတ်ထား” အကြောင်း စကားလက်ဆုံကျသည်က ၁၉၈၇ ခုနှစ် အစောပိုင်းမှာပါ။ ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းသည်က ၁၉၈၉ ခုနှစ် နိုဝင်ဘာလဆိုတော့ သုံးနှစ်မကြာခဲ့ပါ။

“တစ်အူထုံ့ဆင်း မောင်ရင်းနှမ စိတ်ထား” (သို့မဟုတ်) “အမျိုးသားရေးစိတ်ဓာတ်” က အရင်းရှင်၊ ကွန်မြူနစ် ဗိုလ်ကျစိုးမိုးရေးနှင့် သွေးခွဲဝါဒတို့ကို အနိုင်ယူခဲ့သည်။ နှစ်ပေါင်း ၄၅ နှစ်ခန့် အခွဲခံရသည့်ဒဏ်ကို ခံခဲ့ရသည့် တစ်အူထုံ့ဆင်း မောင်ရင်းနှမစိတ်ထားကြောင့် ဂျာမန်နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့သည်မှာ နှစ်ပေါင်း ၃၂ နှစ် ကျော်ခဲ့ပါပြီ။

**ခေတ်သစ်သွေးခွဲမှိုင်းကြားက သွေးသားမောင်နှမဝါဒ**

တစ်အူထုံ့ဆင်း မောင်ရင်းနှမစိတ်ထား ရေချိန်အမြင့်ဆုံးအချိန်တွင် စည်းလုံးခဲ့၊ ညီညွတ်ခဲ့ကြသည်။ ထိုနေ့သည် ပြည်ထောင်စုနေ့အဖြစ် သမိုင်းတွင်ခဲ့သည်။ ထိုနေ့သာမရှိခဲ့လျှင် ယနေ့လို မြန်မာတိုင်းရင်းသားတို့၏ လွတ်လပ်ရေးသည် ယခုလို တောင်တန်းမြေပြန့် တိုင်းရင်းသားများ၏ စစ်မှန်သည့်လွတ်လပ်ရေးဖြစ်လာရန် အတော်ခက်ခဲပေလိမ့်မည်။ ထိုအချိန်က သွေးခွဲဝါဒသည်ရှိနေခဲ့၏။ ဗိုလ်ချုပ်တို့ တောင်တန်းအတွက် အရေးဆိုသည်ကို သံကြိုးရိုက်၍ မိမိတို့ ကိုယ်စားလှယ်မဟုတ်ဟု ကန့်ကွက်ခဲ့သည်။ ရှမ်းပြည်ကို နှစ် ၃၀ လောက် လွတ်လပ်ရေးမပေးရန်၊ ချန်ထားရန်ကြံစည်မှုကို ဖော်ထုတ်ခဲ့သည်။ ထို့အတူ ကချင်နှင့် ကယားနယ်ကိုထားခဲ့ရန် ကြိုးစားခဲ့၏။ ယနေ့မှာလည်း အတူတူပင်ဖြစ်သည်။ ပြည်ထောင်စုကိုထပ်ခွဲရန် ဒီမိုကရေစီကို အရေခြုံကာ မှိုင်းတိုက်၏။ မှိုင်းထူအောင် “လူ့အခွင့်အရေး” ဆိုတာကပါ မျက်နှာဖုံးတပ်မီးရှို့၏။ တိုင်းရင်းသားခေါင်းဆောင်ပိုင်းသာမက လူထုအတွင်းပါ “အမျိုးသားရေးဝါဒ” ဆိတ်သုဉ်းအောင်ပြု၏။

တကယ်တော့ မြန်မာတိုင်းရင်းသားများ၏ လက်ထဲက **“စစ်မှန်သည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့သည် အချင်းချင်းသွေးကွဲအောင်မပြု။ ငြိမ်းချမ်းမှု၊ သာယာမှုကိုသာပေးစွမ်း၏။ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးကိုစွမ်းဆောင်၏။”** နယ်ချဲ့ဝါဒီများ၏ အတုအယောင် ဒီမိုကရေစီသည်ကားသည်းခြေကြိုက်အဖြစ်သာ အသုံးချကာ သွေးခွဲ၏။ ငြိမ်းချမ်းမှုပျက်စီးအောင် စွမ်းဆောင်၏။ ယနေ့ အာရပ်နိုင်ငံများက သက်သေထူနေ၏။ မြန်မာတိုင်းရင်းသားများ ကြီးစွာသော သွေးသားရင်းချာသတိရှိရပါမည်။

စစ်ပြီးခေတ်မှ သွေးခွဲဝါဒသည် ရပ်မနေခဲ့။ ယနေ့တိုင်နည်းမျိုးစုံဖြင့် မှိုင်းတိုက်နေဆဲပါ။ ထိုခေတ်သစ် သွေးခွဲဝါဒမှိုင်းများကြောင့် ယနေ့ အခြေအနေတွင် တိုင်းရင်းသားများကြားသာမက အင်စတီကျူးရှင်းများ၊ ပါတီများ၊ အဖွဲ့အစည်းများ၊ ဝန်ထမ်းများ၊ မိတ်ဆွေသူငယ်ချင်းများ၊ မိသားစုဝင်များ၊ ဆရာတပည့်ကြားနှင့် ထောင်စုနှစ်ချီ ကျစ်လျစ်ခိုင်မာခဲ့သည့် သံဃာများအကြား ဆက်ဆံရေးတို့တွင် စိတ်ဝမ်းကွဲမှု ပြင်းထန်ခဲ့သည်။

သွေးခွဲသူ ကိုလိုနီလက်သစ်များနောက်ကို လိုက်ပြီး သာယာနေမိလျှင် ကျွန်တော်တို့ တိုင်းရင်းသားမိသားစုဝင်များ ဆက်ပြီးစိတ်ဝမ်းကွဲကြမည်။ သွေးမြေကျပါလိမ့်မည်။ သွေးခွဲဝါဒီများ၏ အရောင်ပြ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး မှိုင်းဆိပ်သင့်ကြပေလိမ့်မည်။ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးမှု၊ ညီညွတ်မှုကို အခြေပြုသည့် “မြန်မာ့တိုင်းရင်းသားသွေးချင်းစိတ်ထား” ထက် “ဒီမိုကရေစီအရေး”၊ “လူ့အခွင့်အရေး”၊ “တန်းတူရေး” တို့က မြန်မာ့လူ့အဖွဲ့အစည်းတွင် ပို၍အရေးပါနေသယောင် သွေးခွဲသူများက ဖန်တီးကြပေလိမ့်မည်။ “သွေးသားရင်းချာသတိ” ဖြင့် သွေးခွဲမှုကို မြင်အောင်ကြည့်နိုင်ရပါမည်။ ပြီးတော့ ရှောင်ရှားနိုင်သည့်သတ္တိ ရှိရပါမည်။

ဂျာမန်တွေ အင်အားချည့်နဲ့စဉ်က အခွဲခံ၊ အပိုင်းခံရသည့် နှစ်နိုင်ငံကို ဝါဒမှိုင်းဆိပ်များ၏ ထိပ်က “သွေးသားရင်းချာ စိတ်ထား” ကြီးမားလွန်း၍သာ ကျည်ဖောက်စရာမလို၊ သွေးမြေကျမှု နတ္ထိဖြင့် ပြန်လည်ပေါင်းဆုံခဲ့ကြပေပြီ။ ထိုစိတ်ထားဦးဆောင်နေလျှင် ကျွန်တော်တို့ပြည်ထောင်စုပြိုကွဲရန် အကြောင်းမရှိပေ။

ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများမှာလည်း ကိုလိုနီများ၏ သွေးခွဲဝါဒမှိုင်းဆိပ်များ၏ အထက်က “တစ်အူထုံ့ဆင်း၊ မောင်ရင်းနှမ စိတ်ထား ခိုင်မာမှု” ဟု ဆိုအပ်သည့် ပင်လုံစိတ်ထားကို တိုင်းရင်းသား လွတ်လပ်ရေးခေါင်းဆောင်ကြီးများ ပြဆိုခဲ့ပြီးပါပြီ။ အစိတ်စိတ်အမြွှာမြွှာဖြစ်ရန် သွေးထိုးခံနေရသည့်နိုင်ငံကို တစ်စုတည်း၊ တစ်စည်းတည်း တည်ဆောက်ခဲ့ကြ၏။ စိန်ရတုပင် တိုင်ခဲ့ပါပြီ။ ကျွန်တော်တို့အနေဖြင့် “ငါတို့ခေတ်ရောက်မှ ညံ့ကြသူများ” လုံးဝမဖြစ်ကြရန် ထိုစည်းလုံးမှုကို ပိုမိုခိုင်မြဲအောင် ထိန်းသိမ်းရပါမည်။

မိမိတို့နိုင်ငံ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၏ မျိုးဆက်များပီပီ သူတို့တည်ဆောက်ခဲ့သည့် “ညီညွတ်မှုစွမ်းအား”၊ “စည်းလုံးမှုလမ်းစဉ်” ကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို မျက်နှာဖုံးတပ်ပြီး ဖျက်ဆီးသူ ကိုလိုနီလက်သစ်များကြောင့် အပျက်အစီးမခံရအောင် ထိန်းသိမ်းရမည်။ ထိုသူများ၏ အခိုင်းခံဘဝ မရောက်ကြရန်လည်း အထူးသတိရှိရမည်။ တစ်အူထုံ့ဆင်း၊ သွေးချင်းမောင်နှမ၊ စိတ်ရင်းပင်လုံ၊ လွှမ်းခြုံနေပါလျှင် **ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် တန်းတူညီမျှကြွယ်ဝမှုသည် မြန်မာတိုင်းရင်းသားများအကြား ကျွဲကူးရေပါဆိုသလို အလိုလိုပြည့်ဝလာမည်မှာ မလွဲမသွေပါ။** သို့ပါ၍ “တစ်အူထုံ့ဆင်း၊ မောင်ရင်းနှမစိတ်ထားကို အစဉ်ဦးထိပ်ထားနိုင်ပါလျှင် ခေတ်သစ်သွေးခွဲဝါဒမှိုင်းမျိုးစုံကြားမှာ အမြင်ကြည်၍ အမှန်မြင်ကာ ငြိမ်းချမ်းဖွံ့ဖြိုးသည့် ပြည်ထောင်စုသားတိုင်းရင်းသားများအတွင်း **“ပင်လုံသစ္စာ”** သည် နောင်စိန်ရတုပေါင်းများစွာ ဆက်လက်ခိုင်ကျည် မြဲမြံနေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားအပ်ပါသည်။

(နိုင်ငံရေးမှာ ဝါဒမှိုင်းတို့၏ အထက်က “တစ်အူထုံ့ဆင်း၊ မောင်ရင်းနှမစိတ်ထား” သည် နိုင်ငံအတွက် အရေးအကြီးဆုံးပါဟူသည့် အသိကို ပြပေးခဲ့သည့် ဂျာမနီနိုင်ငံတွင် ပညာသင်ကြားစဉ် (၁၉၈၅–၈၉ အထိ) အဆောင်မှာ အခန်းဘေးချင်းကပ်နေသူ သူငယ်ချင်း “Jurgen Bauermeister” အား အထူးကျေးဇူးတင်ရှိပါသည်။)

**ကျမ်းကိုး။ ။ (၁) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဌာနချုပ် (၁၉၇၇) တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း။**

**(၂) တက္ကသိုလ်နေဝင်း (၁၉၉၈) ဗိုလ်ချုပ်အောင်ဆန်း ၏ လွတ်လပ်ရေး ကြိုးပမ်းမှုမှတ်တမ်း (ဒုကြိမ်)။**

# ဘားအံနှင့် စစ်တွေမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၅ နာရီတွင် ဘားအံမြို့နယ် ဇာသပြင် (အရှေ့)ကျေးရွာအနီး ဇာသပြင်-ကျားကလေးသွားကားလမ်းတွင် ကျော်မင်းထွန်း(ခ)ချမ်းမြေ့ မောင်းနှင်ပြီး ခိုင်ထူးလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ကိုလည်းကောင်း၊

အလားတူ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့နယ် ကျောက်တန်းကြီးကျေးရွာရှိ ကျောက်တန်းတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်အနီးတွင် တင်မောင်အေး မောင်းနှင်ပြီး စံသိန်းမောင်နှင့် သန်းထွန်းတို့ လိုက်ပါလာသည့် သုံးဘီးဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




တင်မောင်အေး၊ စံသိန်းမောင်နှင့် သန်းထွန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ် ၂၇၈ တန်ကျော် သိမ်းဆည်းရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက်အထိ နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၅၃ ဒသမ ၄၂၄၄ တန်၊ သစ်မာ ၅၄ ဒသမ ၄၄၅၆ တန်၊ အခြား ၁၇၁ ဒသမ ၁၀၀၄ တန် စုစုပေါင်း ၂၇၈ ဒသမ ၉၇၀၄ တန်၊ တရားခံ ၃၇ ဦး၊ ယာဉ်/ယန္တရား ၁၂ စီး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် ကျွန်းသစ်၊ ယာဉ်နှင့် စက်သုံးဆီများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် ညောင်ခါးရှည်စစ်ဆေးရေးစခန်း၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အင်ဂျင်ဝိုင်ဘူးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၀၀၀) ကို အကောက်ခွန်ဥပဒေအရလည်းကောင်း၊ ယနေ့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူခရိုင် သစ်တောကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၄၁၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၄၅၂၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၄၅၂၀ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းကင်းမြို့နယ်တွင် (လိုင်စင်မဲ့) NEW ASIA 125 ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀) နှင့် စစ်ကိုင်းမြို့နယ်တွင် (လိုင်စင်မဲ့) HONDA CRV ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ သုံးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၄၅၂၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိခဲ့သည့် တရားမဝင် စက်သုံးဆီများ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၂-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၉:၁၅** NRC အစီအစဉ်
- **၀၉:၃၀** စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုတေး
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၃၀** MRTV National News
- **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'သင်္ချာဘာသာရပ်'**
- **၁၅:၂၀** Soccer View
- **၁၆:၁၅** မျက်မှောက်ရေးရာ အဖြာဖြာ
- **၁၇:၁၀** စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုတေး
- **၁၇:၂၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ)(ဒုတိယပိုင်း)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၁၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါး အချစ်ချိုချို'** (အပိုင်း-၃၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း-၃၁)
- **၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'ထင်မိယောင်မှား'**

**သောကြာနေ့ ညတိုင်းတွင် တေးဂီတချော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- **07:01** Union Blood (Pann Nu Yin, Pann Su Thwin)
- **07:06** ASEAN Political-Security Community #2: Building Blocks of Peace and Security
- **07:15** Chef Life "Oliver E Soe Thet"
- **07:28** AMularsheedi we love!
- **07:36** Myanmar's Traditional Ceramics
- **08:01** A Day in the Life of Pa-O Family
- **08:07** Gold: King Of All Metals
- **08:38** Underwater Photographer
- **09:01** News
- **09:27** Tobacco Pipe Making Business (Ywar Lut Village)
- **09:33** Life of A Farmer
- **10:01** Union Blood (Pann Nu Yin, Pann Su Thwin)

**MRTV NRC**

**ကေကာကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သွေးချင်းတို့ရဲ့ဆုံစည်းရာ (အပိုင်း-၂)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၃)

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ရာသီပန်းများနှင့်ဖလမ်းမြို့

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းပြည်နယ်၏အလှအပများ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ချစ်စရာမွန်ရိုးရာအိမ်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
မာရ်ငါးပါးဘုရားဖူးကြမယ်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှန်ခိုက်သို့အလည်တစ်ခေါက်

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်တဲ့တရုတ်စံကားပွင့်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
သွေးချင်းတို့ရဲ့ဆုံစည်းရာ (အပိုင်း-၁)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ရာသက်ပန်ပေါင်းဖို့ရန်ရည်ရွယ်မှုသာ'**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (ထိုင်းနိုင်ငံ)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း


MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## ဆားတောင်မြို့ရှိ မြို့စည်ပင်ရုံးနှင့် မြင်းမူမြို့အဝင်ရှိ တိုးဂိတ်အား PDF အမည်ခံအကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီး



ဆားတောင်မြို့ရှိ မြို့စည်ပင်ရုံးအား အကြမ်းဖက်သမားများ ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံများ။



မြင်းမူမြို့အဝင်ရှိ တိုးဂိတ်အား PDF အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံများ။

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆားတောင်မြို့ရှိ မြို့စည်ပင်ရုံးနှင့် မြင်းမူမြို့အဝင်ရှိ ရွှေတောင်ကုမ္ပဏီပိုင်တိုးဂိတ်အား PDF အမည်ခံအကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ရာ ဇန်နဝါရီ ၃၁ ရက် ည ၁၁ နာရီတွင် စစ်ကိုင်းမြို့နယ် ဆားတောင်မြို့ရှိ မြို့စည်ပင်ရုံးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီးခဲ့၍ အဆိုပါရုံးအဆောက်အအုံတွင် တပ်ဆင်ထားသည့် ပြတင်းတံခါးမှန်ကိုးချပ်၊ ဘေစင်တစ်ခုနှင့် Water Cooler တစ်လုံးတို့ ပျက်စီးသွားကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁ ရက် ည ၁၂ နာရီ ၁၀ မိနစ်တွင် မြင်းမူမြို့အဝင်၌ ရွှေတောင်ကုမ္ပဏီမှ တည်ဆောက်ထားပြီး လမ်းအသုံးပြုခများ ကောက်ခံလျက်ရှိသည့် တိုးဂိတ်အား PDF အမည်ခံ အကြမ်းဖက်သမား ၃၀ ခန့် LIGHT TRUCK ယာဉ်တစ်စီး၊ ဆိုင်ကယ်ငါးစီးတို့ဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် အဆိုပါတိုးဂိတ်တွင် တပ်ဆင်ထားသည့် CCTV ၁၈ လုံး၊ Industrial Computer ခြောက်လုံး၊ Touch Monitor ခြောက်လုံး၊ Sever Reck တစ်လုံး၊ Line Station လေးလုံးနှင့် တိုးဂိတ်အဆောက်အအုံမျက်နှာကြက်အမိုးများ (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၁၀၀၀ ခန့်) ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့် ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နေ ချောစုဝင်း(ခ) ချောစုသည် ၎င်းအသုံးပြုသည့် “Chaw Su” Facebook အကောင့်၊ ဆိပ်ဖြူမြို့နေ ထွေးမိုးလွင်သည် ၎င်းအသုံးပြုသည့် “Htay Moe Lwin” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ သန္တာအောင်သည် ၎င်းအသုံးပြုသည့် “Thadar” Facebook အကောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၈)ရပ်ကွက်နေ မထိုက်ထိုက်ဝေသည် ၎င်းအသုံးပြုသည့် “December Wai” Facebook အကောင့်၊ ခရမ်းမြို့နေ တိုင်းဒေသကြီး (၂) NLD ပါတီဝင်လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သူ သိန်းဇော်လတ်သည် ၎င်းအသုံးပြုသည့် “Thein Zaw Latt” Facebook အကောင့်နှင့် တောင်ဥက္ကလာပမြို့နယ်နေ ဝေသွယ်ထွန်းနှင့် မောင်မောင်အေးတို့ နှစ်ဦးတို့သည် ဆိုင်းဘုတ်များကိုင်ဆောင်ကာ အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ အကြမ်းဖက်သမားများက စာသင်ကျောင်းများ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ပညာရေးဝန်ထမ်းများကို အကြမ်းဖက်မှုများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အနာဂတ် လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် စာသင်ကျောင်းများ ဖွင့်လှစ်ကာ စာပေသင်ကြားပေးလျက်ရှိသည်ကို လိုလားမှုမရှိသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များအား နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများကို အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

### လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲ

ထိုသို့ပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် ခိုင်ရွှေဝါလမ်းနှင့် ပိတောက်ရွှေဝါလမ်းသွယ်ထောင့်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းအနီး၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကျောင်းအဆောက်အအုံ၏ လေကာမှန်တစ်ချပ်ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၄ နာရီ ၁၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ဈေးရုံဗိုလ်တဲရပ်ကွက်နေ ကောလင်းမြို့နယ် ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးကျော်သိန်း(၅၆)နှစ်(ဘ)ဦးဘဖြန်းနှင့် ၎င်း၏ဇနီးဖြစ်သူတို့ နေအိမ်အပြင်သို့ သွားနေသည့်အချိန် ၎င်းတို့၏နေအိမ်အရှေ့သို့ အကြမ်းဖက်သမား နှစ်ဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး နေအိမ်အတွင်းသို့ လက်လုပ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ခဲ့ရာ လက်လုပ်ဗုံးတစ်လုံးမှာ နေအိမ်အတွင်းသို့ လည်းကောင်း၊ ကျန်တစ်လုံးမှာ နေအိမ်အပြင် မြေကြီးပေါ်၌ လည်းကောင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် နေအိမ်အတွင်းရှိ ရေခဲသေတ္တာ တစ်လုံး၊ သံသေတ္တာ လေးလုံးနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အတူ ယနေ့နံနက် ၉ နာရီတွင် တိုက်ကြီးမြို့ မင်္ဂလာရပ်ကွက်နေ ကိုမျိုးမင်းထွန်း (၃၄)နှစ်(ဘ) ဦးတင်ရွှေသည် ဇနီးဖြစ်သူ မသန်းသန်းငွေနှင့်အတူ ဆိုင်ကယ်ဖြင့် သားဖြစ်သူ မောင်သက်ထူးစံကို မြို့မအခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပို့စဉ် ရန်ကုန်-ပြည်ကားလမ်းမကြီးဘေးရှိ မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီးအရောက်၌ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သမားနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသဖြင့် ကိုမျိုးမင်းထွန်းတွင် ရင်ဘတ်နှင့် ချိုင်းအောက်တို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၂-၂-၂၀၂၂) ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း" များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး တွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ်(Relief flight)များဖြင့် ပြန်လည်ရောက်ရှိလာပြီး ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ခါတ်ခွဲနမူနာများ၊ မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အစုလိုက်ကူးစက်ဖြစ်ပွားမှုများမှ ဓာတ်ခွဲနမူနာများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယလူနာများမှ ရောဂါအတည်ပြုလူနာများ၏ ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိရာ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနတွင် (၂-၂-၂၀၂၂) ရက်နေ့က ဓာတ်ခွဲနမူနာ ၁၀ ခုအား ဓာတ်ခွဲစစ်ဆေးခဲ့ရာ ဓာတ်ခွဲနမူနာအားလုံးတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး တွေ့ရှိရပါသည်။

၃။ ဖော်ပြပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ ၁၀ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ စက်ရုံလုပ်ငန်းတစ်ခုမှ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာ ၁၀ ဦး ဖြစ်ပါသည်။ အဆိုပါ လူနာများအနက် ရောဂါလက္ခဏာရှိသူ သုံးဦးအား သတ်မှတ်ဆေးရုံတွင်လည်းကောင်း၊ ကျန်လူနာ ခုနစ်ဦးအား သီးခြားခွဲခြားထားရှိ၍လည်းကောင်း ကုသစောင့်ရှောက်မှုဆောင်ရွက်ထားရှိပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။ ၎င်းတို့နှင့်အနီးကပ်ထိတွေ့သူများအား အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ယနေ့အထိ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိသူဦးရေ စုစုပေါင်း ၃၂၀ ဦး ရှိပြီဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွယ်ကျယ်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ သုံးစီးဖြင့် နှာခေါင်းစည်း ၁၅ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂-၂-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti thrombosis | | | | |
| 1 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 2 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 3 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 4 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 5 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 6 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 7 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 8 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 9 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 10 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ငြိမ်းချမ်းသာယာ အေးချမ်းဖို့ ပြည်ထောင်စုစိတ်ဓာတ် မွေးကြစို့

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေး ထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၂၀၁၄ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၂ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၂၀၇၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၃၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၅၆၈၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၅၂၄၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နှင့် နမ့်ခမ်းမြို့တို့၌ ကျောင်းသား ကျောင်းသူ ၇၄၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၆၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကိုဗစ်-၁၉ အထူးချေးငွေ ပေးဆပ်ရန်ကာလနှင့် ၂၀၂၁ - ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှုကာလများကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ကြောင်း တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ဘဏ်တည်ထောင်သည့် ၁၉၅၃ ခုနှစ်မှစ၍ တောင်သူလယ်သမားဦးကြီးများနှင့် ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ကျေးဇူးပြုရင်း ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်း (၇၀) နီးပါးရှိခဲ့ပြီဖြစ်ပါသည်။ ယခင်က စိုက်ပျိုးစရိတ်ချေးငွေတစ်ခုတည်းကိုသာ ထုတ်ချေးခဲ့ရာမှ ယနေ့အချိန်တွင် စိုက်ပျိုးစရိတ် ချေးငွေသာမက ဖွံ့ဖြိုးရေးချေးငွေများဖြစ်ကြသည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ (JICA, Two Step Loan)၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှစ်ဆင့်ချေးငွေ (MEB, Two Step Loan) နှင့် ကိုဗစ်–၁၉ အထူးချေးငွေ စသည့်ချေးငွေများကိုလည်း တိုးတက်ထုတ်ချေးလျက်ရှိပါသည်။

၂။ ယခုအခါ နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ရသော သွားလာမှုကန့်သတ်ချက်များ၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု အခက်အခဲများ၊ သယ်ယူပို့ဆောင်မှုအခက်အခဲများ စသည်တို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူဦးကြီးများ၏ အခက်အခဲများကို အထိုက်အလျောက် ပြေလည်စေရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူထားသော ကိုဗစ်–၁၉ အထူးချေးငွေ ပြန်လည်ပေးဆပ်မှုနှင့် ဆောင်းရာသီ စိုက်ပျိုးကာလအမီ ချေးငွေသစ်များ အဆင်ပြေစွာ ထုတ်ချေးနိုင်ရေးအတွက် ကိုဗစ်–၁၉ အထူးချေးငွေ ပြန်လည် ပေးဆပ်ရမည့်ကာလနှင့် ၂၀၂၁ – ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသည့်ကာလများကို အောက်ပါအတိုင်း တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးထားပါသည် –

(က) **ကိုဗစ်–၁၉ အထူးချေးငွေ** ပြန်လည်ပေးဆပ်ရန်ကာလကို ပထမအကြိမ် ပြင်ဆင် သတ်မှတ်ဖြေလျှော့ပေးခဲ့သည့် (၃၁ –၁၂–၂၀၂၁) ရက်နေ့အစား ၂၀၂၂ ခုနှစ်၊ မတ်လကုန်အထိ။

(ခ) **၂၀၂၁ – ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ** ထုတ်ချေးပေးမှုနောက်ဆုံးရက်ကို (၃၁ – ၁ – ၂၀၂၂) ရက်နေ့အစား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ။

၃။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားဦးကြီးများအနေဖြင့် ယခင်ချေးငွေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲများနှင့် အချိန်မီဆက်သွယ်ဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်



## အစားအစာဘေးကင်းလုံခြုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန်လို

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မဟာအောင်မြေမြို့နယ်ရှိ သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းသို့ ရောက်ရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ နှစ်အလိုက်ဆောင်ရွက်ပြီးစီးမှုနှင့် ဓာတ်ခွဲခန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူများ နေ့စဉ် စားသုံးနေသည့် အစားအစာများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အစားအစာဘေးကင်းလုံခြုံရေးစီမံကိန်း (Food Safety Project) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ကာ ပြည်သူအတွက် အကျိုးဖြစ်စေရန်နှင့် တောင်သူအကျိုးစီးပွားမထိခိုက်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစားအစာဘေးကင်းလုံခြုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ၊ အစိုးရ၊ ဝန်ထမ်း ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကာ သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းအား လိုက်လံကြည့်ရှုသည်။ **သတင်းစဉ်**

## ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် အတန်းအလိုက် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

၂၀၁၉–၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှိကျောင်းသား ကျောင်းသူများနှင့် အတန်းအလိုက်ထူးချွန်ဆုရရှိသော ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ အောင်ဆန်းခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းသား မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၁၉–၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သုံးဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ ၁၀ ဦး၊ အတန်းအလိုက် ထူးချွန်ဆုရရှိသူများနှင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသော ဆရာ ဆရာမများနှင့် ၂၀၂၂ ခုနှစ် မြို့နယ်အဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




## ရန်ကုန်မြောက်ပိုင်းခရိုင်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

**မှော်ဘီ ဖေဖော်ဝါရီ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ညောင်ကုန်းကျေးရွာအုပ်စု ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီတွင် အဆိုပါလမ်းသစ်မုခ်ဦး၌ကျင်းပရာ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းကွန်ကရစ်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Master Glory ကုမ္ပဏီတို့ ပူးပေါင်း၍ဆောင်ရွက်သည့် ညောင်ကုန်းကျေးရွာအုပ်စု ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်း အရှည်ပေ ၂၀၀၀၊အကျယ် ၁၂ ပေ၊ ၃ ခုနစ်လက်မ၊ သုံးဖာလုံ ၂၀ ပေရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၁ ဒသမ ၅၀၀ သန်းဖြင့် မှော်ဘီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၇၂၄၇ ဒသမ ၃၀၈ သန်းဖြင့် ညောင်ကုန်းကျေးရွာအုပ်စု အပါအဝင် ကျေးရွာပေါင်း ၂၄ ရွာတွင် ကွန်ကရစ်လမ်း ခြောက်လမ်း၊ မြေသားလမ်း နှစ်လမ်း၊ တံတားအသစ် တည်ဆောက်ခြင်းနှစ်စင်းနှင့် တံတားပြန်လည်ပြုပြင် တည်ဆောက်ခြင်း ငါးစင်း စုစုပေါင်း လမ်းနှစ်လမ်းနှင့် တံတားခုနစ်စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**




## ပန်းတနော်မြို့ အောင်တော်မူစေတီတော် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား ကျင်းပ

**ပန်းတနော် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေမြင်တင်ကျေးရွာ ရှေးဟောင်းသမိုင်းဝင်ရွှေမြင်တင်စေတီတော်ဝင်းအတွင်း တည်ထားကိုးကွယ်မည့် ဉာဏ်တော် ၁၈ တောင်ရှိ အောင်တော်မူ ဆုတောင်းပြည့်စေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုဝန်ဆောင် ပန်းတနော်မြို့ ပုခန်းကျောင်းဆရာတော် ဘဒ္ဒန္တ ပညာသာမိက ရတနာဒီပံအလင်းတိုင် ထွန်းညှိပူဇော်၍ အန္တရာယ်ကင်းပရိတ်ရေစင်တော်ပက်ဖျန်းပူဇော်ချီးမြှင့်တော်မူသည်။

ထို့နောက် ပန်းတနော်မြို့နယ် သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တူးချောင်းကျောင်းတိုက်ဆရာတော် အရှင်သူမြတ်က သဗ္ဗမင်္ဂလာအောင်ဂါထာရွတ်ဖတ်ပူဇော်ချီးမြှင့်တော်မူသည်။ ယင်းနောက် ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်နှင့်အဖွဲ့များ၊ မြို့နယ် ဂေါပကအဖွဲ့ဝင်များ၊ မတည်အလှူရှင် ဦးသောင်းညိမ်း ဇနီးဆရာလေး ဒေါ်သီရိနှင့် ရပ်နီးရပ်ဝေးမှ အလှူရှင်များက ရတနာ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်များ အုတ်မြစ်တော်စီ ပူဇော်ပေးကြပြီး အနောက်ဘက်တန်ဆောင်းတွင် အလှူရေစက်ချတရားနာယူခဲ့ကြကြောင်း သိရသည်။ **သပြေထွန်း**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်




နေပြည်တော် ဖေဖော်ဝါရီ ၂

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်အမှတ်(၅၂)ကို ဖေဖော်ဝါရီ ၄ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

**ထုတ်လွှင့်ပြသသွားမည်**

အဆိုပါ ပွဲစဉ်အမှတ်(၅၂)၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေးအစီအစဉ်ကို တေးသံရှင်ရဲထိုက်နှင့် MRTV မှ ဆုမြလှိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၄၊ ၅၊ ၆၊ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## "စိန်ရတု ပြည်ထောင်စု လူရွှင်တော်ဖလား" လူရွှင်တော်ပြိုင်ပွဲ၊ ပွဲစဉ်(၅) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်




နေပြည်တော် ဖေဖော်ဝါရီ ၂

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် မြန်မာနိုင်ငံလူရွှင်တော်အသင်း(ဗဟို)တို့ပူးပေါင်းပြီး "စိန်ရတု ပြည်ထောင်စု လူရွှင်တော်ဖလား" လူရွှင်တော်ပြိုင်ပွဲ ပွဲစဉ်(၅)ကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) ည ၈နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**ပါဝင်ယှဉ်ပြိုင်ကြမည်**

ယင်းပြိုင်ပွဲတွင် ဟာသမင်္ဂလာရွှေဆိုင်းတော်အဖွဲ့ တီးခတ်မှုနှင့်အတူ လူရွှင်တော်များ ဖြစ်ကြသည့် ကော်ဖီ၊ ဖြိုးကြွယ်၊ ဝါဂွမ်းနှင့် ချစ်သူတို့က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ခြင်းကို ဖေဖော်ဝါရီ ၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီခွဲ National News အင်္ဂလိပ်ဘာသာသတင်းအစီအစဉ်အပြီးတွင် ပြသမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ပွဲစဉ်ငါးပွဲကို အပတ်စဉ် (စနေနေ့) ညတိုင်းနှင့် ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ရက် ညတို့အပြင် ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) ညပိုင်းတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက် (Notice to Mariners)အား ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် (M-3)တွင် (Aung Sinkha Development project and Appraisal/ Exploration Drilling Campaign) အောင်သင်္ခဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အကဲဖြတ်ရှာဖွေတူးဖော်ရေး လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန်အတွက် (Marine Baseline Survey of EIA studies) လုပ်ငန်းများအား Survey Vessel: MV. HAI DUONG 68 (Call Sign: XWLT) ရေယာဉ်ဖြင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Marine Baseline Survey of EIA studies လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်

1. Aung Sinkha Development Project

| Point | Latitude | Longitude |
|---|---|---|
| WP1 | 15° 25' 33.99" N | 95° 13' 40.41" E |
| WP2 | 15° 24' 44.44" N | 95° 16' 49.50" E |
| Reference Station | 15.25' 28.81" N | 95° 4' 7.94" E |

2. Appraisal/ Exploration Drilling Campaign

| Point | Latitude | Longitude |
|---|---|---|
| Well no.1 | 15° 25' 58.63" N | 95° 30' 0.84" E |
| Reference Station | 15° 27' 47.15" N | 96° 21' 20.83"E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်(M-3)တွင် (Aung Sinkha Development project and Appraisal/ Exploration Drilling Campaign) အောင်သင်္ခဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အကဲဖြတ်ရှာဖွေတူးဖော်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် (Marine Baseline Survey of EIA studies) လုပ်ငန်းများအား Survey Vessel: MV. HAI DUONG 68 (Call Sign: XVVL7) ရေယာဉ်ဖြင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners)အား ထုတ်ပြန်ကြေညာပေးပါရန်နှင့် ပြန်ကြားရေးဝန်ကြီးဌာန နေ့စဉ်ထုတ်သတင်းစာများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှ ကြေညာပေးနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းစဉ်**




## "တူယှဉ်နွှဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ် စိတ်ကြိုက်သီချင်းသီဆိုမှု မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၂

စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွှဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်၊ စိတ်ကြိုက်သီချင်းသီဆိုမှုကို ဖေဖော်ဝါရီ ၄ ရက် (သောကြာနေ့)ညတွင် မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။

တူယှဉ်နွှဲပျော် ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှစတင်၍ အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပခဲ့ရာ ယခုအခါ ဒုတိယအဆင့်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၀ ဦးဖြင့် ဖေဖော်ဝါရီ ၄ ရက်တွင် စိတ်ကြိုက်တေးသီချင်းများဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ပြဋ္ဌာန်းတေးသီချင်းများဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်၌ တိုင်းရင်းသားပြိုင်ပွဲဝင်များ ဖြစ်ကြသည့် မကွေးတိုင်းဒေသကြီးမှ MF01 မြတ်နိုးစံ ၊ ရန်ကုန်တိုင်းဒေသကြီးမှ MF02 ကြူကြူခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ MF03 ရေဂျီနား၊ မန္တလေးတိုင်းဒေသကြီးမှ MF04 ဇော်ထွေးလတ်၊ ကချင်ပြည်နယ်မှ MF05 အရိန့် ၊ ဧရာဝတီတိုင်းဒေသကြီးမှ MF06 ဇင်သူသူထွန်း ၊ ဧရာဝတီတိုင်းဒေသကြီးမှ MF07 ချိုမီမီဇော် ၊ ကရင်ပြည်နယ်မှ MF08 ချမ်းဟိန်းဝင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ MF09 စျာန်ထူး ၊ ပဲခူးတိုင်းဒေသကြီးမှ MF10 ချစ်နု တို့က ယှဉ်ပြိုင်သီဆိုကြမည်ဖြစ်ပြီး The Ensemble တေးဂီတအဖွဲ့မှ တီးခတ်ပေးမည်ဖြစ်သည်။

ပထမပွဲစဉ် အုပ်စုပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖွဲ့၏ အမှတ်ပေးမှုဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဒုတိယအဆင့်နှင့် တတိယအဆင့်ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအမှတ်ပေးမှုအပြင် ပရိသတ်များအနေဖြင့် MPTနှင့် Mytel SIM Card များကို အသုံးပြု၍ Voting မဲပေးနိုင်မည်ဖြစ်ရာ မိမိတို့ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်ကို Voting Time သတ်မှတ်ချိန်အတွင်း SMS ပေးပို့မဲပေးခြင်းကို အရေအတွက် အကန့်အသတ်မရှိဘဲ MPT Sim Card များမှ ကုဒ်နံပါတ် "7522"သို့လည်းကောင်း၊ Mytel Sim Card များမှ ကုဒ်နံပါတ် " 7575 " သို့လည်းကောင်း SMS ဖြင့် ပြိုင်ပွဲဝင်၏ MF နံပါတ်ကို ရိုက်နှိပ်၍ ပေးပို့နိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဒုတိယအကြိမ်အဖြစ် ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်သည်။

ပွဲစဉ်၏နောက်ဆုံးသုံးပွဲကို ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီမီဒီယာစင်တာတွင် ဖေဖော်ဝါရီ ၄ ရက် (သောကြာနေ့)၊ ဖေဖော်ဝါရီ ၆ ရက်(တနင်္ဂနွေနေ့) နှင့် ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့) ညများတွင် တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ရင်းနှီးချစ်ကြည် တွဲလက်ညီ ပြည်ထောင်စုဘွား တိုင်းရင်းသား

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"နွဲ့ရေ၊ သူ့အတွက် အဝတ်တစ်စုံ ထုတ်ပေးလိုက်စမ်းပါ"

ခင်သန်းနွဲ့ အိပ်ခန်းဆီသို့ လျှောက်သွားသည်။ ဧည့်ခန်းမှာ သူတို့သားအဖနှစ်ယောက်သာ ကျန်တော့သည်။

မောင်မောင်ဦးသည် ခင်သန်းနွဲ့ဘက်ကို မေးငေါ့ရင်း မေးသည်။

"သူက ဒီအိမ်ကို ဘယ်လိုလုပ်ရောက်နေရတာလဲ ဖေဖေ"

ယင်းအမေးကို ဦးကောင်းမိုး ဖြေချင်လှပုံမရ။ သူသည် သား၏မျက်နှာကိုလည်း စေ့စေ့ကြည့်ဝံ့ပုံမပေါ်။

"ဟင် ဖေဖေ။ သူက"

မောင်မောင်ဦး၏ စကားမဆုံးမီ ဦးကောင်းမိုး ဖြတ်၍ပြောလိုက်သည်။

"ဒီကိစ္စဟာ ဖေဖေ့ကိစ္စပါသား။ သားနဲ့မဆိုင်ပါဘူး မပတ်သက်ပါဘူး"

"မဟုတ်ပါဘူး ဖေဖေ။ ကျွန်တော်မေးတာက"

သည်တွင် ဦးကောင်းမိုး စိတ်မရှည်နိုင်တော့ဟန်ဖြင့် ဆိုသည်။

"သူနဲ့ ဖေဖေနဲ့ ညားနေခဲ့ပြီ သား။ သူ့ကို ဖေဖေ ယူထားလိုက်ပြီ"

မောင်မောင်ဦးသည် ကြားလိုက်ရသောစကားအတွက် သူ့နားကိုပင် သူ ယုံကြည်နိုင်ဟန်မတူ။ တအံ့တသြကြီးဖြစ်သွားသည်။ ဘာမျှလည်း မပြောတတ်တော့ဘဲ ဖခင်ဖြစ်သူ၏မျက်နှာကို စူးစိုက်ကြည့်နေမိသည်။ ဦးကောင်းမိုးသည် ချာခနဲလှည့်လျက် ထမင်းစားခန်းသို့ ဝင်သွားသည်။

ထိုအခိုက် အိပ်ခန်းထဲမှ ခင်သန်းနွဲ့ ထွက်လာသည်။ သူ၏လက်ထဲတွင် ပုဆိုးတစ်ထည်နှင့် အင်္ကျီတစ်ထည် ပါလာသည်။ ပုဆိုးနှင့်အင်္ကျီများကို မောင်မောင်ဦးထံ ပစ်ပေးလိုက်သည်။

"ဟုတ်တယ်။ ရှင့်အဖေနဲ့ ကျွန်မနဲ့ ညားနေကြတယ်။ ဒါကြောင့် ဒီအိမ်ဟာ ကျွန်မနဲ့ဆိုင်တယ်လို့ ပြောတာ။ ကိုမောင်မောင်ဦး ဟုတ်ပါတယ်နော် ကျွန်မခေါ်တာ။ ဒီအိမ်မှာ ကျွန်မဟာ အိမ်ရှင်မပဲ။ ကျွန်မပြောစကားကို ရှင် နားထောင်ရမယ်။ ဟုတ်ပြီလား"

မောင်မောင်ဦးတွင် ခင်သန်းနွဲ့အား ရိုက်နှက်ပစ်လိုစိတ်များ ပေါ်ပေါက်လာသည်။ သူသည် ခင်သန်းနွဲ့အား မုန်းတီးစက်ဆုပ်စွာ စူးစိုက်ကြည့်နေသည်။ ခင်သန်းနွဲ့ကား သူ၏စကားကို သူ့ဘာသာ သဘောကျသလို ရယ်မောနေချေသည်။

မောင်မောင်ဦးသည် အိမ်ပေါ်ထပ်သို့ တက်ခဲ့သည်။ အဝတ်များကို လဲလှယ်ဝတ်ဆင်သည်။ အိမ်တစ်အိမ်လုံး နေရာအနှံ့အပြားမှာပင် အပျက်အစီး အယိုအယွင်းများ ရှိနေသည်။ ထိုအကြားမှာပင် ပစ္စည်းပစ္စယများကို မြင်တွေ့နေရသည်။ ထိုပစ္စည်းများသည် ယခင်က အိမ်တွင် မရှိစဖူး။ ယခုမှ ရောက်လာခြင်းဖြစ်သည်။ စင်စစ် ယင်းပစ္စည်းများမှာ အဟောင်းများ၊ တစ်ပတ်ရစ်များသာဖြစ်သည်။ စားပွဲ၊ ကုလားထိုင်၊ ခုတင်၊ မီးအုပ်ဆောင်း။ ဤသည်တို့မှာ အချို့သော မျက်နှာဖြူအိမ်များတွင် ရှိတတ်သည့် ပစ္စည်းများ၊ ပုံသဏ္ဌာန်များဖြစ်ကြသည်။ "ဖောက်သည်" များ၏ လက်ချက်ဖြင့် ရရှိထားသော ပစ္စည်းမျိုး ဖြစ်ပေသည်။

အိမ်သုံးပစ္စည်းများအပြင် အဝတ်အထည်များကိုလည်း အထုပ်ကြီးများအဖြစ်ဖြင့် နေရာအနှံ့မှာ တွေ့နေရသည်။ ကြမ်းတွင် ခင်းထားသည်ကပင် အမွေးပွကော်ဇောကြီးပါကလား။

ထိုပစ္စည်းများ အိမ်တွင် ရှိနေရခြင်းနှင့်စပ်လျဉ်းကာ မောင်မောင်ဦးသည် ဖခင်ဖြစ်သူအပေါ် သံသယဝင်စ ပြုလာလေသည်။

အဝတ်များကို လဲလှယ်ဝတ်ဆင်လိုက်သည်။ ထို့နောက် အသင့်တွေ့ရသောခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လဲလျောင်းလိုက်သည်။

မျက်စိအစုံကို မှေးမှိတ် ထားလိုက်သည်။

လောကကြီးတစ်ခုလုံး ဘာတွေဖြစ်နေပြီ မသိတတ်တော့။ အခြေအနေမှာ အစစအရာရာ ပြောင်းလဲနေသည်။

ဖေဖေ၏အခြေအနေမှာ အပြောင်းလဲဆုံး ဖြစ်မည်ထင်သည်။ ယခုတော့လည်း ဖေဖေသည် ယခင်ကလို မေမေ၏ ငြိုငြင်မှုကိုခံယူရင်း အရက်ဖိုးကို လက်ဖြန့်တောင်းခံမည့် အခြေအနေမျိုး ဟုတ်ဟန်မတူ။ တစ်နည်းမဟုတ် တစ်နည်းဖြင့် ကြီးပွားနေဟန်တူသည်။ မသမာသောနည်းလမ်းဖြင့် စီးပွားဖြစ်ထွန်းနေလေသလား မတွေးတတ်နိုင်။

ဖေဖေ၏အခြေအနေ တိုးတက်ကြီးပွားနေချိန်တွင် မေမေသည် လူ့လောက၌ မရှိတော့။ မေမေသည် ဒုက္ခရောက်စဉ်အခါက ခါးစည်းခံခဲ့ရသည်။ ယခုလို အချိန်ကျတော့လည်း မေမေ ဆုံးပါးခဲ့ရသည်။ မေမေသည် ဒုက္ခခံစားရရုံသက်သက်မျှသာ လူ့လောကသို့ ရောက်ခဲ့ရဟန်တူသည်။

ခင်သန်းနွဲ့လိုမိန်းကလေးတစ်ယောက်အား အတိအလင်း ယူထားသည့်အတွက်ကိုမူ မောင်မောင်ဦး မကျေနပ်။ မေမေ့နေရာသို့ ထိုမိန်းကလေး အစားဝင်လာသည်ကို မရှုရက်နိုင်။ ခင်သန်းနွဲ့အစား အခြားမိန်းမတစ်ယောက် ဖြစ်နေမည်ဆိုလျှင် မောင်မောင်ဦးသည်မျှ ဒေါမနဿမဖြစ်မည်မဟုတ်။ ယခုမူ ဖေဖေသည် မလုပ်သင့်သောအရာကို လုပ်ခဲ့သည်ဟု မှတ်ယူသည်။

အောက်ထပ်ဆီမှ နှုတ်ဆက်သံများ ကြားရသည်။ မောင်မောင်ဦးသည် အိပ်ရာမှထလျက် ပြတင်းပေါက်သို့ လာခဲ့သည်။

ဖေဖေ၏ ဧည့်သည်ဆိုသူများကို တွေ့ရသည်။ သူတို့ကား ဂျပန်များပေတကား။ ဖေဖေသည် ဂျပန်များကို အလွန်ရိုသေလေးစားသောအသွင်ဖြင့် ရိုရိုကျိုးကျိုး နှုတ်ဆက်နေကြောင်း မြင်ရသည်။ သည်တော့လည်း ဖေဖေ့အပေါ် မောင်မောင်ဦးနားလည်လာသည်။ အဘယ့်ကြောင့် ဖေဖေ အခြေအနေ ဟန်ဟန်ပန်ပန်ဖြစ်လာရကြောင်း စဉ်းစား၍ရလာသည်။

ဂျပန်များကို ဖေဖေသည် အပေါက်ဝအထိ လိုက်ပို့ကြောင်း မြင်ရသည်။ ဂျပန်များသည် မူးမူးရူးရူးနှင့် ဂျပန်သီချင်းများကို အော်ဟစ်သီဆိုရင်း ထွက်သွားကြသည်။

မိမိ၏ နောက်ဘက်မှ ကြမ်းကိုနင်းလိုက်သော အသံထွက်ပေါ်လာ၍ နောက်သို့ လှည့်ကြည့်လိုက်သည်။ လှေကားထိပ်တွင် ခင်သန်းနွဲ့ကို တွေ့လိုက်ရသည်။

"တစ်ခုခုစားရအောင် အောက်ဆင်းခဲ့ပါလားဟင်"

မောင်မောင်ဦးသည် နေ့လယ်ကတည်းက ဘာမျှမစားရသေးကြောင်း အမှတ်ရသည်။ မွတ်သိပ်မှုကြောင့် သူ၏ရင်မှာ အောင့်နေသည်။ ခင်သန်းနွဲ့က အရေးတယူ လာခေါ်သည်ကိုမူ ကျေးဇူးမတင်ရုံမက မကျေနပ်ချင်သလိုပင် ရှိနေမိသည်။

သို့ရာတွင် သူအောက်ထပ်သို့ ဆင်းခဲ့သည်။

ဧည့်ခန်းတွင် ဖေဖေနှင့်ဆုံရသည်။

"သား ဘာစားမလဲ။ တစ်ခုခု သောက်ချင်ရင်လည်း သောက်။ အားလုံးအဆင်သင့်ပဲ"

ဦးကောင်းမိုးဆိုသည်။

သို့ဖြင့် မောင်မောင်ဦးသည် ထမင်းစားခန်းအတွင်း ဝင်ခဲ့သည်။ ထမင်းစားပွဲမှာ ခမ်းနားလှချေကလားထင်သည်။ စားပွဲဝိုင်းတွင် လှပသော်လည်း ညီညာခြင်းမရှိသည့် ကုလားထိုင်များ ချခင်းထားသည်။ စားပွဲပေါ်တွင် ကျောက်ဖယောင်းတိုင်များ ထွန်းထားသည်။ ဟိုတယ်သုံး ပန်းကန်ပြားများ၊ ငွေဇွန်းခက်ရင်းများကို တွေ့ရသည်။

အရက်ပုလင်းမျိုးစုံကိုလည်း မြင်ရသည်။ အရက်များကား နိုင်ငံခြားဖြစ်များဖြစ်ကြသည်။ ဂျပန်ပြည်ဖြစ်အရက်ကို မတွေ့ရ။ အနောက်နိုင်ငံဖြစ် အရက်များဖြစ်သည်။ ဂျပန်များသည် အင်္ဂလိပ်ကို မုန်းသော်လည်း အင်္ဂလိပ်ဖြစ် အရက်များကို နှစ်ခြိုက် ခံတွင်းတွေ့ကြပုံရပေသည်။

မောင်မောင်ဦးသည် ဘာမျှ တွေးမနေတော့။ ဘာမျှ စဉ်းစားမနေတော့။ အနီးကပ်ဆုံး အရက်ပုလင်းကို ဆွဲယူလိုက်သည်။ အနီးကပ်ဆုံးအစားကို စားသည်။

သည်တွင် သူနှင့်မျက်နှာချင်းဆိုင်သို့ ဦးကောင်းမိုး ရောက်လာသည်။ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။ သူသည် အတော်ချည်း ရေချိန်ကိုက်နေပြီဖြစ်ဟန်ရှိသော်လည်း အရက်ကို ဆက်၍ သောက်နေပေသည်။ မောင်မောင်ဦးသည် ဖခင်ဖြစ်သူအား ဘာမျှမပြောဘဲ အစားအသောက်ကိုသာ ငုံ့၍ စားသောက်နေသည်။

ခင်သန်းနွဲ့ ရောက်လာသည်။ ခင်သန်းနွဲ့သည် ဦးကောင်းမိုး၏ ကုလားထိုင်လက်တန်းတွင် ဝင်ထိုင်သည်။ ဤသည်ကို မြင်ရလေတော့ မောင်မောင်ဦး မကြည့်ချင်။ မမြင်ချင်။ ထိုင်ရာမှ ထမည်ပြုသည်။

ရုတ်တရက် ပေါ်ထွက်လာသော ဖခင်၏အသံကြောင့် မောင်မောင်ဦး မထဖြစ်၊ နေရာမှာ ပြန်ထိုင်ရသည်။

"ဒီမယ် ဖေဖေပြောမယ်သား"

ဦးကောင်းမိုး စကားစပျိုးသည်။

"ဒီအချိန်မှာ အိမ်ကို သားပြန်ရောက်လာတဲ့အတွက် ဖေဖေ ဝမ်းသာတယ်။ သားစဉ်းစားကြည့်စမ်း အရင်တုန်းကဆိုရင် ဖေဖေတို့ ဘယ်လောက် ကစဉ့်ကရဲနိုင်ခဲ့သလဲ။ ဖေဖေဟာ အဖေတစ်ယောက်အနေနဲ့ သားအပေါ်မှာ တာဝန်မကျေခဲ့ဘူးမဟုတ်လား"

မောင်မောင်ဦးသည် ဖခင်ဖြစ်သူ၏မျက်နှာကို စူးစိုက်ကြည့်နေမိသည်။ စကားကို စူးစိုက်နားထောင်နေသည်။

"သားဟာ အမှန်ပဲ ချို့တဲ့ခဲ့တယ်။ ဆင်းရဲခဲ့တယ်။ ဒီအတွက် ဖေဖေ စိတ်မကောင်းဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ အခုတော့ ဖေဖေတို့ရဲ့ဘဝဟာ အရင်က ဘဝမျိုးမဟုတ်တော့ဘူးသား၊ သားမြင်တဲ့အတိုင်းပဲလေ။ အခုလိုအခြေအနေမျိုးမှာ သားရဲ့လိုအင်ဆန္ဒမှန်သမျှကို လိုက်လျောနိုင်မယ်ထင်တယ်။ သား ဘာလိုချင်သလဲ။ ဘာလုပ်ချင်သလဲ"

ဦးကောင်းမိုးသည် ရွှင်မြူးခြင်းအပြည့်ဖြင့် ဆိုခဲ့ခြင်းဖြစ်သည်။

မောင်မောင်ဦးသည် သူ၏အမေးကို ရုတ်တရက် မဖြေ။ ဤသည်ကို ဦးကောင်းမိုး မချင့်မရဲဖြစ်မိပုံရသည်။

"ပြောစမ်းပါသားရဲ့။ သားဘာလိုချင်သလဲ။ သားမှာ ဘာသုံးဖို့ရှိနေသလဲ"

သည်တွင် မောင်မောင်ဦး လှုပ်လာသည်။

"ကျွန်တော်လုပ်ချင်တာ တစ်ခုပဲ ရှိတယ်ဖေဖေ"

"ဘာလဲသား"

မောင်မောင်ဦးသည် ခင်သန်းနွဲ့၏မျက်နှာကို ဖျတ်ခနဲကြည့်ပြီး စကားဆိုလိုက်သည်။

"ကျွန်တော်လုပ်ချင်တာက မေမေ့အတွက်ပဲ ဖေဖေ။ မေမေ့အတွက် ဆွမ်းသွတ်ချင်တယ်။ ဒါက ပထမ။ နောက် မေမေ့အတွက် ဂူကလေးတစ်လုံး"

မောင်မောင်ဦးစကားအတွက် ဦးကောင်းမိုး စိတ်ပျက်လက်ပျက်ဖြစ်သွားရသည်။ သူ၏မျက်နှာမှာ ရွှင်ပျခြင်းများ ပျောက်ကွယ်သွားသည်။ မောင်မောင်ဦး စကားဆက်သည်။

**"အရင်တုန်းကဆိုရင် ဖေဖေတို့ ဘယ်လောက်ကစဉ့်ကရဲနိုင်ခဲ့သလဲ။ ဖေဖေဟာ အဖေတစ်ယောက်အနေနဲ့ သားအပေါ်မှာ တာဝန်မကျေခဲ့ဘူးမဟုတ်လား…။ မောင်မောင်ဦးသည် ဖခင်ဖြစ်သူ၏မျက်နှာကို စူးစိုက်ကြည့်နေမိသည်။ စကားကို စူးစိုက်နားထောင်နေသည်။ သားဟာ အမှန်ပဲချို့တဲ့ခဲ့တယ်။ ဆင်းရဲခဲ့တယ်။ ဒီအတွက် ဖေဖေ စိတ်မကောင်း ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ အခုတော့ ဖေဖေတို့ရဲ့ဘဝဟာ အရင်က ဘဝမျိုးမဟုတ်တော့ဘူးသား၊ သားမြင်တဲ့အတိုင်းပဲလေ။ အခုလိုအခြေအနေမျိုးမှာ သားရဲ့လိုအင်ဆန္ဒမှန်သမျှကို လိုက်လျောနိုင်မယ်ထင်တယ်"**

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ဝတ္ထုတို

# သတိရတိုင်းလွမ်းတဲ့မြေ

မိုးခရေ (ရွှေကျင်)

ပန်ဝါမှာသုံးတဲ့ငွေကြေးဟာ ၂၀၀၁ တုန်းက တရုတ်ငွေယွမ်ဖြစ်ပြီး ပန်ဝါမှာကတော့ ယွမ်လို့မသုံးပဲ "ခွိုက်"လို့ သုံးကြပါတယ်။

ငါးယွမ်ဆို ဝူခွိုက်လို့ သုံးကြတာ။ ပန်ဝါရောက်ပြီး ပထမဆုံးဈေးသွားတဲ့နေ့က ဈေးထဲမှာဈေးရောင်းနေကြတာ တရုတ်မတွေချည်းလိုလိုပါပဲ။

မကျယ်လှတဲ့ဈေးလေးထဲကို လိုက်ကြည့်နေရင်း ကျွန်မတို့မိသားစုကို ကျောင်းဆရာ ဆရာမတွေ သင်ပေးလိုက်တဲ့ မတောက်တခေါက်စကားလေးတွေနဲ့ လိုက်မေးကြတာပေါ့။

သူတို့ပြောပြခဲ့တာသုံးကျင်းဆိုတစ်ပိဿာဆိုတော့ တစ်ကျင်းဆို သုံးဆယ်သားကျော်ပေါ့လေ။

တစ်မျိုးဆိုတစ်ကျင်းလောက်တော့ဝယ်မှပေါ့။

ဟင်းသီးဟင်းရွက်တွေဝယ်ပြီးလို့ ငါးတန်းဘက်သွားတော့ ငါးအရှင်တွေချည်း ရေဇလုံထဲမှာ။ ပြီးတော့ လေးထောင့်သစ်သားဘောင်ကြီးကြီးထဲ ပလတ်စတစ်စခင်း ရေထည့်ထားတဲ့ မြေပေါ်ကယာယီကန်လေးထဲမှာ အရွယ်စုံအမျိုးစုံ တလွန့်လွန့် ကူးနေလိုက်ကြတာ။ ဝယ်သူလက်ညှိုးထိုးပြတဲ့အကောင်ကိုကောက်ကိုင် တုံးကြီးပေါ်တင် လူးနေတဲ့ငါးကို သစ်သားချောင်းကြီးနဲ့ ခွပ်ခနဲထုချလိုက်တဲ့အခါ ကျွန်မလည်း အားခနဲယောင်ပြီးအော်လိုက်မိတော့တာပါပဲ။

လတ်ဆတ်မှကြိုက်သူတွေကြားထဲ ငါးအရှင်ဆိုလွှတ်တတ်တဲ့ ကျွန်မဒုက္ခတွေရောက်တော့တာပေါ့။ အဲဒီနေ့ကစပြီး ငါးဆိုမစားရတော့တာ တစ်လနီးပါးကြာသွားတော့တာ။ တစ်ရက်မှာဈေးသွားကြတော့ ငါးသည်တွေက ကျွန်မတို့ကို ပခုံးလာလာတို့ပြီး ယွီ.. ယွီနဲ့ ငါးတွေကိုလက်ညှိုးထိုးထိုးပြပြီး လာစပ်ကြပါတယ်။

မြို့ကျဉ်းကျဉ်းလေးမို့ သိနေကြပြီလေ။ ကျွန်မက ခေါင်းခါ သူတို့က လက်ဖဝါးနှစ်ဖက်ဖြန့်ပြီး မေးတထိုးထိုးနဲ့ ဘာလို့လဲလို့မေးကြတော့တာ။

ကျွန်မပခုံးတွန့် ခေါင်းခါပြလေ သူတို့ကမေးလေ.. စိတ်တွေညစ်လိုက်ရတာ။

အဲဒီအချိန်မှာ ခုနစ်နှစ်ကျော်ကျော် ကျွန်မရဲ့ သားငယ်က သူတို့လိုပဲ အင်တာနေရှင်နယ် လန်းငွေ့ချိုနဲ့ဝင်ပြောတော့တာပဲ။ သားငယ်က တရုတ်မလေးတွေရှေ့မှာရပ်ပြီး ငါးကန်ကိုလက်ညှိုးထိုးပြပါတယ်။ ပြီးတော့ ညာလက်လေးကို မြွေလိမ်မြွေကောက်သွားသလို လှုပ်ယမ်းပြ နှုတ်ခမ်းလေးမဲ့ပြီး လက်ဝါးထောင်ခါပြပါတယ်။ အရှင်မကြိုက်ဘူးလို့ပြောချင်တာပါ။ ပြီးမှ မျက်လုံးကိုစုံမှိတ် လျှာတစ်လစ်ထုတ် ခေါင်းလေးကိုစောင်း လက်ဖဝါးနှစ်ဖက်ဖြန့်ပြီး သေတယ်ဆိုတဲ့ပုံစံပြပါတယ်။ ပြီးမှမေးဆတ်ပြီးမေးတော့တာ။ အားလုံးက ဝိုင်းကြောင်ကြည့်နေကြစဉ်မှာ သဘောပေါက်သွားတဲ့တရုတ်မလေးက "ဟောင်" တဲ့။ သားငယ်လက်ကို ဆတ်ခနဲဆွဲပြီး ဆိုင်နောက်ကို ခေါ်သွားပါတော့တယ်။

"မေမေရေ မေမေရေ မေမေကြိုက်တဲ့ငါးတွေ"

သားငယ်ရဲ့အော်သံကြောင့် အတွင်းကိုဝင်လိုက်သွားတော့ ဇလုံကြီးထဲမှာ လတ်ဆတ်တဲ့ငါးအသေတွေ၊ အရှင်တွေရောင်းတာ တစ်ကျင်းငါးကျပ်ပေမယ့် အသေကျတော့ တစ်ကျင်းနှစ်ကျပ်ခွဲ။ ကဲ အဆင်ပြေလိုက်ပုံများ။ နောင်အခါမှာတော့ သားငယ်ကိုမြင်တာနဲ့ တရုတ်မလေးတွေက သားငယ်လုပ်ပြသလို ပြန်လုပ်ပြပြီး စနေတတ်ကြတော့တယ်။ ဒီလိုနဲ့ တရုတ်စကားလေးတွေ မတောက်တခေါက် သင်ပြောလေးတွေပြောနေကြတုန်း မိတ်ဆွေတစ်ယောက်နဲ့ဆုံပါတယ်။

ရန်ရှောက်ဟွာ ဆိုတဲ့ အစ်မကြီးပါ။ ကျွန်မကို သူ့သား တရုတ်ကလေးစိုင်းမောင် ခြောက်တန်းကျောင်းသားလေးကို စာသင်ပေးပါ။ သူကကျွန်မသားငယ်ကို တရုတ်စာနဲ့ တရုတ်စကားသင်ပေးပါမယ်ပေါ့။

ကျွန်မတို့ညနေဆို ကလေးချင်းလဲပြီး စာသင်ကြ။ ကျွန်မက စာသင်ရင်းနဲ့ စိုင်းမောင်ကိုမေးပါတယ်။

"စိုင်းမောင်ရေ ဈေးသွားဝယ်တဲ့အခါ သူက တစ်ကျင်းငါးကျပ်လို့ ပြောမယ်၊ အန်တီက လျှော့ပါဦး သုံးကျပ်ထားပါလို့ပြောမယ် ဘယ်လိုပြောရမလဲ" ဆိုတော့..စိုင်းမောင်ကတွေတွေလေး စဉ်းစားနေပါတယ်။ ပြီးတော့မှ" သူက ယိကျင်း ဝူခွိုက်လို့ ပြောမယ်နော် အန်တီက ဒီလိုမျိုး (လက်သုံးချောင်းထောင်ပြပါတယ်) စန်းခွိုက် လို့ပြောလိုက်ပေါ့။ သူကနော် (မျက်နှာလေးမဲ့ပြပြီး လက်ဝါးခါပြပါတယ်) အဲဒီလိုဆို အန်တီသွားလိုက်တော့ " တဲ့။ ကဲတော်လိုက်တဲ့ဆရာ ဒီထက်တော်တဲ့ဆရာတောင် ဒီလောက်ရှင်းအောင် သင်ပေးနိုင်မယ်မထင်။ တစ်ရက်မှာတော့ ကျွန်မတို့ တောင်ကုန်းကမ်းပါးယံမှာပေါက်နေတဲ့ မြင်းခွာရွက်တွေကို ကျွန်မတို့မိသားစုနဲ့စိုင်းမောင် အတူတူထိုင်ခူးနေကြပါတယ်။

ကမ်းပါးယံဟာ တိတိရိရိပိုင်းပြတ်နေတာဖြစ်ပြီး အောက်ခြေကွင်းပြင်ဟာ မနောကွင်းကြီးဖြစ်ပါတယ်။ ပေသုံးဆယ်လောက်အမြင့်ကြီးပါ။ ကျွန်မက ကမ်းပါးယံအစပ်က မြင်းခွာရွက်နုတွေကိုခူးပြီး ဆန်ခါခြင်းထဲထည့်နေရင်းက "စိုင်းမောင်.. တရုတ်ကားတွေထဲမှာ ကျူးမီးငါးကျူးမီးငါးနဲ့အော်တာ အဲဒီအဓိပ္ပာယ်ပြောပြ" လို့ ကျွန်မကမေးလိုက်ပါတယ်။ စိုင်းမောင်က တွေတွေလေးစဉ်းစားနေပါတယ်။ ကျွန်မသိချင်တဲ့ တစ်လုံးချင်းအဓိပ္ပာယ်ကို သူပြောဖို့ခက်နေတယ်ထင်ပါရဲ့။ သူကဗမာစကားကို ရေရေလည်လည် ပြောတတ်သူလေးမှမဟုတ်တာလေ။ ဒါပေမယ့်သူက ကြိုးစားပြီးရှင်းပြရှာပါတယ်။ ဆောင့်ကြောင့်ထိုင် မြင်းခွာရွက်နှုတ်နေရင်းက လက်ညှိုးလေးတထောင်ထောင်နဲ့ ကျွန်မကို ခုလိုပြောပါတယ်။ "အန်တီနော် အခုအဲဒီကနေ အောက်ကိုချော်လိမ့်ကျလိုက် ကျူးမီးငါးလို့အော်လိုက်"တဲ့ သားငယ်က ကျွန်မကို လာပြေးဖက်ပါတယ်။

"ကိုစိုင်းမောင်နော် သားမေမေသေသွားမှာပေါ့။ ဘာလို့လိမ့်ကျရမှာလဲ" အအော်ခံရတဲ့ စိုင်းမောင်က ကြောင်စီစီလေးကြည့်ရင်း သားငယ်ကိုနားမလည်သလို ပြန်ပြောပါတယ်။

"သားငယ် အဲဒါမှ သူတို့ရောက်လာမှာလေ"

"ဘယ်သူတွေလဲ"

ကျွန်မတို့သားအမိပြိုင်တူမေးတော့...

"ဟိုလူတွေလေ.. "တဲ့

"ဘယ်လူတွေလဲ"ဆိုတော့

"အဲဒီလူတွေလေ"နဲ့

အမေးနဲ့အဖြေလုံးချာလည်လိုက် အဖြေမထွက်ခဲ့။ သားငယ်ကတော့ "သူတို့စကား ကျူးမီးငါးသိချင်တာနဲ့ မေမေက ကမ်းပါးယံအမြင့်ကြီးကို ချော်ကျပေးရဦးမယ်။ ကျူးမီးငါးလို့လည်း အော်ရဦးမယ်။ အောက်လည်းရောက် မေမေလည်း သေရော ဘာကောင်းလို့လဲ။ အဲဒါ ကယ်တော်မူကြပါလို့အော်တာ မေမေကလည်း..."တဲ့ စိတ်တွေဆိုးနေပါတော့တယ်။ အစ်မရန်ရှောက်ဟွာကို ပြောပြတော့ ရယ်လိုက်တာလေ။

သူ့သားဘာသာပြန်တာသဘောကျနေလေရဲ့ ကျူးဆိုတာ အသက်တဲ့ မီးငါးဆိုတာက ကယ်ပါတဲ့ အသက်အန္တရာယ်နဲ့ကြုံရင် ကယ်ကြပါ ကယ်ကြပါ အော်သလိုပေါ့တဲ့။ သူတို့လာမယ်ဆိုတာက ကယ်မည့်သူတွေကို ပြောတာနေမှာတဲ့။ ကြာခဲ့ပါပြီ။ နှစ်ပေါင်းနှစ်ဆယ်ကြာခဲ့ပြီလေ။

စိုင်းမောင်တစ်ယောက် စကားပြန်ကြီးဖြစ်နေပြီလား။

ကျွန်မ မကြာခဏ အတွေးဝင်နေမိပါတယ်။

ချစ်သောပန်ဝါရေ....

■

# လူရှေ့တိုင်းရင်းသားပုံပြင်များ

မင်းသက်တင်



**သတင်းကြီးတဲ့ရွှေမင်းသမီး**

"ငါ၏ သမီးတော်အား စကားအရာတွင် အနိုင်ရအောင်ပြောနိုင်သူကို သမီးတော်နှင့် လက်ထပ်ထိမ်းမြားကာ တိုင်းပြည်ကို တစ်ဝက်ခွဲပေးမည်။ သမီးတော်နှင့် စကားပြောရာတွင် ရှုံးနိမ့်သူအား နားတစ်ဖက်ကို သံပူဖြင့်ဖောက်ပြီး ရာဇဒဏ်ခတ်တော်မူမည်"

ရွှေမင်းသမီးရဲ့ ဖခမည်းတော်ဘုရင်ကြီး ကြေညာလိုက်တဲ့အမိန့်တော်မှာ အတိုင်းတိုင်းအပြည်ပြည်သို့ ပျံ့နှံ့ရိုက်ခတ်သွားတော့တယ်။

အချိန်ကား ဟိုး.. လွန်လေပြီးသော အချိန်ကပေါ့ကွယ်။ မြန်မာနိုင်ငံရဲ့ မြောက်ဘက်ပိုင်း တောင်ကုန်းကြီးတစ်ခုပေါ်မှာ အလွန်ကြီးကျယ်ခမ်းနားပြီး သာယာအေးချမ်းတဲ့ မင်းနေပြည်တော်တစ်ခုရှိခဲ့ဖူးတယ်။ အဲဒီတိုင်းပြည်ရဲ့ ဘုရင်မင်းမြတ်ထံမှာ အလွန်တရာချောမောလှပတဲ့ သမီးတော်တစ်ပါးရှိတယ်ကွယ့်။ သမီးတော်ဟာ ယဉ်ကျေးပျူငှာသူဖြစ်ပြီး စကားပြောဆိုရာမှာလည်း ပြောတတ်လွန်းကာ စကားကြွယ်လို့ "စကားကြွယ်တဲ့ ရွှေမင်းသမီး" ရယ်လို့ သတင်းကြီးတယ်။

ရွှေမင်းသမီးနဲ့ စကားပြောရမယ်ဆိုတဲ့ သတင်းကြောင့် အတိုင်းတိုင်းအပြည်ပြည်က မင်းညီမင်းသားတွေ မှူးကြီးမတ်ရာတွေရဲ့ သားတော်တွေ သူဌေးသူကြွယ်တွေရဲ့ သားတော်တို့ဟာ ရွှေမင်းသမီးထံကို ရောက်လာကြတယ်။

"ရွှေမင်းသမီးနဲ့ စကားပြောရရင်တော်ပါပြီ အနိုင်မလိုချင်ပါဘူး။ နားကို အဖောက်ခံရလည်း ခံရပါစေတော့" လုလင်ပျိုတို့ရဲ့ကြားမှာ ရွှေမင်းသမီးနဲ့ စကားပြောရရုံနှင့်ပင် ကျေနပ်တယ်ဆိုတဲ့စကား တွင်ခဲ့ရတာပေါ့။

ရွှေမင်းသမီးရဲ့ လှပကြော့ရှင်းတဲ့ ရုပ်ရည်ရူပကာကိုမြင်လိုက်ရတဲ့ လုလင်ပျိုတိုင်းက ရွှေမင်းသမီးနဲ့ စကားမပြောဘဲ မနေနိုင်ဖြစ်ကြရတာပေါ့။ ရွှေမင်းသမီးနဲ့စကားပြောရာမှာ ရှုံးနိမ့်ကြရလို့ နားတစ်ဖက်ကို သံပူနဲ့အဖောက်ခံရသူချည်းပဲ ဖြစ်နေရသတဲ့။

ဒီသတင်းဟာ ဒက္ခိဏဒီပတိုင်းပြည်ကို ရောက်ရှိပျံ့နှံ့သွားတဲ့အခါ ဒက္ခိဏဒီပတိုင်းပြည်ရဲ့ ဘုရင်မင်းမြတ်ရဲ့ သားတော်မင်းသားခုနစ်ပါးကလည်း စိတ်ဝင်စားသွားတယ်။ အဲဒါကြောင့် ရွှေမင်းသမီးထံကို မင်းသားညီနောင်ခုနစ်ပါး ခရီးနှင်လာကြတော့တယ်။

"ညီထွေးရယ် မင်းမှာလည်း လမ်းခရီးမှာ တွေ့သမျှတွေကို ကောက်ယူနေတော့တာပဲ။ လမ်းမှာမြင်သမျှကိုသာ ကောက်ယူနေရင် မင်းသယ်နိုင်မှာတောင် မဟုတ်တော့ဘူးနော်"

နောင်တော်များက မြည်တွန်တောက်တီးကြသော်လည်း ညီထွေးကတော့ လမ်းခရီးမှာတွေ့သမျှထဲက သင့်မည်ဟုယူဆရသည်တို့ကို ပထမဆုံး ကောက်ယူလာတဲ့ လွယ်အိတ်လေးထဲကို ထည့်ယူလာသတဲ့။

ညီနောင်ခုနစ်ပါးဟာ ရွှေမင်းသမီးတို့တိုင်းပြည်ကို ရောက်လာတဲ့အခါ အဝေးကပင်ပန်းကြီးစွာ လာရောက်ရသူများအဖြစ်သိတဲ့အခါ ရွှေမင်းသမီးရဲ့ ရှေ့တော်မှောက်ကို အမြန်ဆုံးဝင်ခွင့်ရခဲ့ကြတယ်။ နောင်တော်များအားလုံးက ရွှေမင်းသမီးနဲ့စကားပြောရာမှာ ရှုံးနိမ့်ကြတာကြောင့် ဘယ်ဘက်နားရွက်ကို သံပူနဲ့ ထိုးဖောက်တာ ခံလိုက်ကြရတယ်။

နောက်ဆုံးမှာတော့ ညီနောင်တွေထဲက အငယ်ဆုံးဖြစ်တဲ့ ညီထွေးအလှည့်ရောက်လာတယ်။ "သည်အခန်းထဲက အပူထက် မီးကပိုပူပါတယ်ရှင်" ရွှေမင်းသမီးက နောင်တော်များနဲ့ ပြောခဲ့တဲ့စကားကိုပဲ ပြန်လည်အစချီကာပြောလာတယ်။ ညီထွေးကတော့ ဘာမျှမပြောသေးဘဲ လွယ်အိတ်ထဲက ကြက်သေကောင်ကို ဆွဲထုတ်လိုက်တယ်။ ပြီးမှဖြည်းဖြည်းချင်း ဆက်ပြောတယ်။

"သည်လိုဆိုရင် အဲဒီမီးနဲ့ မောင်တော်ရဲ့ ကြက်သေကို ကင်ချင်လိုက်တာ"

စာမျက်နှာ ၂၂ သို့ ❍

# ဆလုံတိုင်းရင်းသားတို့၏ နေထိုင်မှုဘဝ

ဆလုံတိုင်းရင်းသားတို့သည် မြန်မာနိုင်ငံ၏တောင်ဘက်အစွန်ဆုံးရှိ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် လူနည်းစုအဖြစ်ကျွန်းများနှင့် ပင်လယ်ကမ်းစပ်များတွင် သီးခြားနေထိုင်ကြသည်။


မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ ဒုန်းကျွန်း၊ တနင်္သာရီမြို့နယ်၊ ကော့သောင်းမြို့နယ်၊ ဇာဒက်ကြီးကျွန်း၊ ဘုတ်ပြင်းမြို့နယ်၊ လန်းပိကျွန်း၊ မကြံကလက်ကျေးရွာနှင့် ညောင်ဝိကျေးရွာတို့တွင် ဆလုံတိုင်းရင်းသားလူမျိုးများ နေထိုင်ကြကြောင်း သိရသည်။

မနုဿဝင်းမော်

ဆလုံ တိုင်းရင်းသားတို့သည် ပင်လယ်ပြင်ကိုအခြေပြု၍ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ်တို့တွင် လှည့်လည်သွားလာနေထိုင်ကြသူများလည်း ဖြစ်သည်။ မေလမှဩဂုတ်လအထိ လေးလတာကာလသည် မိုးရာသီကာလဖြစ်၍ ပင်လယ်ပြင်၌ လေပြင်းမုန်တိုင်း တိုက်ခတ်သည့်ကာလဖြစ်ခြင်းကြောင့် ပင်လယ်ကမ်းစပ်နှင့် ကျွန်းများပေါ်တွင် ခြေတံရှည်အိမ်များ ဆောက်လုပ်နေထိုင်ကြသည်။ ထို့ပြင် ကျန်ရှိသည့် ရှစ်လတာကာလဖြစ်သော စက်တင်ဘာလမှ ဧပြီလအထိကို ပင်လယ်ပြင်၌ လှေအိမ်များဖြင့် လှည့်လည်သွားလာနေထိုင်ကြသည်။

### ဆလုံတိုင်းရင်းသားတို့၏ ရုပ်လက္ခဏာ

အများအားဖြင့် နဖူးမကျဉ်းမကျယ်၊ မျက်ခုံးကောင်းကောင်း၊ မျက်ရစ်ပေါ်ပြီး မျက်ဆန်ညိုသည်။ နှာခေါင်းအနည်းငယ်ပြားပြီး နှုတ်ခမ်းအနည်းငယ်ထူသည်။ မေးရိုးကားကာ နားရွက်မှာ အနေတော်မျှသာဖြစ်ကြောင်း ဆလုံတိုင်းရင်းသားတို့၏ ရုပ်လက္ခဏာအဖြစ် မှတ်သားဖူးပါသည်။



ဆလုံတိုင်းရင်းသားတို့၏ နေအိမ်ဆောက်လုပ်နေစဉ်။

ပင်လယ်ဆားငန်ရည်နှင့် အမြဲထိတွေ့နေရသူများ ဖြစ်သောကြောင့် အမည်းရောင်ဆံပင်မှာ နီကြောင်ကြောင်ဖြစ်နေရသည်။ မွေးစတွင် အသားအရောင်ဖြူဝင်းသော်လည်း နေဒဏ်၊ ပင်လယ်လေဒဏ်နှင့် ပင်လယ်ဆားငန်ရည်တို့ အမြဲထိတွေ့မှုဒဏ်တို့ကြောင့် ခြောက်သွေ့ညိုးနွမ်းပြီး မည်းနက်နေသည်။

အရပ်အမောင်းအနေဖြင့် ယခင်က ခန္ဓာကိုယ်သေးငယ်ကြုံလှီပြီး အရပ်ပုသည်။ ယခုအခါ ဖွံ့ဖြိုးစပြုလာပြီး ဆလုံအမျိုးသားတို့၏ အရပ်အမောင်းသည် ၅ ပေ ၂ လက်မမှ ၅ ပေ ၆ လက်မအထိ ရှိတတ်သည်။ အမျိုးသမီးများမှာ ၅ ပေ ၂ လက်မမှ ၅ ပေ ၄ လက်မအထိ ရှိပြီဖြစ်ကြောင်း ဆလုံတိုင်းရင်းသားတို့၏ လူမှုစီးပွားရေးဘဝသမိုင်း မှတ်တမ်းများအရ သိရသည်။

### လှေအိမ်များဖြင့် နေထိုင်

ဆလုံ တိုင်းရင်းသားလူမျိုးများသည် မိုးတွင်းအချိန်မှလွဲ၍ လှေကို အိမ်လုပ်ထားသည့် လှေအိမ်များဖြင့် ပင်လယ်ပြင်တွင် နေထိုင်ကြသည်။ လှေအိမ်ပေါ်တွင် မိသားတစ်စုလုံး သာမက အိမ်မွေးခွေးနှင့် ကြက်များကို တင်ဆောင်ထားလေ့ရှိသည်။ မိုးရာသီအချိန်များတွင် ပင်လယ်ကမ်းစပ်နှင့် ကျွန်းများပေါ်တွင် အုပ်စုလိုက်အနေဖြင့် အိမ်ဆောက်ကာ နေထိုင်ကြသည်။

ရှေးယခင်က အိမ်ဆောက်ရန် မျောတိုင်ငယ်ခြောက်လုံးနှင့် ဓနိအရွက်အမိုး၊ ဝါးကြမ်းခင်းသာ လိုသည်။ တောထဲမှ ခုတ်ယူလာသော မျောတိုင်များ၊ ဝါးများကိုသုံး၍ အိမ်အဖြစ်ဆောက်လုပ်ရာ၌လည်း ခြေတံရှည်တဲငယ်မျှသာ ဖြစ်သည်။

ယခုအခါ အချို့သောဆလုံ တိုင်းရင်းသားများသည် ပင်လယ်ကမ်းစပ်တွင် ရွာတည်၍ အတည်တကျ နေထိုင်လာကြသည်။ တလွန်းရွာတွင် သွပ်မိုးပျဉ်ခင်း၊ ပျဉ်ကာဖြင့် အိမ်များ ဆောက်လုပ် နေထိုင်လာကြသည်။ ငွေကြေးမတတ်နိုင်သူများက ဓနိမိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်းများဖြင့် ဆောက်လုပ်နေထိုင်ကြလေသည်။



ဆလုံရိုးရာလှေအိမ်။

> ဆလုံတိုင်းရင်းသားတို့သည် ပင်လယ်ပြင်ကို အခြေပြု၍ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ် တို့တွင် လှည့်လည်သွားလာနေထိုင်ကြသူများ လည်းဖြစ်သည်။ မေလမှ ဩဂုတ်လအထိ လေးလတာကာလသည် မိုးရာသီကာလဖြစ်၍ ပင်လယ်ပြင်၌ လေပြင်းမုန်တိုင်း တိုက်ခတ် သည့်ကာလ ဖြစ်ခြင်းကြောင့် ပင်လယ်ကမ်းစပ် နှင့် ကျွန်းများပေါ်တွင် ခြေတံရှည်အိမ်များ ဆောက်လုပ်နေထိုင်ကြ

### ယခင်ကထက်တိုးတက်ဖွံ့ဖြိုး စည်ပင်လာ

ယင်းတို့သည် ဆလုံတိုင်းရင်းသား လူမျိုးတို့၏ နေထိုင်မှုဘဝတစ်စိတ်တစ်ပိုင်းမျှသာဖြစ်ပြီး၊ ယခုလက်ရှိကာလများတွင် ယခင်ကထက်တိုးတက်ဖွံ့ဖြိုး စည်ပင်လာပြီဖြစ်သဖြင့် နေထိုင်မှုဘဝများလည်း မြင့်တက်လာပြီ ဖြစ်ပေတော့သည်။ ။

**ရည်ညွှန်းနှင့် ဓာတ်ပုံ။ ။ ဆလုံတိုင်းရင်းသားများ လူမှုစီးပွားရေးဘဝ၊ ပါမောက္ခ ဒေါ်တင်ရီနှင့်အဖွဲ့**

---

❍ စာမျက်နှာ ၂၀ မှ

“အို... ကြက်သေကို မီးကင်ရင် ကြက်ဆီတွေကြမ်းပေါ်ကျပြီး ခင်းထားတဲ့အဖိုးတန်ကော်ဇောတွေ ပျက်စီးကုန်မှာပေါ့”

“ကြောင့်ကြတော်မမူပါနဲ့ ရွှေမင်းသမီးရယ်၊ ကြက်ဆီတွေ ယိုကျလာရင် ဟောဒီဇွန်းနဲ့ ခံထားပေးမယ်လေ”

“ဟင် ကြက်ဆီက သိပ်ပူတာကြောင့် ဇွန်းကျိုးသွားမှာသေချာတယ်။ ဘယ့်နှယ်လုပ်မှာလဲရှင်” ညီထွေးက ကြိုးမျှင်လေးကိုထုတ်ပြကာ ဆက်ပြောတယ်။ “ပူတတ်ရန်ကော ရွှေမင်းသမီးရယ်၊ ဇွန်းကျိုးတယ်ဆိုရင် ဒီကြိုးမျှင်လေးနဲ့ ချည်ပြီးဆက်ထားလိုက်မှာပေါ့” “အရှင့်သား ပြောတဲ့စကားတွေက တိုတောင်းလွန်းပါတယ်၊ စကားစစ်ထိုးလို့ မဖြစ်နိုင်ဘူးထင်တယ်”

ရွှေမင်းသမီးက စိတ်ဆိုးတဲ့လေသံနဲ့ ပြောလေရာ ညီထွေးက အပြုံးမပျက်ဘဲ လွယ်အိတ်ထဲက ကြိုးကြီးတစ်ချောင်းကို ဆွဲထုတ်လိုက်တယ်။ ပြီးတော့ ညင်သာစွာ ဆက်ပြောတယ်။

“မောင်တော်ရဲ့ စကားတွေက တိုတောင်းလွန်းတယ်ဆိုရင် အလွယ်ကလေးပါ။ ဒီကြိုးနဲ့ ဆက်တာပေါ့ ရွှေမင်းသမီးရယ်”

“ရှင်ဟာ အတော်လေးကောက်ကျစ်တာပဲ”

ရွှေမင်းသမီးခမျာ အတော်ပင် စိတ်ဆိုးလာကာ သလွန်ပေါ်မှာ ထိုင်နေရာကပင် ထရပ်လိုက်လေတယ်။ ညီထွေးကတော့ အပြုံးပန်းများဝေလျက် ဆက်ပြောရှာတယ်။

“မောင်တော့် ပြောတဲ့စကားတွေထက် ပိုပြီးကောက်တဲ့အရာ ရှိပါသေးတယ်ရွှေမင်းသမီးရေ၊ ဒီမှာ ကြည့်ပါလေ...”

ညီထွေးက လမ်းခရီးမှ ကောက်ယူလာတဲ့ ကောက်ကွေးလိမ်နေတဲ့ ဆိတ်ဦးချိုကို ထုတ်ပြလိုက်တာပေါ့။

စကားကြွယ်လှပါတယ် ဆိုပြီး သတင်းကြီးတဲ့ရွှေမင်းသမီးခမျာ စကားပင်ဆက်မပြောနိုင်ဖြစ်ရကာ ညီထွေးကို အရှုံးပေးလိုက်ရတော့တာပေါ့။

ရွှေမင်းသမီးနဲ့ ညီထွေးတို့ စကားစစ်ထိုးနေမှုကိုရှုစားနေကြတဲ့ ဘုရင်ကြီးနဲ့တကွ မှူးမတ်အပေါင်းတို့ကလည်း အံ့အားသင့်သွားကြတယ်။ ရွှေမင်းသမီးရဲ့ ဖခမည်းတော်ဘုရင်ကတော့ ကြေညာထားတဲ့အမိန့်အတိုင်း ပေးထားတဲ့ကတိနဲ့အညီပဲ ညီထွေးကို ရွှေမင်းသမီးနဲ့ ထိမ်းမြားလက်ထပ်ပေးကာ အိမ်ရှေ့မင်းသားအရာကို အပ်နှင်းလိုက်ရတော့တာပေါ့ကွယ်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၃ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၅၃ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၆,၈၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၂၀,၄၄၇) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၆,၅၃၆) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၃,၅၅၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁-၂-၂၀၂၂) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၂၂,၂၁၉,၅၃၆) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးစီးသူ (၁၈,၉၇၆,၈၉၇) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၂၄၂,၆၃၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁-၂-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၁,၁၉၆,၄၃၃) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင် အပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ် ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်း စည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့် ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၄၈) ခု | (၂၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၉) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၃) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၉) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၉၇) ခု | (၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၄၂၇) ခု | (၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၁,၈၁၃) ခု | (၆၈) ဦး |
| စုစုပေါင်း | (၂၆,၈၂၆) ခု | (၁၄၃) ဦး |

## ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

(၂-၂-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၂၄၂,၆၃၉) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၈,၉၇၆,၈၉၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၂,၂၁၉,၅၃၆) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၁,၁၉၆,၄၃၃) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၆၅၁၆၂၀၂ | ၄၆၆၄၇၀၂၉ | ၉၁၃၉၂၄ |
| ၂။ | အိန္ဒိယ | ၄၁၆၃၀၈၈၅ | ၃၉၅၁၁၃၀၇ | ၄၉၇၉၉၆ |
| ၃။ | ဘရာဇီး | ၂၅၆၂၅၁၃၃ | ၂၂၃၅၃၃၆၁ | ၆၂၈၁၃၂ |
| ၄။ | ပြင်သစ် | ၁၉၅၅၇၆၂၆ | ၁၂၈၀၃၆၇၀ | ၁၃၁၃၁၂ |
| ၅။ | ဗြိတိန် | ၁၇၄၂၈၃၄၅ | ၁၄၆၈၀၈၆၇ | ၁၅၆၈၅၇ |
| ၆။ | ရုရှား | ၁၂၁၂၈၉၇၆ | ၁၀၃၃၇၀၀၈ | ၃၃၂၆၉၀ |
| ၇။ | တူရကီ | ၁၁၇၂၂၄၈၃ | ၁၀၉၉၈၇၂၁ | ၈၇၆၁၄ |
| ၈။ | အီတလီ | ၁၁၁၁၆၄၂၂ | ၈၄၉၂၉၈၃ | ၁၄၆၉၂၅ |
| ၉။ | ဂျာမနီ | ၁၀၀၇၉၇၇၈ | ၇၇၈၉၆၀၀ | ၁၁၈၇၀၉ |
| ၁၀။ | စပိန် | ၁၀၀၃၉၁၂၆ | ၆၂၉၄၇၁၂ | ၉၃၆၃၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၃၈၇၂၈၆ | ၄၁၄၈၈၀၄ | ၁၄၄၃၇၃ |
| ၂။ | ဖိလစ်ပိုင် | ၃၅၇၇၂၉၈ | ၃၃၆၂၉၀၄ | ၅၄၀၉၇ |
| ၃။ | မလေးရှား | ၂၈၇၆၃၂၄ | ၂၇၈၇၁၈၇ | ၃၁၉၈၅ |
| ၄။ | ထိုင်း | ၂၄၅၆၅၅၁ | ၂၃၅၁၂၅၀ | ၂၂၂၁၀ |
| ၅။ | ဗီယက်နမ် | ၂၂၉၅၄၉၄ | ၂၀၆၈၈၅၃ | ၃၇၇၇၇ |
| ၆။ | မြန်မာ | ၅၃၆၅၃၆ | ၅၁၃၅၅၇ | ၁၉၃၁၀ |
| ၇။ | စင်ကာပူ | ၃၅၉၀၇၅ | ၃၃၇၇၄၃ | ၈၅၈ |
| ၈။ | လာအို | ၁၃၄၉၀၁ | ၁၂၉၁၁၃ | ၅၅၃ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၁၄၃၈ | ၁၁၇၇၂၈ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၆၆၉၁ | ၁၅၉၉၃ | ၉၈ |

❒ ဇန်နဝါရီမှ

အူဘာမီယန်ဟာ အာဆင်နယ်အသင်းအတွက် ပွဲစဉ် ၁၆၃ ပွဲမှာ သွင်းဂိုး ၉၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပေမယ့် ဒီဇင်ဘာလကတည်းက အာဆင်နယ်အသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့တာကြောင့် အာဆင်နယ် အသင်းကနေ ဘာစီလိုနာ အသင်းဆီ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။



အူဘာမီယန်



ဗန်ဒီးဘိခ်

**ပြောင်းရွှေ့ခဲ့**

စပါးအသင်းကွင်းလယ်ကစားသမား ဒီလီအလီကတော့ အဲဗာတန်အသင်းဆီ နှစ်နှစ်ခွဲသက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုပြီး ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အဲဗာတန်အသင်းရဲ့ နည်းပြသစ် ဖရန့်လမ်းပတ်က ကွင်းလယ်ကစားသမား ဒီလီအလီကို ဦးစားပေး ကစားသမားအဖြစ် ခေါ်ယူခဲ့တာကြောင့် ဒီလီအလီရဲ့ ပြောင်းရွှေ့ကြေးဟာ ပေါင်သန်း ၄၀ အထိ ရှိလာဖို့လည်း ရှိနေတာဖြစ်ပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ ဒီလီအလီဟာ အင်္ဂလန် လက်ရွေးစင်အသင်းအတွက် ၃၇ ပွဲပါဝင်ကစားပေးခဲ့ပြီး လက်ရှိစပါးအသင်း နည်းပြသစ် ကွန်တီလက်ထက်မှာ ခြောက်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ ဒီလီအလီဟာ စပါးအသင်းနဲ့အတူ ၂၆၉ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၆၇ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ယခုနှစ် ဘောလုံးရာသီမှာ ဂျူဗင်တပ်အသင်းနဲ့ အတူ ပွဲစဉ်ငါးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တဲ့ ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးဟာ စကော့တလန်ပရီမီယာလိဂ်ကလပ် ရိန်းဂျားအသင်းဆီကို အငှားစာချုပ်နဲ့ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပြီး အောက်တိုဘာလအတွင်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက်ပိုင်း ဂျူဗင်တပ်အသင်းနဲ့ အတူ ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့သူဖြစ်ပါတယ်။

မန်ယူ အသင်းရဲ့ ကွင်းလယ် ကစားသမား ဗန်ဒီးဘိခ်ဟာလည်း ယခုနှစ်ဘောလုံးရာသီ ကုန်ဆုံးချိန်အထိ အဲဗာတန်အသင်းဆီ အငှားစာချုပ်နဲ့ ပြောင်းရွှေ့ကစားဖို့ သဘောတူညီခဲ့တာ ဖြစ်ပြီး မန်ယူအသင်း ယာယီနည်းပြ ရန်းနစ်က ပုံမှန်ပွဲထွက် ကစားခွင့်ရရှိဖို့ ရုန်းကန်နေရတဲ့ ကွင်းလယ်ကစားသမား ဗန်ဒီးဘိခ်ကို အငှားစာချုပ်နဲ့ သွားရောက်ကစားရေး ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။

ဗန်ဒီးဘိခ်ဟာ ၂၀၂၀ ပြည့်နှစ်အတွင်းက အေဂျက်အသင်းကနေ မန်ယူအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းနဲ့ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် လေးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့သူလည်းဖြစ်ပါတယ်။

ငွေကြယ် ■

# အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖျက်သိမ်းခဲ့ရသည့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် အစားထိုး လက်ခံကျင်းပသွားမည်ဖြစ်သည်။

အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၁၉ ခုနှစ်ကလည်း ကျင်းပနိုင်ခြင်းမရှိဘဲ ဖျက်သိမ်းခဲ့ရသလို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၁ ခုနှစ် (၁၁) ကြိမ်မြောက် ပြိုင်ပွဲကိုလည်း ယင်းနှစ်တွင် မကျင်းပနိုင်ဘဲ ရွှေ့ဆိုင်းခဲ့ရသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ရွှေ့ဆိုင်းခဲ့ရသည့် ပြိုင်ပွဲများအနက် ဆီးဂိမ်းပြိုင်ပွဲကိုသာ ၂၀၂၂ ခုနှစ် မေလတွင် ပြန်လည်ကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သဖြင့် အင်ဒိုနီးရှားနိုင်ငံက အစားထိုး ကျင်းပခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၃၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အားကစားနည်း ၁၃ မျိုး ထည့်သွင်းကျင်းပရန် လျာထားကာ ယခုလအတွင်း အတည်ပြုသွားမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဒုတိယအကြိမ်လက်ခံကျင်းပခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်က ပထမအကြိမ် လက်ခံကျင်းပခဲ့သည်။

မြန်မာမသန်စွမ်း အားကစားအဖွဲ့သည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲယှဉ်ပြိုင်ပြီးပါက အာရှမသန်စွမ်းအားကစားပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကိုညီလေး

# လက်ပံတန်း၌ လမ်းဖွင့်ပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ ကျင်းပ

လက်ပံတန်း ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မအူကုန်းရပ်ကွက် ဇောတိဂုဏ်တွင် ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ဘုရားငါးဆူလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲကို မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လမ်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါလမ်းမှာ အကျယ် ၁၂ ပေ အရှည်ပေ ၃၆၅၀ ရှိပြီး စည်ပင်ထည့်ဝင်ငွေ ၁၇၅ သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ အခမ်းအနားကို နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က ပန်းခင်းစီမံချက် ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြကာ ငွေးတောက်ကွင်းအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ ၄၂ ဦး လက်ဝယ်သို့ တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ဆင့်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးနှင့် ခရိုင်ရုံးများတွင် လစ်လပ်လျက်ရှိသော **စာရင်းကိုင်(၄) ရာထူး(၃)နေရာ၊ အငယ်တန်းစာရေး(၅)နေရာ၊ ဒုတိယလက်ထောက်ဦးစီးမှူး (၁၀) နေရာ၊** (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- (ကျပ်- တစ်ထောင်တိတိ)ကို ရန်ကုန်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ **ငွေစာရင်းအမှတ်- (MD-020108)** သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ ငွေလွှဲပြေစာမူရင်းအား လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာများကို ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ အမှတ်၁၀(ဂျေ)၊(၅၅) လမ်း(ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား)၊ ဗိုလ်တထောင်မြို့နယ်၊ (၄) ရပ်ကွက်၊ ရန်ကုန်မြို့သို့ **၂၃-၂-၂၀၂၂ ရက်နေ့** နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၄။ ရေးဖြေစာမေးပွဲကို **၂၇-၂-၂၀၂၂ ရက်နေ့**တွင် (မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ်)များဖြင့်ကျင်းပပြုလုပ်မည်ဖြစ်သည်။

၅။ အသေးစိတ်အချက်အလက်များကို၊ **Facebook Page : Environmental Conservation Department (ECD) Yangon Region**နှင့် **Facebook Account : Yangon ECD** တို့တွင် ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းနံပါတ် ၀၁ ၈၂၉၁၁၈၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝန်ထမ်းများ အမြန်အလိုရှိပါသည်

လမ်းမတော်မြို့နယ်ရှိ ကုမ္ပဏီရုံးတွင် တာဝန်ထမ်းဆောင်ရန်-

၁။ Sales & Marketing Manager / Executive ကျား/မ(၄)ဦး
၄၀ နှစ်အောက်၊ ဘွဲ့ရ၊ လုပ်ငန်း အတွေ့အကြုံ (၅)နှစ်။
(ယာဉ်မောင်းတတ်သူ (အမျိုးသား) ဖြစ်ရမည်)

လှိုင်သာယာစက်မှုဇုန်(၁)ရှိ စက်ရုံတွင် တာဝန်ထမ်းဆောင်ရန်-

၁။ စက်ရုံမန်နေဂျာ ကျား (၁)ဦး
၄၅ နှစ်အောက်၊ဘွဲ့ရ၊ စီမံခန့်ခွဲအုပ်ချုပ်မှုအတွေ့အကြုံ(၅)နှစ်ရှိသူ
၂။ လက်ထောက်မန်နေဂျာ ကျား (၁)ဦး
၄၀ နှစ်အောက်၊ဘွဲ့ရ၊ စီမံခန့်ခွဲအုပ်ချုပ်မှုအတွေ့အကြုံ(၃)နှစ်ရှိသူ
၃။ လျှပ်စစ်အင်ဂျင်နီယာ BE/B-Tech/AGTI (EP) ကျား (၁)ဦး
၄၀ နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်။
၄။ လျှပ်စစ်ကျွမ်းကျင် (၄၅ နှစ်အောက်) ကျား (၂)ဦး
လုပ်ငန်းအတွေ့အကြုံ (၅)နှစ်။

လှိုင်သာယာမြို့နယ်၊ရွှေသံလွင်စက်မှုဇုန်ရှိ ပဲခွဲစက်ရုံတွင် တာဝန်ထမ်းဆောင်ရန်-

၁။ စက်ပြင်/စက်မောင်း ကျား (၂)ဦး
၃၅ နှစ်အောက်၊ T.H.S ၊အတွေ့အကြုံ(၃)နှစ်။
၂။ စက်မှုကျွမ်းကျင် (Welder/Cutter/Fitter)(၄၀ နှစ်အောက်) ကျား (၂)ဦး
၃။ လုံခြုံရေး (၄၀ နှစ်အောက်) ကျား (၁)ဦး

ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီးရှိ စက်ရုံတွင်တာဝန်ထမ်းဆောင်ရန်-

၁။ စက်ရုံမန်နေဂျာ ကျား (၂)ဦး
၄၀ နှစ်အောက်၊ဘွဲ့ရ၊ စီမံခန့်ခွဲအုပ်ချုပ်မှုအတွေ့အကြုံ(၅)နှစ်ရှိသူ
၂။ ဒု မန်နေဂျာ ကျား (၂)ဦး
၄၀ နှစ်အောက်၊ဘွဲ့ရ၊ စီမံခန့်ခွဲအုပ်ချုပ်မှုအတွေ့အကြုံ(၃)နှစ်ရှိသူ
၃။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) ကျား (၃)ဦး
၃၅ နှစ်အောက်၊ စက်ရုံကုန်ထုတ်လုပ်မှုအတွေ့အကြုံ(၃)နှစ်။
၄။ လုံခြုံရေး (၄၀ နှစ်အောက်) ကျား (၁)ဦး

လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ အမှတ် (၁၆၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန် သို့ ဖေဖော်ဝါရီလ(၁၉)ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန် အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
(နယ်လျှောက်ထားမှုအတွက် စာတိုက်မှတဆင့်ပေးပို့ လျှောက်ထားနိုင်ပါသည်။)
(အရည်အချင်းနှင့်အတွေ့အကြုံပေါ်မူတည်၍ လစာကောင်းပေးမည်။)

နိုင်ငံတော်အတွက်
ဥမကွဲသိုက်မပျက်
ပြည်ထောင်စုစိတ်ဓာတ်နဲ့
ဒို့ဆောင်ရွက်

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက် မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ (၀.၁၆၇)ဧကရှိ ဦးအောင်မြင့်မောင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်လှလှ [၉/ပမန(နိုင်)၀၅၆၃၅၁]မှ မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းခြင်းစာချုပ်အမှတ် (၈၁/၁၉၉၂)၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ သေဆုံးကြောင်း အထောက်အထားများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိန်ကျော်ဝင်း (DU-035906)၊ ဦးခင်မောင်လတ် (TKA-035098) အမည်ပေါက် မှတ်သားတည်ရှိသည့် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ပိတောက်ရွှေဝါလမ်း၊ မြေကွက်အမှတ် (၈၇၄/က)၊ မြေကွက်အကျယ် (အလျား ပေ ၂၀ x အနံ ပေ ၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြင့်ဦး [၁၂/သကတ(နိုင်)၀၆၂၂၈၈]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်ဦးလှိုင် [၉/မထလ(နိုင်)၂၂၈၉၂၇]၊ ဒေါ်ဖြိုးပြည့်ခင်[၉/မထလ (နိုင်)၂၅၆၈၄၃] တို့မှလည်းဝယ်ယူရန် သဘောတူညီသည့်အလျောက် (၃၀-၁-၂၀၂၂)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ခင်ဌေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၃၀)၊ ဓမ္မာသီရိ(၁)လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၈၁၈၂**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၃၁ ဆူ | ၁၅၆ ဆူ | ၅၇၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)နှင့် Expansion Joint | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ)၁ တိုင်လျှင် | ၁. ၂၀ | ၉၀ တိုင် | ၉၀ တိုင် | - |
| ၁၆။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၁၉၆၇။ | ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး နှင့်ဇနီး ဒေါ်ဥမ္မာမြင့်မိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၁၉၆၈။ | ဒုတိယဗိုလ်ချုပ်ကြီးဖွဲ့ဝင်းမြင့် နှင့်ဇနီး ဒေါ်သီဂီလွင်(သား)ဗိုလ်ကြီးရဲထွဋ်အောင် (သမီး) မခိုင်ဇင်သန့်မိသားစု (ကျောက်စာရုံစေတီ ၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၅၀၀၀၀၀၀ |
| ၁၉၆၉။ | မိဘများဖြစ်သောဒေါက်တာသန်းထွန်း နှင့်ဇနီး ဒေါက်တာ Kathleen Forbes (@)ဒေါက်တာရင်ရင် တို့အားရည်စူး၍ သားသမီးမြေးမြစ်များကောင်းမှု (ကျောက်စာရုံစေတီ ၁၀ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀၀ |
| ၁၉၇၀။ | ဖခင်ကြီး ဦးအောင်သင်းအား ရည်စူးအမှူးထား၍ မိခင်ကြီး ဒေါ်ခင်ထွေးနှင့် သားသမီး မြေးမြစ်များကောင်းမှု (ကျောက်စာရုံစေတီ ၂ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၅၅၈၀၀၀၀၀ |
| ၁၉၇၁။ | ဒေါက်တာဝင်းသန်းထွန်း အားရည်စူး၍ ကျန်ရစ်သူမောင်နှမများကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀၀ |
| ၁၉၇၂။ | အရှင်ကုသလဓမ္မအား အမှူးထား၍Mr.John Figueroa+ Dr.Susie@Dr.စန္ဒာရင် Alice@အေးနန္ဒာမိသားစုကောင်းမှု (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀၀ |
| ၁၉၇၃။ | ဦးအုန်းမြင့်နှင့်ဇနီး ဒေါ်နီနီမိသားစု | မော်လမြိုင်မြို့ | ၅၀၀၀၀၀ |
| ၁၉၇၄။ | ကွယ်လွန်သူ ဦးနေဝင်း အားရည်စူး၍ ဇနီး ဒေါ်ညိမ်းညိမ်း(သား)ဗိုလ်ကြီးကျော်စွာနေသွေး မိသားစု | နေပြည်တော် | ၅၀၀၀၀၀ |
| ၁၉၇၅။ | ကွယ်လွန်သူ ဒေါ်တင်လှ (၄)လပြည့်အားရည်စူး၍ ခင်ပွန်း ဦးမောင်မြင့်နှင့်သားသမီးမြေးများ | နေပြည်တော် | ၁၀၀၀၀ |
| ၁၉၇၆။ | ကွယ်လွန်သူ ဖခင်ကြီး(ဦးမြင့်အောင် နှင့် ဦးအောင်မြင့်)တို့အားရည်စူး၍ ကိုစိုးမိုးအောင်နှင့်ဇနီး ဒေါ်ချိုချိုခိုင် (သမီး)မရွှန်းလဲ့ဗိုလ်(သား)မောင်ခန့်လင်းထက်မိသားစု | နေပြည်တော် | ၃၀၀၀၀၀ |
| ၁၉၇၇။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်အိချိုအောင် (သူငယ်ချင်း)မမို့မို့ယုအောင် | ပျဉ်းမနားမြို့ | ၃၀၀၀၀ |
| ၁၉၇၈။ | ဦးနန္ဒကျော်နှင့်ဇနီး ဒေါ်ခိုင်ဇာခြည်လင်းမိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၉၇၉။ | ဗိုလ်မှူးမြတ်သူ(ငြိမ်း)နှင့်ဇနီး ဒေါ်လှလှဝေမိသားစု | နေပြည်တော် | ၃၀၀၀၀၀ |
| ၁၉၈၀။ | ဦးဆီဇာပြည့်စိုး နှင့်ဇနီး ဒေါ်မေသူဇာညွန့် | နေပြည်တော် | ၅၀၀၀၀ |
| ၁၉၈၁။ | ဒုအရာခံဗိုလ်မောင်မောင်သန်း နှင့်ဇနီး ဒေါ်ဝေဝေမြင့်(သား)မောင်အောင်စစ်သွေး | မန္တလေးမြို့ | ၃၀၀၀၀၀ |
| ၁၉၈၂။ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်ငွေတင် အားရည်စူး၍ ဦးထွန်းအောင်နှင့်သားသမီးများ (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ် ၁ ခုလှူဒါန်း) | ရန်ကုန်မြို့ | ၇၀၀၀၀၀ |
| ၁၉၈၃။ | ဒေါ်ခင်မျိုးလွင်နှင့်သားသမီးတစ်စု | အမ်းမြို့ | ၅၀၀၀၀ |
| ၁၉၈၄။ | ဆရာမကြီး ဒေါ်ခင်ခင်ချိုနှင့် တပည့်ယောဂီများကောင်းမှု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၁၉၈၅။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်စန်းရီ အားရည်စူး၍ ဦးကျင်စိုးနှင့်ဇနီး ဒေါ်ကြည်ကြည်၊ ဦးအောင်မြင့်၊ ဦးကျော်စိုးမိုးနှင့်ဇနီး ဒေါ်လွင်မာဦး(သား)မောင်စစ်ငြိမ်းခန့် မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၉၈၆။ | ဗိုလ်မှူးထက်ခိုင်အောင် နှင့်ဇနီး ဒေါ်ရည်မွန်ကျော်ကျော် မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၁၉၈၇။ | ဗိုလ်မှူးကျော်ကျော်(ငြိမ်း) နှင့်ဇနီး ဒေါ်လွင်လွင်လှိုင်မိသားစု | ပဲခူးမြို့ | ၅၀၀၀၀၀ |
| ၁၉၈၈။ | ကွယ်လွန်သူ ဦးသန်းငွေ (၃)နှစ်ပြည့်အား ရည်စူး၍ ဇနီး ဒေါ်ထွေးကြည်မိသားစု | မော်လမြိုင်မြို့ | ၃၀၀၀၀၀ |
| ၁၉၈၉။ | ဗိုလ်မှူးကြီးအေးမင်းထွန်း နှင့်ဇနီး ဒေါ်ဇင်မင်းအေး(သမီး)မမေမြတ်မွန်၊ (သား)မောင်စွမ်းဉာဏ်ဇော်၏ (၁၄)နှစ်ပြည့်မွေးနေ့အလှူ | နေပြည်တော် | ၅၀၀၀၀ |
| ၁၉၉၀။ | မဇွန်သက်မှူး မိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀၀ |
| ၁၉၉၁။ | ကွယ်လွန်သူ နှစ်ဖက်မိဘများဖြစ်သော ဗိုလ်ကြီးချန်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်တင်ရ၊ ဦးလှဖေနှင့်ဇနီး ဒေါ်တင်ညွန့်တို့အားရည်စူး၍ ဦးမြင့်စိုးနှင့်ဇနီး ဒေါ်စောစောဦး မိသားစု (Garden Light ၁ တိုင်လှူဒါန်း) | ရန်ကုန်မြို့ | ၁၂၀၀၀၀ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများ၌ ခန့်ထားရန်အတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | နေရာ |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ | (၂)နေရာ |
| (ခ) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ဘာသာရပ်ဆိုင်ရာဘွဲ့/ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ | (၁)နေရာ |
| (ဂ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ | (၅)နေရာ |
| (ဃ) | ယာဉ်မောင်း(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | အနိမ့်ဆုံးအခြေခံပညာ မူလတန်းအောင်ပြီးသူ၊ ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီးသူ | (၂)နေရာ |
| (င) | ရုံးအကူ/စာပို့ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အနိမ့်ဆုံးအခြေခံပညာ အလယ်တန်း အောင်ပြီးသူ | (၂)နေရာ |
| (စ) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အနိမ့်ဆုံးအခြေခံပညာ မူလတန်း အောင်ပြီးသူ | (၃)နေရာ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၂၈-၂-၂၀၂၂)ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၃)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။)
- (ဂ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။
- (ဃ) အမှတ်စဉ်(က)နှင့် (ခ)ပါ ဒုတိယဦးစီးမှူးရာထူးနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနေရာအတွက် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်သူ ဦးစားပေးရွေးချယ်မည်။
- (င) အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (စ) လျှောက်ထားသူတစ်ဦးလျှင် ရာထူးအလွှာတစ်မျိုးကိုသာ လျှောက်ထားရမည်။
- (ဆ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၃)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်-
- (က) လျှောက်ထားသည့် ရာထူးအမည်၊
- (ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ဂ) မွေးသက္ကရာဇ်နှင့် အသက်၊
- (ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
- (င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊
- (စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
- (ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ ရက်စွဲနှင့် အလုပ်သမားရုံးအမည်၊
- (ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊
- (ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊
- (ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့ဓာတ်ပုံ(၁လက်မ x ၁လက်မ) (၃)ပုံ၊
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူမှန်)
- (ဂ) ဘွဲ့လက်မှတ် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူမှန်) သို့မဟုတ် နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံစာ
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း) (တစ်လအတွင်းရရှိသည့်)
- (စ) အိမ်ထောင်စုစာရင်းမိတ္တူမှန်
- (ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်နှင့် ဝန်ထမ်းကတ်မိတ္တူမှန်
- (ဇ) ဝန်ထမ်းမဟုတ်ပါက (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင် ကတ်ပြားမိတ္တူမှန်

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)၊ နေပြည်တော်သို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍လည်းကောင်း (၂၈-၂-၂၀၂၂)ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးရုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)သို့လိပ်မူ၍ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနသို့ မိတ္တူဖြင့် (၂၈-၂-၂၀၂၂)ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၈။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အမှတ်စဉ်(က)၊ (ခ)နှင့် (ဂ) ရာထူးများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်း၊ အမှတ်စဉ်(ဃ)ရာထူးအတွက် လူတွေ့နှင့်ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်း၊ ကျန်ရာထူးများအတွက် သတ်မှတ်ချက်နှင့်ပြည့်စုံသူများအား လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းကို လေ့လာဆန်းစစ် အကဲဖြတ်ရေး ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်၊ ကြော်ငြာသင်ပုန်းတွင်လည်းကောင်း၊ Website- www.most.gov.mmတွင်လည်းကောင်း ကြေညာမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို (၁-၃-၂၀၂၂)ရက်တွင် လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန၊ ရုံးအမှတ် (၂၁)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင် ကိုယ်တိုင်လာရောက် ထုတ်ယူရမည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို (၃-၃-၂၀၂၂)ရက် နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ မြန်မာစာကိုလည်းကောင်း၊ နံနက် ၁၁:၀၀ နာရီမှ ၁၃:၀၀ နာရီအထိ အင်္ဂလိပ်စာကိုလည်းကောင်း၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ အထွေထွေဗဟုသုတကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၁၁။ အမှတ်စဉ်(က) မှ (စ)အထိ ရာထူးအားလုံးအတွက် လူတွေ့နှင့်ကျွမ်းကျင်မှု စစ်ဆေးခြင်းကို (၄-၃-၂၀၂၂) ရက် နံနက် ၉:၃၀ နာရီတွင် လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များကို လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဌာနခွဲ(နေပြည်တော်) သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်- ၀၆၇ ၃၄၀၄၆၂၄သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန**

---

## ကွန်ဒို/တိုက်ခန်းများရောင်းမည်(စမ်းချောင်းမြို့နယ်)

၁။ မင်္ဂလာလမ်းအနီး၊ ပေ(၁၅x၆၀)၊ ပထမထပ်၊ ကျွန်းပါကေး၊ အိပ်ခန်း(2)၊ ကြွေပြား၊ သံပန်းဆန်းရိုက်၊ ဘိုထိုင်၊ မျက်နှာကြက်အလှဆင်ပြီး(တိုက်သန့်)။ **(900)သိန်း**

၂။ ဗဟိုလမ်းမအနီး၊ ပေ(၂၅x၅၀)၊ 6.F ၊ ကျွန်းပါကေး၊ MBR(1), BR(1) ၊ ဘိုထိုင်(2) လူနေခွင့်ကျပြီး၊ ဓာတ်လှေကားပါ၊ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းအသစ်။ **(1430)သိန်း**

(လူနေရန်၊ ငှားစားရန်) နေရာကောင်း။

**ဖုန်း-09-5185350, 09-5661127**

---

## ပြင်ဆင်ဖတ်ရှုပါရန်

(၁-၂-၂၀၂၂)ရက်နေ့ ဤသတင်းစာ၏ စာမျက်နှာ(၃၁)တွင်ပါရှိသော ကန့်ကွက်နိုင်ပါသည် ကြေညာချက်၌ ဖော်ပြထားသော အရောင်းအဝယ် ပြုလုပ်မည့်ပစ္စည်း၏လိပ်စာမှာ "အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၂၈" မဟုတ်ဘဲ လိပ်စာမှန်မှာ " အလုံမြို့နယ်၊ စောရန်ပိုင် (တောင်)ရပ်ကွက်၊ ပဒေသာလမ်း၊ အမှတ်(၂၈)"ဖြစ်ပါကြောင်း ပြင်ဆင်ဖတ်ရှု ပါရန်။

**ဦးလှဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၆၈)**
**ဖုန်း- ၀၉-၄၃၀၉၅၃၆၉**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ ၁၅-လမ်း(လယ်)၊ အမှတ်-၃၈၆၊ ၅-လွှာ (ခြေရင်းခန်း)ဟု လိပ်စာတွင်သည့် တိုက်ခန်းနှင့်ပတ်သက်၍ လက်ဝယ်ထား အကျိုးခံစားလျက်ရှိကြောင်း မြွက်ဟကြေညာသူ ဦးဇော်ထွန်း [၁၀/မလမ(နိုင်)၂၃၉၈၂၇] [၎င်းကိုယ်စားလက်မှတ်ရေးထိုးသူ ဦးအောင်စိုးဌေး-၁၀/မလမ(နိုင်)၁၆၀၇၃၅]ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက တိုက်ခန်း၏ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်သည့်ကာလအတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်အား ပြီးဆုံးသည့်တိုင် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိန်းဇံ LL.B**
**အထက်တန်းရှေ့နေ(စဉ်-၅၈၈၃၄/၂၆-၅-၂၀၁၇)**
**အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၀၁၂၂၇၅၂**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဂဂ)၊ မြေကွက်အမှတ် (၁၂၄၉)၊ ဧရိယာ (၀.၀၅၅)ဧက (၄၀ပေ x ၆၀ပေ)၊ မြေကွက်ကို ဦးအောင်မြင့်သန်း(၁၂/ဗတထ (နိုင်) ၀၂၄၀၀၃)ထံမှ ဦးဇေယျာဆန်းမြင့် (၁၂/မဂတ (နိုင်) ၁၁၁၁၉၃)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ (သို့မဟုတ်) အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများ နှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (ဂ)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသိန်းထိုက် ( LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၇)
အမှတ် - ၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ -၄၂၁၀၂၈၁၆၁

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ တောင်ငူလမ်း၊ မြေတိုင်း (သကမ-၁၄) မြေကွက်အမှတ်(၅၀၅/က)၊ ဦးမြင့်စိုးအမည်ဖြင့် နှစ်(၆၀) မြေငှားဂရန်၊ မြေအကျယ်(၂၀x၆၀)ပေ၊ အကျယ်အဝန်းနှင့် မြေကွက်အမှတ်(၅၀၅/ခ)၊ ဒေါ်အေးအေးသန်း အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန်၊ မြေအကျယ် (၂၀x၆၀)ပေတို့အား ၎င်းတို့(၂)ဦးထံမှ တရားဝင် အထူးကိုယ်စားလှယ်လွှဲစာရရှိထားပြီး အရောင်းအဝယ်ကတိစာချုပ်အရ မြေအား လက်ရှိထားပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်မြသီတာ [၁၄/မမန(နိုင်)၀၂၉၅၀၂] ထံမှ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဦးသန်းဇော်ဦး [၁၂/အစန(နိုင်) ၁၉၃၁၇၅] ကိုင်ဆောင်သူမှ မြေအရောင်းအဝယ်အတွက် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ဥပဒေအရ ကန့်ကွက်ရန် အခွင့်အရေးရှိ၍ ကန့်ကွက် လိုပါက ဤကြေညာပါပြီး (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဦးသန်းဇော်ဦး** | **ဒေါ်မြင့်နီလာနွယ်(LL.B)** |
| **[၁၂/အစန(နိုင်)၁၉၃၁၇၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၇၀)** |
| **ဖုန်း-၀၉-၄၄၈၀၃၅၄၂၄** | **ဒေါ်အေးမျိုးငြိမ်း(LL.B) (စဉ်-၄၉၂၇၉)**  **ဒေါ်အိမွန်မွန်ကျော်(LL.B) (စဉ်-၅၂၈၂၄)** |

**(အထက်တန်းရှေ့နေများ)**
**အမှတ်(၅၈၇/ခ)၊ ကျန်စစ်သားလမ်းမကြီး၊ (၁၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၈၀၅၃၅၁၆၊ ၀၉-၇၈၂၅၆၉၀၂၂**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၅၇/၂၀၁၂ အမှုတွင် (၃-၈-၂၀၁၂)ရက်က ချမှတ်သည့် အမိန့်ဒီကရီချက်အရ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃ အီး[၂]၊ မြေကွက်အမှတ်- ပထမတန်းစား(၇)၊ (ပေ ၁၀၀x ပေ ၁၁၅) မြောက်လားသော်၊ ယခင်အပေါ် ဖရေဇာ လမ်း၊ တောင်လားသော်၊ ဒုတိယတန်း စား၊ မြေအမျိုးအစား၊ ဦးပိုင်အမှတ်-၆နှင့် စတုတ္ထတန်းမြေအမျိုးအစား ဦးပိုင်အမှတ်(၅)နှင့် အရှေ့လားသော်-၃၃လမ်း၊ အနောက်လားသော်-ဆူးလေဘုရားလမ်းရှိ မြေကွက်ကြီးနှင့် မြေကွက်ပေါ်တွင် အမှတ်(၁၈၁/၁၉၁)၊ အမှတ်(၁၂၉)၊ အမှတ်(၁၄၈/၁၅၄) လူနေဆိုင်ခန်း၊ တစ်ထပ် အဆောက်အဦများသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမြင့်မှ အမွေဆက်ခံ ပိုင်ဆိုင်သူဖြစ်ကြောင်း မြွက်ဟကြေညာပေးသည့်ဒီကရီအမိန့်ချမှတ်ထားပြီးဖြစ် ပါသည်။ အထက်ဖော်ပြပါ ဆိုင်ခန်းလက်ရှိ နေထိုင်သူများသည် ဤကြော်ငြာ ပါသည့်နေ့မှစ၍ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပြင်ဆင်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများပြုလုပ်လိုပါက မြေရှင်/ အိမ်ရှင်ဖြစ်သူ ဒေါ်အေးအေးမြင့်ထံ တရားဝင် အသိပေး၍ ဆိုင်ခန်းပိုင်ရှင်အမည် လွှဲပြောင်း ခြင်း၊ အခြားကိစ္စအဝဝအား ပြုလုပ်နိုင်ပါရန်အတွက် အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ဌေး [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၉၄)**
**အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၈၉၃၃၀၀၄၃၈၊ ၀၉- ၉၆၂၉၉၄၅၀၁**

---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သုံးစွဲရန်လိုအပ်မည့် လုံခြုံရေး စနစ်ပါသော ဘီးခွန်ကတ်ပြား(၁၅၀၀၀၀)ခုအား အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသည်-

၂။ တင်ဒါလျှောက်လွှာများကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အခွန်ဌာန၌ အောက်ပါအတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

- (က) လျှောက်လွှာစတင် ရောင်းချမည့်ရက် - ၁-၂-၂၀၂၂
- (ခ) လျှောက်လွှာနောက်ဆုံး အပ်နှံရမည့်ရက် - ၂၈-၂-၂၀၂၂

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၉-၄၀၂၅၂၂၀၈၅၊ ၀၉- ၄၄၄၀၄၅၅၁၂နှင့် ၀၂-၄၀၃၆၁၇၁ (လိုင်းခွဲ-၁၅၃)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## သံလွင်အိမ်ခြံမြေအကျိုးဆောင်

ရန်ကင်း၊ ဗဟန်း၊ မရမ်းကုန်း၊ လှိုင်၊ တ/ဥ၊ စမ်းချောင်း၊ ကမာရွတ်မြို့နယ်များအတွင်း လုံးချင်းအိမ်၊ မြေကွက်၊ Condo ဝယ်/ရောင်း/ငှားလိုအပ်ပါက ဆက်သွယ်မေးမြန်းစုံစမ်း အပ်နှံနိုင်ပါသည်။

ကိုနေလင်း - 09 777444457

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဦးဇော်မျိုးအောင်- ဒေါ်ထားထားသွယ်တို့၏သား မောင်အာကာဦး [၉/ဇယသ(နိုင်)၀၀၇၁၂၅]သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုမူပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးဇော်မျိုးအောင် - ဒေါ်ထားထားသွယ်**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ တပင်ရွှေထီး လမ်း၊ အမှတ်(၆၇၆)၊ အကျယ် (၄၀'x၆၀')ရှိ အမည်ပေါက် ဦးအေးလွင် [၁၂/ရကန (နိုင်)၀၃၉၇၅၀]၏ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အုတ်ညှပ်နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအေးလွင် [၁၂/ရကန(နိုင်)၀၃၉၇၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီအေး [၁၂/သဃက(နိုင်) ၁၅၃၅၃၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာ ပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် လာရောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၈၂)၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်**
**ဖုန်း-၀၉- ၄၂၀၀၉၄၆၁၊ ၀၉- ၇၉၈၄၀၆၃၇၇**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁)ရပ်ကွက်၊ အေးသုခလမ်း၊ အမှတ် (၅၄)ဟု ခေါ်တွင် သော အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒုတက-ကျော်ခိုင်လွင် [၁၂/မဘန(နိုင်)၀၁၀၇၄၀] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထား၍ ပိုင်ဆိုင်ကြောင်း ဝန်ခံသူများဖြစ်သော ဦးဇော်ဝင်း [၁၂/ဒပန(နိုင်)၀၁၆၄၅၅]နှင့် ဒေါ်မြတ်မွန်(ခ)ဒေါ်မြမွန် [၁၂/ဥကမ(နိုင်)၀၉၅၉၈၅] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအေး (LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

---

## ဒေါ်ထိုက်ထိုက်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄) ရပ်ကွက်၊ မင်းလှရဲခေါင်လမ်း၊ အမှတ်-၆၃၃ တွင် နေထိုင်သူ ဦးမျိုးဦး [၁၄/ကပန(နိုင်)၂၃၉၉၉၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ဦးမျိုးဦးမှ ၎င်းပိုင်ဆိုင်ဝယ်ယူထားသော အမှတ်-၂၆၊ တောင်သူလမ်း၊ ၂၀-ရပ်ကွက် လိပ်စာရှိ နေအိမ်အတွင်းရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂပစ္စည်းများ၊ စက်ပစ္စည်းများကို ဒေါ်ထိုက်ထိုက် [၁၂/ဥကမ (နိုင်)၁၅၅၀၉၈]မှ ယနေ့ကြေညာပါသည့် (၇)ရက်အတွင်း အပြီးအပိုင် ဖယ်ရှား ရှင်းလင်းစေလိုပါသည်။ သို့ဖြစ်ပါ၍ သတ်မှတ်ရက်အတွင်း ဖယ်ရှားရှင်းလင်းမှု တစ်စုံတစ်ရာမရှိပါက ယင်းပစ္စည်းများ ပျောက်ဆုံး/ပျက်စီးသည့် ကိစ္စ အဝဝသည် ဒေါ်ထိုက်ထိုက်၏ တာဝန်သာဖြစ်ပြီး၊ ညွှန်ကြားလွှဲအပ်သူ၌ တာဝန်တစ်စုံတစ်ရာ မရှိကြောင်း ဒေါ်ထိုက်ထိုက်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဦးမျိုးဦး** | **ဦးကျော်မျိုး (LL.B)** |
| **[၁၄/ကပန(နိုင်)၂၃၉၉၉၅]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၈၂/၃၁-၈-၁၇)** |

**အမှတ်(၁၀၇)၊ ခေမာ၊ (၄)လမ်း၊ (ဌ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၇၉၁၄၉၈၉၀၀**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-စံပြ၊မြေကွက်အမှတ်-၁၅၅၊မြေကွက်တည်နေရာအမှတ်(၁၅၅)၊စံပြ(၄)လမ်း၊စံပြရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ ဦးလှဝင်း(၁၂/သဃက(နိုင်)၀၅၄၈၂၅)၊ ဦးစိုးထွန်း(၁၂/သဃက(နိုင်)၀၅၅၀၁၂) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဦးလှဝင်း၊ဦးစိုးထွန်းတို့မှဂရန်ပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာအမှတ်-၁/၁၅၃၀/၂၁(၁၄-၁-၂၁)၊ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၇၁)၊ မြေကွက်တည်နေရာအမှတ်-၇၁၊ သီဟလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးငွေသန်း (ISN-၁၆၈၂၃၉) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား ဂရန်အမည်ပေါက် ဦးငွေသန်း(ဖခင်)နှင့် (မိခင်) ဒေါ်ခင်ဖြူတို့ ကွယ်လွန်သဖြင့် ကွယ်လွန်သူ မိဘများတွင် ဒေါ်သိဂီသန်းနှင့် ဒေါ်ဇင်မေသန်း ညီအစ်မ(၂)ဦး မွေးဖွားခဲ့ပြီး ညီမဖြစ်သူ ဒေါ်ဇင် မေသန်းသည် အိမ်ထောင်မရှိ အပျိုကြီး ဘဝဖြင့် ကွယ်လွန်သဖြင့် ဒေါ်သိဂီ သန်း[၁၂/ဒဂမ(နိုင်)၀၃၇၆၂၄]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အခြားသော ကိတ္တိမမွေးစားသားသမီးများ မွေးစားထားခဲ့ခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေ၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀/မြို့မ မြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ ဦးခင်အောင် [SRM-၀၂၅၃၇၃] အဖ အမည် ဦးရိုးဒယား အမည်ပေါက် ပါမစ် မြေကွက်အမှတ်၊ ပ-၃၃၄၁၇၊ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင် အမွေခံဇနီးဖြစ်သူ ဒေါ်လှချစ် [၁၂/ လသယ(ပြု) ၀၀၀၄၉၂]၊ အဖအမည် ဦးချစ်တီးမှ တရားဝင် အမွေခံဇနီးဖြစ် ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန် မိတ္တူ ဦးခင်အောင် သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများတင်ပြပြီး ၎င်း၏ အမည်ဖြင့် မြေငှားစာချုပ်ချထားပေး ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှား စာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

## သွေးသည် အသက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည့်အင်အားကို တည်ဆောက်ကြမည်

၁။ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေးတိုးတက်မြင့်တင်ပါမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များစွာရှိပါတယ်။ ပြည်တွင်းထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူပြည်သားများရဲ့ လူမှုစီးပွားတိုးတက်မှု အားနည်းခဲ့ခြင်းသာဖြစ်ပါတယ်။

၂။ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ် အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအားမကောင်းစရာမရှိပါဘူး။

၃။ တိုင်းရင်းသားပြည်သူအားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအား လုပ်ဆောင်ရန်ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဥမကွဲ သိုက်မပျက် အေးအတူ ပူအမျှ ညီညွတ်တဲ့ အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက်သွားပါမယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# တပ်မတော်၏ ကောင်းမွန်သောဂုဏ်သိက္ခာနှင့် အစဉ်အလာကောင်းများကို ထိန်းသိမ်း၍ စွမ်းရည်များထက်မြက်နေရန် ဆောင်ရွက်

## တပ်မတော်သည် တိုင်းရင်းသားအားလုံး ပါဝင်ဖွဲ့စည်းထားသော ခိုင်မာတောင့်တင်းသည့်အဖွဲ့အစည်းဖြစ်၍ စည်းလုံးညီညွတ်မှုဖြင့် ဆက်လက်ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဖားဆောင်း၊ ဘောလခဲ၊ ဖရူဆိုတပ်နယ်များမှ အရာရှိ၊ စစ်သည် မိသားစုများအား တပ်နယ်ခန်းမ၌ သီးခြားစီ သွားရောက်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပြီးနောက် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်၍ မဲမသမာမှု ၁၀ ဒသမ ၄ သန်းကျော် ဖြစ်ပေါ်နေမှုကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုလွှတ်တော်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတို့သို့

စာမျက်နှာ ၅ ကော်လံ ၁ သို့ ◆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘောလခဲတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်အတွင်း အူဘာမီယန်၊ ဒီလီအလီ၊ အာရွှန်ရမ်ဆေးနဲ့ ဗန်ဒီးဘိခ်တို့ အပြောင်းအရွှေ့ အသီးသီးပြုလုပ်ခဲ့

ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ကစားသမားအများစု အပြောင်းအရွှေ့များဖြစ်ပေါ်ခဲ့ပြီး အဲဒီကစားသမားတွေထဲမှာ အာဆင်နယ် တိုက်စစ်မှူး အူဘာမီယန်၊ စပါးကွင်းလယ်ကစားသမား ဒီလီအလီ၊ ဂျူဗင်တပ်ကွင်းလယ်ကစားသမား အာရွှန်ရမ်ဆေးနဲ့ မန်ယူအသင်းကွင်းလယ်ကစားသမား ဗန်ဒီးဘိခ်တို့ဟာလည်း အသင်းပြောင်းရွှေ့မှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းမှ အသက် ၃၂ နှစ်အရွယ်ရှိ ဂါဘွန်တိုက်စစ်မှူး အူဘာမီယန်ဟာ ဘာစီလိုနာအသင်းဆီ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး တိုက်စစ်မှူး အူဘာမီယန်ဟာ ၂၀၁၈ ခုနှစ်အတွင်းက ဒေါ့မွန်အသင်းကနေ ပြောင်းရွှေ့ကြေး ပေါင် ၅၆ သန်းနဲ့ အာဆင်နယ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❐

**ယနေ့ ဖတ်စရာ**

ဆားတောင်မြို့ရှိ မြို့စည်ပင်ရုံးနှင့် မြင်းမူမြို့အဝင်ရှိ တိုးဂိတ်အား PDF အမည်ခံ အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီး

စာမျက်နှာ » ၁၅

SARS–CoV–2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၆